

International Labour Organization

MYANMAR

စိုက်ပျိုးရေးကဏ္ဍခွဲတွင် လုပ်ကိုင်နေသည့် ကလေးသူငယ်အလုပ်သမား စစ်တမ်း

မြန်မာနိုင်ငံရှိ ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ကြံစိုက်ပျိုးထုတ်လုပ် ခြင်းလုပ်ငန်းများနှင့် ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများ

စိုက်ပျိုးရေးကဏ္ဍခွဲတွင် လုပ်ကိုင်နေသည့် ကလေးသူငယ်အလုပ်သမား စစ်တမ်း

မြန်မာနိုင်ငံရှိ ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ကြံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ဝဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများ

International Labour Organization 2015

Programme on the Elimination of Child Labour (My-PEC)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၆

ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၆

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရှိဘဲ ကောက်နှုတ်ဖော်ပြမှု များအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။

ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူများ ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

စိုက်ပျိုးရေးကဏ္ဍခွဲတွင် လုပ်ကိုင်နေသောကလေးအလုပ်သမား စစ်တမ်း - မြန်မာနိုင်ငံတွင် ကလေးများအလုပ်လုပ်နေသော စိုက်ပျိုးရေးနှင့် ကုန်းတွင်းပိုင်းငါးမွေးမြူရေး၊ ကြံစိုက်ပျိုးရေးနှင့် ပဲအမျိုးအမျိုး/ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး၊ လုပ်ငန်းခွင်တွင်းရှိ အခြေခံမူဝါဒများနှင့် အခွင့်အရေးများ (အခြေခံမူဝါဒများ) - ရန်ကုန်- ILO – 2016

ISBN: 978-92-2-831267-6 (Print), 978-92-2-831268-3 (Web PDF)

International Labor Office; ILO Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းရနိုင်သည်၊ Agricultural Sub-Sector Child Labour Surveys – Children working in the cultivation and processing of inland fishing stocks, sugarcane, and beans and pulses in Myanmar, ISBN 978-92-2-128604-2 (Print), 978-92-2-128611-0 (Web PDF), Yangon, 2016

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

ကျေးဇူးတင်လွှာ

ဤထုတ်ဝေမှုကို Brooke Zobrist (အတိုင်ပင်ခံပုဂ္ဂိုလ်) မှ အခြေခံမူဝါဒများနှင့် ILO ရန်ကုန်ရုံးမှ Selim Benaissa နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ILO ရန်ကုန်ရုံးမှ Jodelen Mitra၊ နှင်းဂတ်ရည်၊ အိဟောမာနှင့် ဒေါ်ဝင်းမြင့်၊ အာရှပိစိဖိ ဒေသဆိုင်ရာ ILO ရုံးမှ Simrin Singh နှင့် ILO ရုံးချုပ်မှ Bijoy Raychaudhuri တို့မှကူညီထောက်ပံ့ပေးခဲ့သည်။ ဤထုတ်ဝေမှုအား အိုင်အယ်လ်အို၏ မြန်မာနိုင်ငံကလေးအလုပ်သမား ပရောဂျက်ရေးအစီအစဉ် (My-PEC)၏ မူဘောင် အောက်တွင် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ILO မှဤထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှထောက်ပံ့ပါသည်။ (Project MMR/13/10/USA)

ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစည်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ်တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။

သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။

စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိ နိုင်ပါသည်။ အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/childlabour သို့ဝင်ရောက်ကြည့်ရှုပါ

အဖုံးဓာတ်ပုံမူပိုင် © ILO/ ရန်ကုန်

အိုင်အယ်လ်အို၏ ပြည်ပြည်ဆိုင်ရာသင်တန်းစင်တာ၊ တူရင်း-အီတာလီမှ ဒီဇိုင်းထိုင်သည်။

မာတိကာ

အတိုကောက်အခေါ်အဝေါ်များ vi

အနှစ်ချုပ်ဖော်ပြချက် vii

မိတ်ဆက် 1

- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်နေထိုင်မှုများ 4
- မြန်မာနိုင်ငံရှိ ကလေးသူငယ် အခွင့်အရေး 6
- မြန်မာနိုင်ငံ၏ ပညာရေးစနစ် 8

ကလေးအလုပ်သမား – ဥပဒေမူဘောင် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ 11

- ကလေးများနှင့်အလုပ် 11

လေ့လာမှုအတွက်နည်းစနစ်များ
ကလေးအလုပ်သမားများ၏ သဘောသဘာဝ၊ သက်ရောက်မှုများနှင့် အကျိုးဆက်များ 17

- ကျွမ်းကျင်ပညာရှင်များ၊ တာဂန်ရှိသူများနှင့်တွေ့ဆုံခြင်း 18
- အချက်အလက်များ စုဆောင်းမှု - ရောထွေးအသုံး ပြုသည့်နည်းလမ်းများ 19
  - အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူမှု 19
  - တန်ဖိုးကွင်းဆက် စိစစ်ချက်များ 20
  - ကွင်းဆင်းကြီးကြပ်မှုနှင့် သုတေသနပြုအဖွဲ့များ 20
- ရှာဖွေတွေ့ရှိချက်များအား ခိုင်မာမှုရှိအောင်လုပ်ဆောင်ခြင်း 20
- ကလေးများအား ကာကွယ်ပေးခြင်း 20
- စစ်တမ်းကောက်ယူမှု၏ အားနည်းချက်များ 21

လေ့လာတွေ့ရှိချက်များ - ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ 23

အချက်အလက်ကောက်ယူခြင်း - တန်ဖိုးကွင်းဆက် မေးမြန်းမှုများနှင့် အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူခြင်း 24

တန်ဖိုးကွင်းဆက်တွင်ပါဝင်နေသည့် ကလေးများ 25

ငါးဖမ်းလုပ်ကိုင်သည့် ကျေးရွာများရှိ အိမ်ထောင်စု စာရင်းများ 27

ရွှေ့ပြောင်းနေထိုင်ခြင်း 27

စီးပွားရေးအခြေအနေ - အကြွေး 27

ငါးလုပ်ငန်းများလုပ်ကိုင်သည့် ကျေးရွာများတွင်လုပ်ကိုင်နေသည့် ကလေးများ 28

ကလေးများ ကျောင်းတက်ရောက်ရန် အဟန့်အတားများ 29

ကုန်းတွင်းငါးလုပ်ငန်းများရှိ ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ 36

အန္တရာယ်လျော့ချနိုင်မှု 40

အလုပ်ချိန်များနှင့် အလုပ်အစီအစဉ်များ 40

လေ့လာတွေ့ရှိချက်များ - ကြံစိုက်ပျိုးရေးလုပ်ငန်းများ 43

အချက်အလက်ကောက်ယူခြင်း - အိမ်ထောင်စုနှင့်ကလေးအားစစ်တမ်းကောက်ယူခြင်း 44

ကြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့်ဒေသရှိ အိမ်ထောင်စုများ 45

ပြောင်းရွှေ့နေထိုင်ခြင်း 45

စီးပွားရေးအခြေအနေ - အကြွေးနှင့် မြေပိုင်ဆိုင်မှု 45

ကြံစိုက်ပျိုးသည့်ရွာများရှိ ကလေးများ 46

ကျောင်းတက်ရောက်မှုအပေါ် အဟန့်အတားများ 47

ကြံစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ကလေးများလုပ်ဆောင်ရသည့် စိုက်ပျိုးရေးနှင့် လုပ်ဆောင်မှုများ 49

ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ 52

အန္တရာယ် လျော့ပါးသက်သာစေခြင်း 55

လေ့လာတွေ့ရှိချက်များ - ပဲအမျိုးမျိုးစိုက်ပျိုးမှုတွင် လေ့လာတွေ့ရှိချက်များ 59

အချက်အလက်များကောက်ယူခြင်း - အိမ်ထောင်စုနှင့် ကလေးများ လေ့လာမှုစစ်တမ်း 60

ပဲအမျိုးမျိုးစိုက်ပျိုးသည့်ကျေးရွာများရှိ အိမ်ထောင်စုများ 61

ရွှေ့ပြောင်းလုပ်ကိုင်ခြင်း 61

စီးပွားရေးအခြေအနေ - အကြွေးနှင့် မြေပိုင်ဆိုင်မှု 62

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများမှာလုပ်ကိုင်နေသည့်ကလေးများ 63

ကလေးများ ကျောင်းတက်ရောက်ရန် အဟန့်အတားများ 63

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ 68
အန္တရာယ်လျှော့ချနိုင်မှု 71

အလုပ်ချိန်များနှင့် အလုပ်အစီအစဉ်များ 71

အဓိကလေ့လာတွေ့ရှိချက်များ - ကဏ္ဍခွဲ ၃ ခု နှင့်နိဂုံးယှဉ်ချက်များ 73

ပျံ့နှံ့မှု 75

ကျောင်းတက်ခြင်းနှင့် စီးပွားရေးအလုပ်အကိုင်ကြား ဆက်နွယ်မှု 76
ကဏ္ဍခွဲ ၃ ခု ရှိ အတန်းပညာပြီးမြောက်အောင်မြင်မှု 76
လုပ်ငန်း စီစဉ်ထားရှိမှုများ 80
စုစုပေါင်းအမြတ်ထုတ်ခြင်း 80

အကြံပြုထောက်ခံချက်များ 82

နောက်ဆက်တွဲ 85

နောက်ဆက်တွဲ က: ဇယားများနှင့် အချက်အလက်များစာရင်း 85

နောက်ဆက်တွဲ ခ : ILO အကြံပြုထောက်ခံချက်အမှတ် ၁၉၀ 87

တွဲဖက် ခ : အခြားသက်ဆိုင်သည့်ဖွင့်ဆိုချက်များ
(အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများအပေါ် အခြေခံသည်) 87

နောက်ဆက်တွဲ ဃ- စိစစ်လေ့လာမှုမေးခွန်းများ 88

နောက်ဆက်တွဲ င- အိမ်ထောင်စုအလိုက်မေးမြန်းသည့် မေးခွန်းများ 89

နောက်ဆက်တွဲ စ- ကလေးအား မေးမြန်းသည့် မေးခွန်းများ 90

အတိုကောက်အခေါ်အပေါ်များ

COR	Committee on the Rights of the Child ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ
CRC	Convention on the Rights of the Child ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်
FAO	Food and Agricultural Organization ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့
FDI	Foreign Direct Investment ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု
GDP	Gross Domestic Product တိုင်းပြည်တစ်ပြည်၏ ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး
GORUM	Government of the Republic of the Union of Myanmar ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ILO	International Labour Organization အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့
MIMU	Myanmar Information Management Unit မြန်မာနိုင်ငံအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့
MMK	Myanmar Kyat, local currency မြန်မာကျပ်ငွေ
MyPEC	Myanmar Program on the Elimination of Child Labor မြန်မာနိုင်ငံကလေးအလုပ်သမား ပယ်ဖျောက်ရေးအစီအစဉ်
UN	United Nations ကုလသမဂ္ဂ
USD	United States Dollar အမေရိကန်ဒေါ်လာ

အနှစ်ချုပ်ဖော်ပြချက်

ယခုပြုလုပ်ထားသည့် သုတေသနလေ့လာမှုသည် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားများ၏ အကြောင်းတရားများနှင့် အကျိုးဆက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရန် ရည်ရွယ်သည်။ စိုက်ပျိုးရေးတွင်လုပ်ကိုင်သော ကလေးလုပ်သားများအား အနည်းငယ်စနစ်တကျသော စုံစမ်းစစ်ဆေးမှုများပြုလုပ်သောအခါ ရရှိသောသက်သေအထောက်အထားများအနေဖြင့် မူဝါဒပိုင်းနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာမဟာဗျူဟာများကို အထောက်အကူပြုမည်ဖြစ်သည်။

ဤသုတေသနအစီရင်ခံစာတွင် -

- အထူးသဖြင့် ကဏ္ဍခွဲသုံးခု - ငါးလုပ်ငန်းများ၊ ပဲအမျိုးမျိုးစိုက်ပျိုးရေး လုပ်ငန်းများနှင့် ကြံစိုက်ပျိုးရေး လုပ်ငန်းများအား မှတ်တမ်းများကောက်ယူစုဆောင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားများနှင့်သက်ဆိုင်သည့် အရေအတွက်နှင့် အရည်အသွေး အခြေပြုအချက်အလက်အသစ်အားများအား ခွဲခြမ်စိတ်ဖြာခြင်းနှင့် ကောက်နှုတ်စုစည်းခြင်း၊
- ကဏ္ဍခွဲသုံးခုတွင်ရှိသည့် ကလေးလုပ်သားများမှ လုပ်ဆောင်ရသောလုပ်ငန်းပုံစံများနှင့် အဓိကကျသော လုပ်ငန်း စီစဉ်ဆောင်ရွက်မှုများ မှတ်တမ်းမှတ်ရာများ၊
- စိုက်ပျိုးရေးကဏ္ဍခွဲ ၃ ခု တွင်ရှိသော ကလေးလုပ်သားများ၏ ပုံစံအမျိုးမျိုးကို အတန်းအစားခွဲခြင်း နှင့် သတ်မှတ်ခြင်း၊ အဓိကကျသော "ဘေးအန္တရာယ်" ပုံစံများကို သတ်မှတ်ဖော်ထုတ်ခြင်း၊
- ကလေးတစ်ဦးက ကလေးလုပ်သားဖြစ်နိုင်ဖွယ် အလားအလာရှိခြင်းနှင့် လူမှုဘဝဖြစ်စဉ်များနှင့် ပတ်သက်နေသည့် အကြောင်းအမျိုးမျိုးအား သုတေသနပြုလေ့လာခြင်း၊ အထူးသဖြင့် အိမ်ထောင်စုအကြွေးများနှင့် ကျောင်းတက်ရောက်နိုင်ရန် အခွင့်အလမ်းများ (သို့) ကျောင်းထွက်ကာ အလုပ်ထွက်လုပ်သည့် အလေ့အထရှိခြင်း၊
- စိုက်ပျိုးရေးတွင်လုပ်ကိုင်နေသည့် ကလေးအလုပ်သမားများ၏ အန္တရာယ်ရှိသော သက်ရောက်မှုများလျော့ချရာတွင် အစီအစဉ်များနှင့် ဥပဒေလမ်းကြောင်းအရ လုပ်ဆောင်မှုများအား ရည်ရွယ်ဆောင်ရွက်ရန် အကြံပြုခြင်း၊

နည်းစနစ်

ဤလေ့လာချက်တွင် အသုံးပြုထားသော နည်းပညာသည် အရည်အသွေးရှိသည့် မြန်ဆန်သော စစ်တန်းကောက်ယူမှုကို ဖောပြထားပြီး သီးခြားကဏ္ဍများ/ဒေသများ (မြို့နယ်များအပါအဝင်) တွင် ကလေးများ လုပ်ကိုင်နေသောအလုပ်၌ မြင်သာမှုရှိရန်အတွက် ရည်ရွယ်ပါသည်။ ဤလေ့လာချက်ရှိ ခန့်မှန်းချက်များကို ကဏ္ဍခွဲများ/ဒေသများ (မြို့နယ်များအပါအဝင်)၏ ကိုယ်စားပြုနာမူနာ ဖြစ်နိုင်ချေတစ်ခု အဖြစ် မမှတ်ယူသင့်ပါ။

သက်ဆိုင်ရာကဏ္ဍခွဲများအလိုက် အောက်ဖော်ပြပါမြို့နယ်ဒေသများအား သုတေသနပြုလုပ်သူများမှ ရွေးချယ်ကာ တစ်ဦးချင်းစီပေါ်အခြေခံ၍ မေးမြန်းဖြေကြားမှုပြုလုပ်ခဲ့သည်။

၁။ ငါးမွေးမြူထုတ်လုပ်သည့်လုပ်ငန်းများ – လပွတ္တာမြို့နယ်နှင့် ဇရာဂတိုင်းဒေသကြီး

၂။ ကြံစိုက်ပျိုးရေးလုပ်ငန်းများ – အောင်လံမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး

၃။ ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများ- ပခုက္ကူမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး

သုတေသနပြုသူများက အိမ်ထောင်စုရှိ လူကြီးများနှင့် ကလေးဖြေဆိုသူများ၏ ကိုယ်စားပြုနမူနာအတွက် အိမ်ထောင်စုအဆင့် စစ်တမ်းများအပြင် ငါးလုပ်ငန်းဧရိယာကွက်ကွင်းဆက်တစ်လျှောက်ရှိ အရည်အသွေးပြည့်သော အချက်အလက်များကို ကောက်ယူခဲ့သည်။ အရေအတွက်အခြေပြုစစ်တမ်းတွင် အိမ်ထောင်စု ၄၂၃ စုမှအသက် ၁၈ နှစ်အောက် ကလေးစုစုပေါင်းအရေအတွက် ၆၆၇ ဦးပါဝင်သည်။

လေ့လာတွေ့ရှိချက်များ

မြန်မာနိုင်ငံတစ်ဝှမ်းတွင် စိုက်ပျိုးရေးကဏ္ဍ၌ အလုပ်လုပ်နေသော ကလေးလုပ်သား တိုးပွားလာသည့်အမြင် အပါအဝင် လေ့လာတွေ့ရှိချက်များအား သက်ဆိုင်ရာကဏ္ဍများအလိုက် ခွဲခြားတင်ပြပြီး၊ အခြားကဏ္ဍများမှ လေ့လာတွေ့ရှိချက်များဖြင့် ထောက်ပြ၍ နှိုင်းယှဉ်စိစစ်မှုများ ဖော်ပြထားသည်။

ငါးလုပ်ငန်းကဏ္ဍခွဲမှ လေ့လာတွေ့ရှိချက်များ -

သုတေသနပြုလုပ်ရန် ငါးလုပ်ငန်းတွင် အဓိက မိုရိုလုပ်ကိုင်နေသည့် ကျေးရွာများရှိ လူကြီးများနှင့် ကလေးများအပြင် ငှင်းလုပ်ငန်းနှင့် တန်ဖိုးမြင့်ကွင်းဆက်တွင် ပါဝင်ဆက်နွယ်နေသူများကိုပါ တွေ့ဆုံမေးမြန်းခဲ့သည်။ တန်ဖိုးမြင့်ကွင်းဆက်များအား လေ့လာတွေ့ရှိချက်များအရ ကလေးလုပ်သားများသည် ရွာများ၌ ငါးဖမ်းခြင်းနှင့် စုဆောင်းခြင်းများပြုလုပ်ရုံသာမက မြို့ပေါ် ရှိ ငါးပွဲစားများနှင့် ကုန်စည်ဒိုင်များအပြင် ပြည်တွင်း၊ ပြည်ပ လက်ကားရောင်းချမှုများအထိ လုပ်ကိုင်နေကြသည့်မြို့ကြီးများရှိ ဈေးများတွင်လည်း လုပ်ကိုင်နေသည်ကို သက်သေပြသနိုင်ခဲ့သည်။ မြို့များနှင့် ကုန်သွယ်မှုစင်တာများရှိ ဂဏန်းနှင့် ပုဇွန်ပွဲစား အလုပ်ရုံများတွင် ကလေးအလုပ်သမားများသည် များသောအားဖြင့် လုပ်ကိုင်နေထိုင်နေရပြီး၊ အလုပ်ရုံအတွင်း အချိန်ကြာမြင့်စွာဖြင့် ပုဒ်ပြတ်အဖြစ်လုပ်ကိုင်နေရသည်။ ထို့အပြင် လုပ်ငန်း၏သဘောသဘာဝအခြေအနေများအရ ကလေးအလုပ်သမားများသည် အခြားသောသူများမှ စုပေါင်းအမြတ်ထုတ်ခံရမည့် အန္တရာယ်အနေအထားမျိုးတွင်ရှိနေသည်။

ငါးလုပ်ငန်းလုပ်ကိုင်သော ကျေးရွာများတွင်နေထိုင်သည့် ကလေးအရေအတွက်၏ ၆၃ ရာခိုင်နှုန်းသည် ငှင်းအလုပ်အကိုင်များအပြင် ငါးလုပ်ငန်းနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများမှ အဓိကဝင်ငွေရရှိသည်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်တွင် လေ့လာတွေ့ရှိချက်များ အရ ကလေးများသည် အသက် ၅ နှစ်အရွယ်မှ စ၍ ဆယ်ကျော်သက်အရွယ်နှင့် လူကြီးအရွယ်အထိ အလုပ်လုပ်ကိုင်သည်။ ကလေးကာယ အလုပ်သမားများသည် အမျိုးမျိုးသော လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နေရကာ ငှင်းတို့သည် ရေနစ်ခြင်း၊ ရောဂါပိုးမွှားကူးစက်သည့် ခြင်များ ကိုက်ခြင်းအစရှိသည့် တိုက်ရိုက်အန္တရာယ်ရှိသည့် အခြေအနေမျိုးများဖြင့် ကြုံတွေ့နေရသည်။ ယောက်ျားလေးများနှင့် မိန်းကလေးများ လုပ်ကိုင်ရသည့် လုပ်အားမှာလည်း အထူး ခွဲခြားထားခြင်းမရှိပေ။ စစ်တမ်းကောက်ယူထားသည့် နေရာများတွင်နေထိုင်သည့် ကလေးများ၏ ၁၆ ရာခိုင်နှုန်းသည် စစ်တမ်းကောက်ယူသည့် အချိန်ကာလအထိ ကျောင်းတက်ရောက်ခြင်း မရှိခဲ့ပေ။ အချို့ကလေးများသည် ကျောင်းစောစောထွက်ပြီး၊ အထူးသဖြင့် မူလတန်းနှင့် အလယ်တန်း ကျောင်း အကူးအပြောင်းကာလတွင် ကလေးအများစုသည် ကျောင်းထွက်ရပါသည်။ ငါးလုပ်ငန်းများတွင် အန္တရာယ်များရှိနေပါသည်။ ပုံမှန်ကြမ်းတမ်းပြင်းထန်သော ရာသီဥတုနှင့် ကြမ်းတမ်းသည့်ရေစီးကြောင်းများအပြင် အန္တရာယ်ရှိ ချွန်ထက်သော ချိတ်များနှင့် ထောင်ချောက်များသာမက ဂဏန်းလက်များ ချည်နှောင်သည့်အခါမျိုးတွင် လက်ပေါက်သည့် ဒဏ်ရာများရရှိခြင်းတို့ဖြင့်ပါ ကြုံတွေ့နေရသည်။ ကလေးအလုပ်သမားအများစုသည် မိဘများ (သို့) ဆွေမျိုးများအတွက် လုပ်ကိုင်ပြီး၊ သာမန်အားဖြင့် တစ်နေ့လျှင် ၃ နာရီအထက် လုပ်ကိုင်သည်။

ကြံစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍခွဲမှ လေ့လာတွေ့ရှိချက်များ -

ကြံစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်သည့် ရပ်ရွာဒေသတွင်နေထိုင်သော ကလေးအရေအတွက်၏ ၆၃ ရာခိုင်နှုန်းသည် စီးပွားရေးလုပ်ငန်းများနှင့်တိုက်ရိုက်ဆက်နွယ်သည့် ကြံစိုက်ပျိုးခြင်းနှင့် ထုတ်လုပ်ခြင်းများမှ ဝင်ငွေရှာဖွေသည်။ လေ့လာတွေ့ရှိသည့်ဒေသဖြစ်သော အောင်လံမြို့၌ ကလေးများသည် အသက် ၁၀ နှစ်အရွယ် တွင် လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီး၊ ငါးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကလေးများထက် နောက်ကျပြီးမှ လုပ်ငန်းခွင်သို့ ဝင်ရောက်ဖြစ်သည်။ ကြံစိုက်ပျိုးရေးလုပ်ကိုင်သည့် အသိုင်းအဝိုင်းတွင် အများစုသည် ၄ တန်း အထိတက်ရောက်ပြီးနောက် အသက် ၁၁ (သို့) ၁၂ နှစ်အရွယ်တွင် ကျောင်းထွက်ကာ ဝင်ရောက်လုပ် ကိုင်သည်။ သို့သော်လည်း ငှင်းသည် ပုံမှန်ဖြစ်နေကျ မဟုတ်ပါ။။ အချို့ကလေးများသည် ကျောင်းဆက် လက် တက်ရောက်ရင်းဖြင့် အလုပ်လုပ်ကိုင်နေသူများလည်းရှိသည် ။ ယခုညွှန်းဆိုထားသည် ခုနှစ်တွင် အောင်လံမှ ကလေး ၄၇ ရာခိုင်နှုန်းသည် ကျောင်းမတက်ရောက်ခဲ့ရပေ။ လုပ်ငန်းခွင်သို့ ဝင်ရောက်သည့် ကလေးများသည် အခြားကဏ္ဍများရှိ ကလေးငယ်များထက်

အသက်အရွယ်နှင့် ကျောင်းဆက်လက် တက်ရောက်မှုတို့တွင် ကွာဟနေသည်။ ကြံစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့်ကလေးများသည် စိုက်ပျိုးရန် ပြင်ဆင်ခြင်း၊ ပျိုးပင်နှင့် ကောက်ပဲသီးနှံများအား ထိန်းသိမ်းပေးခြင်းနှင့် ရိတ်သိမ်းခြင်းတို့ကို လုပ်ဆောင်ပေးရသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဓားများနှင့် တောခုတ်စားများကို အသုံးပြုရသည့်အတွက် အန္တရာယ်ရှိသည့်အပြင်၊ ဖုံထူပြီး ပူလောင်သိပ်သည်းသည့် ကြံခင်းများတွင် မြွေအန္တရာယ်များကိုပါ ကြုံတွေ့ နေရသည်။ အခြားလေ့လာသည့် ဒေသများနှင့် မတူညီသည့်အချက်မှာ ကလေးလုပ်သားများသည် ဆွေမျိုးမတော်သည့် သူများထံတွင် လုပ်ကိုင်ကြရပါသည်။ မိသားစုဝင်မဟုတ်သောသူများ ပိုင်ဆိုင်ထားသည့် စိုက်ခင်းများတွင် ကလေးလုပ်သားထက်ဝက်သည် နေ့တစ်ဝက်အလုပ်လုပ်ခြင်း၊ တစ်နေကုန်လုပ်ခြင်း များအတွက် လုပ်ခနေ့စဉ်ရရှိကြသည်။

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍခွဲမှ လေ့လာတွေ့ရှိချက်များ -

ပဲအမျိုးမျိုးစိုက်ပျိုးလုပ်ကိုင်သည့် ဒေသတွင်နေထိုင်သော ကလေးအရေအတွက်၏ ၆၃ ရာခိုင်နှုန်းသည် အဆိုပါကဏ္ဍနှင့်တိုက်ရိုက်ဆက်စပ်သည့် စီးပွားရေးလုပ်ဆောင်မှုများတွင် လုပ်ကိုင်နေကြရသည်။ သုတေသနပြုလုပ်သည့်နေရာရှိ အသက် ၁၀ နှစ်နှင့် ၁၃ နှစ်အရွယ် ကြားရှိ ကလေးငယ်များသည် သာမန်အားဖြင့်လုပ်ငန်းခွင်သို့ ၁၄ရောက်နေပြီး၊ မည်သည့်အသက်တွင်ထိုလုပ်ငန်းခွင်များသို့ အများဆုံး၁၄ရောက် လုပ်ကိုင်နေရသည်ကို မတွေ့ရှိရပေ။ ပခုက္ကူတွင် လေ့လာဆန်းစစ်ထားသည့် ကလေးအလုပ်သမားများ၏ ၁၄ ရာခိုင်နှုန်း သည် ယခုမေးမြန်းသည့်အချိန်တွင် ကျောင်းတက်ရောက်ခြင်းမရှိကြောင်းတွေ့ရှိရသည်။ အခြားသော လေ့လာထားသည့်ဒေသများ၏ လေ့လာတွေ့ရှိမှုများနည်းတူ ကျောင်းအများဆုံး ထွက်သည့်အချိန်သည် မူလတန်းနှင့် အလယ်တန်းကျောင်းပြောင်းချိန်ဖြစ်သည့် ၄ တန်းပြီးမြောက်ပြီးနောက် ကျောင်းထွက်မှု အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ပဲအမျိုးမျိုးစိုက်ပျိုးရေးတွင် လုပ်ကိုင်နေသည့် ကလေးအလုပ်သမား များသည် စိုက်ပျိုးရန် ပြင်ဆင်ခြင်း၊ ပျိုးပင်နှင့် သီးနှံများအား ပြုစုပျိုးထောင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့ ကိုလုပ်ကိုင်ရသည်။ မိန်းကလေးနှင့် ယောကျ်ားလေးများသည် လုပ်ဆောင်ရသည့်အလုပ်များတူညီသည့်တိုင် လုပ်ငန်းခွင်တွင် ကျားမခွဲခြားခြင်းရှိသည့် သက်သေသာဓကများလည်း ရှိပါသည်။ အပူချိန် အနိမ့်၊အမြင့် နှင့် ဖုန်များစသည့် ပြင်းထန်သောရာသီဥတုဒဏ်များခံရသော ပဲစိုက်ပျိုးရေးလုပ်ငန်းတွင် ကလေးအလုပ်သမားများသည် အန္တရာယ်များကြုံတွေ့ရသည်။ အခြေခံသုံး စက်ပစ္စည်းမဟုတ်သည့် သံထည်ပစ္စည်းများကို အသုံးပြု၍လုပ်ကိုင်ရသည်။ ပခုက္ကူမှ ကလေးအလုပ်သမားအများစုသည် သူတို့၏မိဘများအတွက် အလုပ်လုပ်ပေးကြရသည်။ ပခုက္ကူတွင် ပဲသီးနှံစိုက်ပျိုးချိန်သည် အနည်းငယ်တိုတောင်းသည့်အတွက် ပဲစိုက်ပျိုးရိတ်သိမ်းသည့် ကာလအပြီးတွင် အခြားသောလုပ်ငန်းများကို လည်းဆက်လက်လုပ်ကိုင်ကြသည်။

နှိုင်းယှဉ်ခြင်းနှင့် ဘက်စုံလွှမ်းခြုံထားသော ခွဲခြမ်းစိတ်ဖြာမှုများမှလေ့လာတွေ့ရှိချက်များ

ပေးထားသော အလုပ်ချိန်နာရီစုစုပေါင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ အကာအကွယ်ကင်းမဲ့မှု၊ ကျောင်းတက်ရောက်ရန် အနောက်အယှက်အဟန့်အတားဖြစ်စေသည့် အလုပ်၊ သို့မဟုတ် ၃မျိုးလုံး ပါ၀င်သောကြောင့် ဆန်းစစ်လေ့လာခဲ့သည့် ကလေးများအားလုံးသည် "ကလေးလုပ်သား" အဖြစ်သတ်မှတ်နိုင်သည်။

ကဏ္ဍ(၃)ခုမှ ကဏ္ဍခွဲတစ်ခုစီတွင် အလုပ်လုပ်နေသောကလေးများသည် ၆၃ ရာခိုင်နှုန်းရှိသည်။ ထိုကဲ့သို့ တူညီနေမှုသည် ကြိုတင်စီစဉ်ထားခြင်းကြောင့် ဖြစ်လာခြင်း မဟုတ်ကာ ကဏ္ဍခွဲ ၃ ခုလုံးနှင့် ဆက်စပ်သော လုပ်ငန်းများသည်သည် စိုက်ပျိုးရေး နှင့်သက်ဆိုင်သည့်အလုပ်များဖြစ်သောကြောင့် အလုပ်လုပ်ကိုင်သည့် ကလေးအရေအတွက်ရာခိုင်နှုန်းသည် ဆင်တူနေခြင်းဖြစ်ပေလိမ့်မည်။

ယခုညွှန်းဆိုထားသည့်နှစ်တွင် လေ့လာဆန်းစစ်ခဲ့သော ကလေးအရေအတွက်၏ ၇၄ ရာခိုင်နှုန်း သည် ကျောင်းတက်ခဲ့ပြီး၊ ၂၄ ရာခိုင်နှုန်းသည် တက်ရောက်ခြင်းမရှိခဲ့ပါ။ ကလေးအများစု၏ အမြင့်ဆုံးပညာအဆင့်သည် ၄တန်း အထိသာပြီးမြောက်ပြီး အများအားဖြင့် မူလတန်းနှင့် အလယ်တန်း၊ အကူးအပြောင်းဖြစ်သည်။ ကျေးလက်တွင် နေထိုင်သည့်ကလေးများသည် အလယ်တန်းကျောင်းပြီးမြောက်သည့် အထိပညာဆက်လက်သင်ယူရန်အတွက် မိမိအိမ်နှင့် ဝေးကွာသည့် ကျောင်းများတွင် တက်ရောက်ရသည့်အပြင်

အဆောင်များတွင် နေထိုင်ရသည့်စရိတ်များ အစရှိသည်တို့ကြောင့် အပိုကုန်ကျစရိတ်ဖြစ်လာသည့်အတွက် ပညာဆက်လက် မသင်ယူခြင်းဖြစ်သည်။ သို့သော် လေ့လာတွေ့ရှိထားသည့် အချက်အလက်များ အရ လုပ်ငန်းခွင်သို့ဝင်ရောက်သည့် ကလေးအလုပ်သမားများနှင့် ကျောင်းထွက်ခွာသည့် ကလေးအရေအတွက် သည် တူညီခြင်းမရှိပေ။ ကလေးများသည် ကျောင်းထွက်ပြီးသည်နှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်သည်ရှိသော်လည်း အချို့သောကလေးများသည် သက်ဆိုင်ရာစိုက်ပျိုးရေးကဏ္ဍခွဲတွင် အလုပ်တဖက်နှင့် ပညာဆက်လက် သင်ယူနေသူများလည်း ရှိနေပါသည်။ ကျောင်းထွက်ပြီး လုပ်ငန်းခွင်သို့ဝင်ရောက်ရခြင်းအတွက် ကလေးများ၏ အကြောင်းပြချက်မှာ မိသားစုကိုကူညီရန်နှင့် ဝင်ငွေတိုးရန်အတွက် ဆန္ဒရှိသော်လည်း၊ ဒီကိစ္စကြောင့် ကျောင်းထွက်ပြီး အလုပ်လုပ်နေသည်ဟု လုံးဝဥဿံမဆိုနိုင်ပေ။ အခြားကိစ္စရပ်များဖြစ်သည့် ကျောင်းဆက်လက် တက်ရောက်ရန်အတွက် စိတ်ဝင်စားမှုမရှိခြင်းအပြင် အကြွေးများပြန်ဆပ်နိုင်ရန် လုပ်ငန်းခွင်သို့ဝင်ရောက် သူများအတွက် အန္တရာယ်ဖြစ်ပေါ်မှု လျော့ချပေးနိုင်သည့်အစီအစဉ်များ ဆောင်ရွက်ရန်လိုသည်။ ထိုကဲ့သို့ တိကျသည့် ပြဿနာများသည် နိုင်ငံအတွင်းအခြားသောကျယ်ပြန့်သည့် ကိစ္စရပ်များ နှင့် ဆက်စပ်နေသည့်ယေဘုယျအခြေအနေများထက်စာလျှင် လွယ်ကူစွာဖြင့် ဖြေရှင်းနိုင်သည်။

ထောက်ခံအကြံပြုချက်များ

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား အသက်မွေးဝမ်းကြောင်းဆိုင်ရာကိစ္စရပ်များ၊ အကြွေးစီမံခန့်ခွဲနည်းစနစ်များနှင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးစေရေး အစရှိသည့်ကိစ္စရပ်များအား ဆွေးနွေးသည့်အခါ ကလေးများသည် အိမ်ထောင်စု၏အကြွေးများကိုဆပ်နိုင်ရန်အတွက် လုပ်ငန်းခွင်သို့ဝင်ရောက်ရခြင်း ဖြစ်ကြောင်း၊ ထိုအကြောင်းအရာနှစ်ခုသည် ဆက်စပ်လျက်ရှိပြီး ကလေးများအနေဖြင့် ဘေးအန္တရာယ်ရှိသောအလုပ်များ ကိုလည်းလုပ်ကိုင်ကြရသည်။

ရပ်ရွာဒေသများအလိုက် ပညာရေးကဏ္ဍတွင် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် အန္တရာယ်ဖြစ်ပေါ်မှု လျော့နည်းစေရန် အသိပညာပေးမှုများအား ထည့်သွင်းသင်ကြားပေးရန်လိုသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကောင်းမွန်စေရန်အတွက် ကာကွယ်လုပ်ဆောင်ရမည့်အရာများနှင့် ရှောင်ရှားရမည့်အရာများကို မည်သို့လုပ်ဆောင်ရမည်ဖြစ်ကြောင်း တိကျခိုင်မာသည့်အကြံဉာဏ်များပေးအပ်ရပါမည်။

ကျေးရွာတွင်နေထိုင်သည့် ကလေးများအတွက် စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့သင်တန်း (သို့) သက်မွေးဝမ်းကြောင်းသင်တန်း အစီအစဉ်များပါဝင်သည့် ကျောင်းပြင်ပအချိန်တွင် ပညာဆက်သင်ယူ နိုင်စေရန် အခွင့်အလမ်းများ ရရှိစေရန် တိုးမြှင့်ခြင်းနှင့် စွမ်းရည်မြှင့်ခြင်းကို ဦးတည်လုပ်ဆောင်ရမည်။

အများပြည်သူများထံသို့ အသိပေးနှိုးဆော်မှုများကို ရေရှည်ထိန်းသိမ်းဆောင်ရွက်မှုများ ပြုလုပ်သွားခြင်း။

အစီရင်ခံစာလက်ခံခြင်းအတွက် ယန္တရားတစ်ခုသတ်မှတ်ရန် သို့မဟုတ် တည်ထောင်ရန်ဖြစ်ပြီး ကလေးများအတွက် အကောင်းဆုံးအကျိုးစီးပွားနှင့် လုပ်ငန်းလုပ်ရန် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုကို သေချာစေရပါမည်။ CRC မှ တာဝန်ယူလုပ်ဆောင်နေသူများအား လွတ်လပ်စွာ အပြန်အလှန် စောင့်ကြည့်လေ့လာရမည်။

မိတ်ဆက်

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ ကြာ စစ်အစိုးရအုပ်ချုပ်မှုအောက်မှ အရပ်သား အစိုးရအဖွဲ့ ဦးဆောင်သည့်ကာလသို့ ကူးပြောင်းခဲ့ပြီးနောက် နိုင်ငံ၏ စီးပွားရေးသည်လည်း လျင်မြန်စွာတိုးတက်လျက်ရှိနေပါသည်။ ယခုကဲ့သို့အသွင်ကူးပြောင်းမှုတွင် ၂၀၁၆ ခုနှစ်အတွက် GDP ခန့်မှန်းချက်သည် ကြိုတင်မှန်းဆ၍ မရနိုင်သည့် တိုင်အောင် ၈.၃ ရာခိုင်နှုန်း ရှိမည်ဟုခန့်မှန်းထားသည်။ မြန်မာနိုင်ငံသည် ယခင်နောက်ကျကျန်ခဲ့သည့် အခြေအနေမှ ပြောင်းလဲလာ ခဲ့ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ကူးသန်းမှုအရ မြန်မာနိုင်ငံ အပေါ် တွင် ပိတ်ပင်ထားမှုများကိုလည်း အချို့ (သို့) အပြည့်အဝ ဖယ်ရှားပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးအခွင့်အလမ်းများနှင့် လူစွမ်းအားအရင်းအမြစ်များရှိထားသည့်အတွက် အကောင်းဆုံးအနေအထားသို့ ရောက်ရှိလာနေပြီဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာလုပ်ငန်း များ၏ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် စီစစ်ရေးအဖွဲ့ Verisk Maplecroft ၏ "ကလေးလုပ်သားအညွှန်း ၂၀၁၄" အရ ထောက်ပံ့ဖြည့်ဆည်းရေးလမ်းကြောင်းတွင် ကလေးလုပ်သားများတွေ့ရှိမှု၏"အလွန်အန္တရာယ်"ကျရောက်သည့် အခြေအနေတွင် မြန်မာနိုင်ငံအား ဖေါ်ပြညွှန်းဆိုထားသည်။

အဖြစ်အပျက်များ၊ ပြင်းထန်မှုများနှင့် အစိုးရ၏တုန့်ပြန်မှုညွှန်းဆိုချက်များအရ မြန်မာနိုင်ငံသည် "ကလေးလုပ်သားရှိနေဆဲဖြစ်သည့် နိုင်ငံ ၆ နိုင်ငံတွင် တစ်နိုင်ငံအဖြစ် ပါဝင်နေပါသည်။"[1] ကလေးအလုပ်သမားများနှင့် ပတ်သက်သည့်အချက်အလက်များအား စနစ်တကျရရှိနိုင်သည့် ကန့်သတ်ချက်များရှိသည့်တိုင်၊ ကလေးအလုပ်သမားအခန်းကဏ္ဍသည် မြန်မာနိုင်ငံတွင် သာမန်နှင့် မြင်သာထင်သာတွေ့ရှိနိုင်သည့် အနေအထားတွင် ရှိသည်။ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် လွတ်လပ်ပွင့်လင်းလာမှုများအရ မြန်မာနိုင်ငံ၏ ကလေးအလုပ်သမား အရေးနှင့် ပတ်သက်ပြီး ဖြစ်ပေါ် မှုရလဒ်များအား ထဲထဲဝင်ဝင် လေ့လာရန်လိုအပ်သည်။ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ကလေးအလုပ်သမားများနှင့် ပတ်သက်သည့် သက်သေခိုင်လုံစွာပြသနိုင်သော မူဝါဒနှင့် လျော့ချရေးအပြင် လုပ်ငန်းခွင်တွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ဖယ်ရှားနိုင်မည်။

ယခုလေ့လာတွေ့ရှိချက်များသည် စိုက်ပျိုးရေးကဏ္ဍခွဲ ၃ ခု ဖြစ်သည့် ငါးလုပ်ငန်း၊ ကြံစိုက်ပျိုးရေးနှင့် ပဲအမျိုးမျိုးစိုက်ပျိုးရေးရှိ ကလေးအလုပ်သမားများ၏ ပျံ့နှံ့မှု နှင့် အခြေအနေများကို ရှာဖွေလေ့လာခြင်းဖြစ်သည်။ သက်ဆိုင်ရာကဏ္ဍအသီးသီး၏ လေ့လာတွေ့ရှိချက်များအား နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကဏ္ဍ ၃ ခု၏ အခြေအနေများအား မြင်သာစွာသိရှိလာနိုင်မည်။ မတူညီသည့်နည်းလမ်းများနှင့် ကဏ္ဍများအား လေ့လာမှု ပြုလုပ်ခဲ့သည့်တိုင် တူညီသည့်အရာများရှိသလို၊ လုပ်ငန်းလုပ်ဆောင်မှုကွဲပြားမှုများရှိသည်။ အဓိကလေ့လာမှုပြုလုပ်ရခြင်းသည် သက်သေအထောက်အထားပြသနိုင်ရန်နှင့် ပြုပြင်ပြောင်းလဲမှု အား ပံ့ပိုးပေးရာတွင် နားလည်မှုရှိရမည်ဖြစ်ပြီး ကလေးသူငယ်များ၏ အခွင့်အရေးနှင့် လူသားများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ ကျေးလက်ဒေသတွင်နေထိုင်သည့် ကလေးအရေအတွက် ၆၃ ရာခိုင်နှုန်းသည် ပုံမှန်အားဖြင့် ထုတ်လုပ်မှု ၃၃ ၏ ထုတ်လုပ်ခြင်း နှင့် သက်ဆိုင်သော စီးပွားရေးလုပ်ငန်းခွင်များတွင် ပါဝင်ကြသည်။ မေးမြန်းမှုပြုလုပ်ခဲ့သည့် ကလေးအရေအတွက် ၆၆၇ ယောက်၏ ၂၆ ရာခိုင်နှုန်းသည် အချက်အလက် ကောက်ယူနေသော အချိန်ကာလ အတွင်း ပညာသင်နှစ်တွင် ကျောင်းတက်ရောက်ခြင်းမရှိပေ။ အဆိုပါအရေအတွက်ထဲမှ ၄၅ ရာခိုင်နှုန်းသည် အသက် ၁၂နှစ် (သို့) ၁၂ နှစ်အောက် ကလေးများဖြစ်သည်။ ထိုအသက် အရွယ်သည် ကျောင်းထွက်သင့်သည့် အရွယ်မဟုတ်သေးပေ။ လေ့လာမှုပြုလုပ်သည့်နေရာများတွင် ကလေးလုပ်သားများအား ကျား၊မ ကဏ္ဍအရ၊ အားလုံးသည် အလုပ်သမားများအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရှိရကာ ၎င်းတို့သည် စီးပွားရေးနှင့်ပတ်သက်သည့်လုပ်ဆောင်မှုများတွင်ပါဝင်နေသည်။ သက်ဆိုင်ရာလုပ်ဆောင်မှုများကိုလည်း ကျား၊မ အလိုက်ခွဲထားမှုများရှိသည့်တိုင် ကျား၊မ သီခြားခွဲခြားလုပ်ကိုင်ခြင်းများမရှိသည်ကို ကဏ္ဍများအားလုံးတွင် တွေ့ရှိခဲ့သည်။ မိသားစုလုပ်ငန်းများအတွက် (သို့) မိသားစုဝင်မဟုတ်သည့် လုပ်ငန်းရှင်များအတွက် ကလေးများသည် အလုပ်လုပ်ကိုင်ပေးနေကြသည်။ အကြွေးနှင့် မြေပိုင်ဆိုင်မှုကိစ္စများသည် ကျေးလက်ဒေသ မိသားစုများအတွက် စိုးရိမ်ဖွယ်ရောဂါဆိုးကြီး အဖြစ်ရှိနေ

1 အောက်ဖော်ပြပါလင့်ခ်တွင် ကြည့်ရှုနိုင်သည်: http://maplecroft.com/portfolio/new-analysis/2013/10/15/child-labour-risks-increase-china-and-russia-most-progress-shown-south-america-maplecroft-index

သည်။ ယခုလေ့လာမှုတွင် အကြွေးနှင့် ကလေးလုပ်သားများ ဆက်စပ်နေသည်ကိုတွေ့ရှိခဲ့သည့်အတွက် မိသားစုဝင်များ၏ ဆုံးဖြတ်ချက်ကြောင့် အလုပ်လုပ်ရခြင်းဖြစ်သည်ဟု မယူဆနိုင်ပေ။ ပြောရမည်ဆိုလျှင် "ဆင်းရဲမှု"သည် လက်တွေ့ဘဝတွင် ကလေးများအား လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်စေရန် ကန့်သတ်ထားမှုဖြစ်နေသည်။ မိသားစုဆင်းရဲမှုအပြင် အခြားသော အကြောင်းအရာများလည်းရှိသည့် အတွက် အိမ်ထောင်စု အကြွေးများကြောင့် ဆင်းရဲနေသည်ဟု မသက်မှတ်နိုင်ပါ။ ထို့အပြင် အချို့သော အကြွေးတင်နေသည့် မိသားစုများတွင်လည်း အလုပ်မလုပ်သည့် ကလေးများကိုလည်း တွေ့ရှိရပါသည်။ ဆက်နွယ်မှုသည် အဓိကအဆုံးအဖြတ် မဟုတ်ပါ။ အစီရင်ခံချက်များအရ ကလေးများသည် ကျောင်းထွက်ပြီး အလုပ်လုပ်ရခြင်းမှာ ပျင်းလာခြင်းနှင့် ပညာရေးအား စိတ်ဝင်စားမှုမရှိခြင်း ကြောင့်ဖြစ်သည်ကိုလည်း တွေ့ရသည်။ ကလေးငယ်များသည် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် အန္တရာယ်ရှိသည့်အနေအထားမျိုးနဲ့ ကြုံတွေ့နေရသည့်တိုင် လုပ်ကိုင်နေကြသည်။ ပညာရေးအရည် အသွေးနိမ့်ကျမှုကြောင့် အိမ်ထောင်စုဝင်တွေ အတွက်သင်ယူထားသည့်ပညာဖြင့် လုံလောက်စွာ မဖြည့်တင်းပေး နိုင်ခြင်းနှင့် ကလေးတစ်ယောက်၏ စိတ်ဝင်စားမှု နည်းပါးရသည့် အကြောင်းအရင်းကိုပါ ထည့်သွင်းစဉ်းစား ရန်လိုအပ်လာသည်။

ကမ္ဘာတစ်ဝှမ်းတွင်ရှိသည့် ကလေးငယ် ၂၁၅ သန်း၏ ၆၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည်။[2] သို့သော် ၂၀၀၀ ခုနှစ်မှစတင်၍ ကဏ္ဍအသီးသီးတွင် လျော့ကျလာခဲ့သည်။ ကျန်ရှိနေ သည့် လုပ်သားအင်အားထု၏ တစ်ဝက်သည်လည်း အန္တရာယ်ရှိသည့် အနေအထားမျိုးတွင် လုပ်ကိုင် နေရသည်။[3] ကလေးလုပ်သားများသည် လုပ်ငန်းခွင်အန္တရာယ်များနှင့် ကြုံတွေ့နေရသည့်အပြင် ဝင်ငွေ လည်းနည်းပါးသည်။ ထို့အပြင် ပညာရေး မစုံလင်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးမှုအခွင့်အရေးလည်း နည်းပါးနေပါသည်။ မိသားစုဆင်းရဲခြင်းနှင့် ကလေးအလုပ်သမားများဖြစ်လာခြင်းအား အကျိုးအကြောင်း ဆက်စပ်စိစစ်မှုပြုလုပ်ပါက ရလဒ်များအပေါ် မူတည်၍ ကလေးအလုပ်သမားများ ပပျောက်နိုင်စေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ရာဝမ်ဒါ မြောက်ပိုင်းရှိ ကော်ဖီစိုက်ခင်းတွင် လုပ်ကိုင်နေသည့်ကလေး လုပ်သားများနှင့် ပတ်သက်သည့်လေ့လာတွေ့ရှိချက်များ အရ အဆိုပါ ကော်ဖီ စိုက်ခင်းတွင် အလုပ်လုပ်ကိုင်နေသည့် ကလေးလုပ်သားများသည် အခြားအလုပ်မလုပ်သည့် ကလေးများထက် အဆင့်တန်းမြင့်မားသည့် အခြေအနေတစ်ရပ် ပိုင်ဆိုင်သည့် မိသားစုအဖွဲ့ဝင်တစ်ဦးဖြစ်နေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။[4] သက်သေအချက်အလက်များအရ ရေရှည်တွင် အိမ်ထောင်စုဝင်ငွေ မြင့်မားလာခြင်းသည် ကလေးအလုပ်သမားအသုံးပြုမှု လျော့ကျသွားခြင်းနှင့် ဆက်စပ်နေပါသည်၊ အချို့သောကိစ္စရပ်များတွင် ဒေသအခြေခံ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများကို ပိုမိုအသုံးပြုလာကြသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်းကြောင့်ဖြစ်သည်။ Kruger ၏ လေ့လာတွေ့ရှိချက်အရ ဘရာဇီးလ်နိုင်ငံရှိ ကော်ဖီစျေးကွက်၏ စျေးတက်ချိန်တွင် ကလေးလုပ်သားများ ပိုမိုဝင်ရောက် လုပ်ကိုင်လာသည်ကိုတွေ့ရှိရပြီး၊ ပုံမှန်ကျောင်းတက်ချိန် နည်းပါးလာခဲ့သည်။[5] ကော်ဖီစျေး တက်ချိန်သည် ကလေးများအတွက် ဝင်ငွေပိုရသည့်အချိန်ဖြစ်ကာ အခြား ကလေးလုပ်သားများနေရာတွင် အစားထိုး၍ မိသားစုထဲမှ ကလေးငယ်များ ကိုယ်တိုင်အစားထိုး ဝင်ရောက်လုပ်ကိုင်သည်။ မိဘများသည်လည်း ယခင်က အလုပ်သမားနေရာမှာ အစားထိုး ဝင်ရောက်လုပ်ကိုင်စေကာ ဝင်ငွေတိုးပွားလာစေသည်။

မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံလိုသူများသည် အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်နိုင်သည့်အခြေအနေကို ပိုမိုစိတ်ဝင်စားမှုများပြားနေသည်။ ထို့ကြောင့် နေရာဒေသနှင့် ဖွဲ့စည်းထားပုံသည် ကလေးများ၏ ဘဝအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိနိုင်မည်နည်း။ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေစိန်ခေါ်မှုများသည် ကလေးငယ်များ၏ ဝင်ငွေရှာဖွေမှုများအပေါ်တွင် သက်ရောက်မှု ရှိနိုင်မည်နည်းဆိုသည်ကို လာမည့်နှစ်များတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။ ၎င်းစိန်ခေါ်မှုများတွင် ဒေသခံများမှ မြို့နှင့် မြို့ကြီးများသို့ တက်ရောက်လုပ်ကိုင်ခြင်း၊ အထူးစီးပွားရေးဇုန်များတွင် လုပ်ကိုင်လာခြင်း၊

2 ILO ၏ ၂၀၁၀ ခုနှစ် "Accelerating Action Against Child Labour"

3 ILO ၏ ၂၆.၄.၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်သည့် "Global Facts and Figures" - http://www.ilo.org/global/topics/child-labour/lang--en/index.html အားဖော်ပြထားသည်။

4 ICF International ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ တွင် ထုတ်ပြန်သည့် "Child Labor in Agriculture in the Northern Province of Rwanda: Task Order I and Task Order III: Quantitative Research and Data Collection."

5 Diana Kruger ၊ Rodrigo R. Soares ၊ Matias Berthelon ၏ "Household Choices of Child Labor and Schooling: A Simple Model with Application to Brazil." နှင့် ၂၀၀၇ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် Discussion Paper Series; Institute for the Study of Labour ၊ Bonn ၊ Germany အား ကိုးကားသည်။

စီးပွားရေးလုပ်ငန်းများသည် ပြင်းထန်ကာ စက်မှုလယ်ယာထွန်းကားမှုနှင့် မြေသိမ်းမှု များကြောင့် ကျေးလက်ဒေသများတွင် နေထိုင်လိုမှုသည် မသေချာမရေရာမှုများတိုးပွားလာခြင်း၊ သတ္တုတွင်း တူးဖော်သည့်လုပ်ငန်းကြီးများသည် သတ္တုတူးဖော်မှုများကိုပါ လုပ်ဆောင်လာခြင်းများ ရှိလာနိုင်သည်။ ၄င်းတို့သည် ယိုယွင်းခဲ့သည့် ပညာရေးစနစ်ကြောင့် ၂၆.၉ သန်းသော အသက် ၃၀ နှစ်အောက် လူငယ်များသည် အထက်ဖော်ပြပါ အကြောင်းအရာများအတွက် ပြင်ဆင်ထားခြင်း မရှိခဲ့သည့် အတွက်ကြောင့် ၄င်းတို့အပေါ်မှာ သက်ရောက်မှုကြောရှည်စွာရှိလာနိုင်သည်။ တဖြည်းဖြည်း ပုံမှန်ဆက်လက်လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုသည်လည်း မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် ဒေသများအားလုံးကို တစ်စုတစ်ဝေးတည်းရှိစေရန် ရည်မှန်းထားသည်။ ယခုကဲ့သို့ ကျယ်ပြန့်သည့် မြေအနေအထားပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံသည် တိုက်ရိုက်ကြား၀င်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်ခဲ့လျှင် ကလေးအလုပ်သမားများ၏ ကဏ္ဍသည် တိုးတက်လာမည်မဟုတ်ဘဲ၊ ပိုမိုဆိုးရွားလာနိုင်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်၀င်စားမှုရှိသော်လည်း၊ ဥပဒေပိုင်းအရ ဟန့်တားပိတ်ပင်မှုများရှိနေသည့်အတွက် စစ်မှန်သောရင်းနှီးမြှုပ်နှံများအတွက် အခက်အခဲရှိနေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ (GORUM) သည် စိုက်ပျိုးရေးတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (စိုက်ပျိုးရေးကဏ္ဍမှာ ကြီးမားစွာ ၀င်ရောက် လုပ်ဆောင်နိုင်ရန်) ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ် များနှင့် ပတ်သက်၍ ဆွေးနွေးလုပ်ဆောင်နေသည်။[6] ဥပဒေအရအရေးယူဆောင်ရွက်မှုများနှင့် အနည်းငယ် ဥပမာပေးရန်ဖြစ်မြောက်သည့်[7] ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများကိုတွေ့မြင်ရသည်ရှိသည့်တိုင် ပြီးခဲ့သည့် ၅ နှစ်အတွင်း ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် အခြား စွမ်းအင်၊ ရေနံ၊ သယ်ယူပို့ဆောင်ရေး၊ သတ္တုတူးဖော်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများထက် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ထူးခြားမှုမရှိသည်ကိုတွေ့ရသည်။[8] ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဇယားတွင် အဆင့် ၁၁ တွင် အဆင့် ၉ သာ ချိတ်ခဲ့သည်။[9] အားနည်းသည့်ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ဥပဒေပိုင်း ဆိုင်ရာမူ၀ါဒများအပြင် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စစ်တပ်နောက်ခံ (သို့) စစ်တပ်နှင့် အစိုးရပိုင် လုပ်ငန်းများ လက်ထဲတွင်ရှိနေသည်။ လူမှုအကျိုးပြု အဆင့်အတန်းမြင့်မားစွာလုပ်ဆောင်သည့် ရင်းနှီးမြှုပ်နှံ သူများအား ဆွဲဆောင်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍတွင် အထက်ဖော်ပြပါအခြေအနေများမှ စိုက်ပျိုးရေး လုပ်ငန်းများကို ရွှုပ်ထွေးမှုများမရှိစေမည်ဖြစ်သည်။ ၄င်းတို့သည် ကလေးလုပ်သားများဖြစ်ပွားစေရန် တိုက်တွန်းခြင်းနှင့် တွန်းပို့ခြင်းကိုသဘောဆောင်သည့် သက်ရောက်မှုမျိုးရှိနိုင်သည်။ ထိုအရာသည် ကျောင်းထွက်ပြီး၊ မိသားစု လယ်များ (သို့) အိမ်နီးချင်း လယ်များတွင် လုပ်ကိုင်ခြင်းများပိုမို တိုးပွားလာနိုင်သည့်တိုင် တစ်ဖက်မှာလည်း ထုတ်လုပ်မှုကဏ္ဍတွင် လုပ်သားလိုအပ်လာခြင်းကြောင့် ကျေးလက်မှာနေထိုင်သည့်သူများသည် မြို့များသို့သွားရောက်လုပ်ကိုင်၍ ရရှိလာသည့် လစဉ် လုပ်အားခသည် မည်မျှအကျိုးရှိနိုင်မည်နည်း။ ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများသည် အိမ်ထောင်စုတစ်စုရှိ ကလေးများကို စိုက်ပျိုးရေးလုပ်ငန်းခွင်များသို့ ပိုမို၀င်ရောက်လာစေနိုင်မည်လား။ ၄င်းအခြေအနေများသည် မြန်မာနိုင်ငံ၏ လက်ရှိသမိုင်းတွင် ဖြစ်ပေါ်စေမည့်အခြေအနေများ ဖြစ်ကာ ၄င်း ကိစ္စရပ်တစ်ခုခြင်းစီအား သေသေချာချာစုံစမ်း လုပ်ဆောင်မှုမပြုလုပ်နိုင်လျှင် နိုင်ငံအတွင်းရှိ ကလေးများ၏ လိုအပ်ချက်များနှင့် ရပိုင်ခွင့်များသည် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်မဟုတ်ပါ။

---

6 UNDP ၏ အစိုးရပြန်လည်ဖွဲ့စည်းပုံအောက်တွင် ၂၀၁၀ မှ ၂၀၃၀ ခုနှစ်ထိ ရေးဆွဲထားသည့် Ministry of Agriculture Master Plan for 200 to 2030 တွင် မြေလွတ်မြေရိုင်း ၈၀ သန်းအား ပုဂ္ဂလိကထံ ရော်ဘာ၊ ထန်း၊ စပါး၊ ပဲအမျိုးမျိုးနှင့် ကြံ့ စိုက်ပျိုးခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုရန်ပါရှိသည်။ ၄င်း၏ သက်ရောက်မှုအနေဖြင့် အသေးစားစိုက်ပျိုးသူများ ဖွံ့ဖြိုးမှုအပေါ် လုံးပါးသက်ရောက်မှုရှိခဲ့ပြီး၊ အထူးသဖြင့် မြေပိုင်ဆိုင်မှုနှင့် မြေလွတ်မြေရိုင်း သတ်မှတ်သည့် ကိစ္စရပ်များအပေါ်တွင် လုပ်ထုံးလုပ်နည်းအရ (သို့) ဆုံးဖြတ်ချက်ချမှတ်ပြီး "တရားမ၀င်" ပိုင်ဆိုင်မှုကိစ္စရပ်များဖြစ်ပေါ်စေမည်။ သက်ဆိုင်ရာ ၀န်ကြီးဌာနမှ တာ၀န်ရှိသူများသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် "Myanmar Agribusiness Investment Summit 2014" ၄င်းအစီအစဉ်အား ချပြခဲ့သည်။

7 ပေါ်လွင်သည့် ဥပမာများမှာ CharoenPokphand Group of Thailand မှ ပြောင်းနှင့် မွေးမြူရေး ကဏ္ဍခွဲများအတွက် အမှန်အကန် ရင်းနှီးမြှုပ်နှံ ခဲ့သည့်ပမာဏသည် ရှင်းလင်းခြင်းမရှိပေ။ http://www.pigprogress.net/Home/General/2012/7/Charoen-Pokphand-to-invest-US550-million-in-Myanmar-PP009104W/ အား ကြည့်နိုင်သည်။

8 ၂၀၁၅ ခုနှစ်၊ မတ်လ Woods, Kevin ၏ "Commercial Agriculture Expansion in Myanmar: Links to Deforestation, Conversion Timber, and Land Conflicts ၊ " Forest Trends Report Series: Forest Trade and Finance. Forest Trends အား ကိုးကားသည်။

9 ၂၀၁၅ ခုနှစ်၊ မေလ၊ ၃၁ ရက်နေ့ရက်စွဲပါ Xinhua News Agency ၏ "Myanmar Works for formulating policy framework for foreign investment in agriculture" ။ အောက်ဖော်ပြပါလင့်ခ် http://news.xinhuanet.com/english/2015-05/31/c_134284673.htm တွင် ရယူနိုင်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်နေထိုင်မှုများ

မြန်မာနိုင်ငံ၏ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှာ နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည်။[10] စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်နေသူများ၊ ထုတ်လုပ်မှု၊ ဝင်ငွေနှင့် တင်ပို့ရောင်းချမှု အချက်အလက်များသည် မကောင်းတစ်ချက် ကောင်းတစ်ချက် အဖြစ်ရှိနေသည်။ ယခင်အစိုးရသည် ထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု အချက်အလက်စုဆောင်းရရှိမှုအပေါ် ထိန်းချုပ်ခဲ့သည်။ လယ်သမားများနှင့် အစိုးရဝန်ထမ်းများသည် အချက်အလက်များကို အထက်လူကြီးများကြိုက်နှစ်သက်အောင် ကြားခံခဲ့သည်။ တာဝန်ရှိသူများတချို့သည် လယ်သမားများအား မည်သည့်ကောက်ပဲသီးနှံစိုက်ပျိုးပြီး၊ ဈေးနှုန်းမည်မျှ သတ်မှတ်ရန် အတင်းလုပ်ဆောင်ခိုင်း စေမှုများကြောင့် မှောင်ခိုဈေးကွက်ဖြစ်ပေါ် လာခဲ့ရသည်။ အချို့သောအစီရင်ခံစာများတွင် စိုက်ပျိုးရေးကဏ္ဍ၏ GDP သည် ယခုနှစ်များတွင် ထိုးကျလာကြောင်း ဖော်ပြပါသည်။ ယင်းသည် ရေနံနှင့် ဓါတ်ငွေ့ကဏ္ဍ၌ ပွင့်လင်းမြင်သာမှုကြောင့်သာ နိုင်ငံ၏ ဝင်ငွေတိုးမြင့်လာစေခြင်းကို ထင်ဟပ်စေပါသည်။ စိုက်ပျိုးရေး နှင့် ဆက်စပ်သည့် ထုတ်လုပ်မှု (သို့) ဝင်ငွေ ဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်ဆက်စပ်မှုမရှိပဲ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ကိန်းဂဏာန်းအားသေးငယ်စေခြင်းကိုဖြစ်စေခြင်း သာဖြစ်သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ကြီးထွားလာနိုင်သည့် အလားလာကောင်းရှိသည်။ ၎င်းသည် ဆင်းရဲမှုကို လျော့နည်းစေပြီး လူနေမှုအဆင့်အတန်းကို မြင့်မားစေမည်။[11] နိုင်ငံတွင် မတူညီသည့် ရာသီဥတုများကြောင့် အမျိုးမျိုးသော ကောက်ပဲသီးနှံများကို စိုက်ပျိုးနိုင်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ကောင်းမွန်သော ရေအရင်းအမြစ်နှင့် မစိုက်ပျိုးရသေးသည့်မြေလွတ်မြေရိုင်းနေရာများစွာ ကျန်ရှိနေသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ မြေများ၏ ၂၀ ရာခိုင်နှုန်းကိုသာ စိုက်ပျိုးရေးအတွက် အသုံးပြုထားသည်။[12] နိုင်ငံရေးနှင့် လူမှုရေး ရောနှောမှုများကြောင့် အပြင်းအထန်လုပ်ဆောင်ရန် အကြံမပြုပေ။ ရာသီဥတု ပြောင်းလဲမှုကြောင့်လည်းဖြစ်သည်။ ပိုမိုဘေးကင်းလုံခြုံပြီး ထိရောက်မှုရှိသည့်နည်းလမ်းများဖြင့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်နိုင်ပါက နိုင်ငံ၏ ကျန်ရှိသည့်အရင်းအမြစ်များကို ကောင်းမွန်စွာ အသုံးချလုပ်ကိုင်နိုင်မည်ဖြစ်သည်။

ဆန်စပါးသည် အဓိက စိုက်ပျိုးသီးနှံဖြစ်သည်။ ပဲအမျိုးမျိုးသည် ဒုတိယအများဆုံးစိုက်ပျိုးသည့် ကဏ္ဍခွဲဖြစ်ပြီး ဒေသတွင်းပြည်နယ်၊တိုင်းများသို့ အများဆုံးတင်ပို့သည်။ မြန်မာနိုင်ငံရှိ လယ်သမားများသည် မြေအနည်းငယ်မှ အလယ်အလတ်တန်းစား ပိုင်ဆိုင်သူများဖြစ်သည်။ စိုက်ပျိုးရေး လုပ်ဆောင်မှုနည်းလမ်း များသည် အခြေခံကျပြီး၊ စက်မှုစနစ်ဖြင့်လုပ်ဆောင်မှုနည်းပါးပြီး၊ လုပ်သား အပေါ်များစွာ မှီခိုနေသည်။ အိမ်နီးချင်းထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ကြည့်လျှင် စိုက်ပျိုးရေးထုတ်ကုန်များ ဆန်နှင့်အသီးအနှံများအပါအဝင် ရေထွက်ထုတ်ကုန်ပစ္စည်းများကိုပါ ကမ္ဘာ့အရည်အသွေးမီ လုပ်ဆောင်နိုင်ခဲ့သည့်အဆင့်ကို ရောက်ရှိလာပြီး၊ မြန်မာနိုင်ငံသည် ထိုကဲ့သို့စနစ်တကျ လုပ်ဆောင်မှုကို ပြီးခဲ့သည့် နှစ် ၅၀ ကတည်းက အခုအချိန်ထိ သီးနှံအထွက် တိုးရန်နှင့် အရည်အသွေးမီရန် (သို့) တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုသည် နည်းပါးခဲ့ပါသည်။ အစိုးရမှ ပါဝင်ပတ်သက်မှု မြင့်မားစွာရှိခြင်းသည် မူဂါဒချမှတ်ရေး၊ ဈေးနှုန်းသတ်မှတ်ခြင်းနှင့် နည်းပညာအသစ်များအား လယ်သမားများ သိရှိလာရန် တိုးမြှင့်ပြသနိုင်မှုအပြင်၊ လယ်သမားအများစုသည် ဈေးကွက်အတွင်း ကုန်ဈေးနှုန်းအတက်အကျ နှင့်အခြား အခြေအနေများအား ကိုယ်တိုင်ဖြေရှင်းနေရသည်။

လယ်သမား များသည် အကြွေးသံသရာလည်နေပြီး၊ ကြွေမိကိုလည်းမဆပ်နိုင်ပေ။ အများစုသည် ၎င်းတို့မှန်းထားသည့် နှစ်စဉ် ဝင်ငွေပမာဏထက်ပင် အကြွေးများနေသည်။ ၎င်းအခြေအနေသည် အမှန်အကန်ပင် ၂၀၁၀/၂၀၁၁ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် မြန်မာကျပ်ငွေအား ပိုမိုသက်မှတ်မှုမှ စတင်ခဲ့သည်။[13] စိုက်ပျိုးရေးအတွက် ရင်းနှီးရသည့်အရာများသည် စရိတ်မြင့်မားသည်။ ပို့ဆောင်ခသည် အိမ်နီးချင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြင့်နေသည်။ မြေအသုံးချပိုင်ခွင့်သည်လည်း

10 ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ရက်စွဲပါ Japanese International Cooperation Agency (JICA) နှင့် Sanyu Consultants Inc, "Data Collection Survey on Agriculture Sector in the Republic of the Union of Myanmar," အား ကိုးကားသည်။

11 ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ရက်စွဲပါ ADB ၏ "Myanmar: Unlocking Potential, Country Diagnostic Study" အား ကိုးကားသည်။

12 ၂၀၁၃ ခုနှစ်၊ ဖွန်လ ရက်စွဲပါ Michigan State University နှင့် the Myanmar Development Resource Institute's Centre for Economic and Social Development ၏ "A Strategic Agricultural Sector and Food Security Diagnostic for Myanmar" အား ကိုးကားသည်။

13 ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ရက်စွဲပါ Ash Center for Democratic Governance and Innovation. Harvard Kennedy School ၏ "Myanmar Agriculture in 2011: Old Problems and New Challenges" အား ကိုးကားသည်။

ငြိမ်သက်ခြင်းမရှိသည့်အပြင် အစိုးရသည် မည်သည့်ကောက်ပဲသီးနှံ အားစိုက်ပျိုးစေပြီး၊ ပုံသေဈေးနှုန်းသက်မှတ်ပေးသည့်အတွက် လယ်သမားများသည် စီးပွားရေးအကြပ်အတည်းများ ကြုံတွေ့ရသည်။ သာမန်စီးပွားရေးအကြပ်အတည်းကိုပြုရမည်ဆိုလျှင် မိသားစုဝင်တစ်ဦးသည် နာမကျန်းဖြစ်သည့်အခြေအနေမျိုးနှင့် ဈေးကွက်အခြေအနေပြောင်းလဲမှုတို့ဖြစ်သည်။ Qualitative Social and Economic Monitoring Report တွင် လေ့လာသူများသည် ၄င်းအခြေအနေများကို ဆက်လက်တွေ့ရှိနေရပြီး၊ အခြေအနေသည်လည်း ဆိုးရွားလာကာ အကြွေးပမာဏသည် မြင့်တက်လာနေသည်။ ၄င်းအခြေအနေသည် အိမ်ထောင်စုတစ်စုကို အကြွေးနှံနစ်စေသည့်အပြင် ပိုင်ဆိုင်မှုများအားလုံးကိုပါ ဆုံးရှုံးစေနိုင်သည်။[14]

မြေစွန့်လွှတ်ရမှုနှင့် ပိုင်ဆိုင်ခွင့် ဆုံးရှုံးမှုအခြေအနေများသည် ကြီးထွားလာသည့် ပြဿနာများဖြစ်သည်။ 2013 Framework for Social and Economic Reform (FESR) တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအစိုးရက မြေမပိုင်ဆိုင်မှုသည် နိုင်ငံ၏ ဆင်းရဲမှုအပေါ် သက်ရောက်မှုရှိသည်ကို အသိအမှတ်ပြုထားသည် (အထူးသဖြင့် ရန်ကုန်၊ ဇရာပတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင်မြင့်မားသည်)။ FESR တွင် နိုင်ငံအတွင်း ၂၅ ရာခိုင်နှုန်းသည် မြေမပိုင်ဆိုင်မှုကိစ္စရပ်များဖြစ်ကာ၊ အများစုသည် ပဲခူးတိုင်းဒေသကြီးတွင် အမြင့်ဆုံး ၄၄ ရာခိုင်နှုန်းအထိရှိသည်ကို တွေ့ရသည်။[15] ယခုနှစ်အနည်းငယ်အတွင်း သစ်တောမြေနေရာများအား ရှင်းလင်းဖယ်ရှားကာ ကြီးမားသည့်စက်မှုလက်မှု စိုက်ပျိုးရေးအတွက် လုပ်ဆောင်လာမှုများမြင့်မားလာပြီး ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများနှင့် သစ်တောထုတ်ကုန် ပစ္စည်းမဟုတ်သည့် အပေါ် မှီခိုနေရသည့်သူများအတွက် မလုံခြုံမှုများဖြစ်လာသည်။[16] ပြီးခဲ့သည့် ၂ နှစ် - ၃ နှစ်အတွင်း လယ်မြေသိမ်းဆည်းမှုများကြောင့် ဆန္ဒပြမှုများအပြင် ဓလေ့ထုံစံအရ မဟုတ်သည့် လုပ်ကိုင်မှုမျိုးအပေါ် ကိုလည်း ကန့်ကွက်မှုများရှိခဲ့သည်။

မြေမပိုင်ဆိုင်မှုများကြောင့် နှစ်တစ်နှစ်၏ ရာသီအချိန်အချို့တွင် အလုပ်သမားများသည် မိမိနေထိုင်ရာ ကျေးလက်ဒေသများမှ စွန့်ခွာကာ အဝေးမှသွားရောက်လုပ်ကိုင်ကြပါသည်။ 2014 Qualitative Social and Economic Monitoring အစီရင်ခံစာတွင် မြေပိုင်ရှင်များသည် အများဆုံးသက်ရောက်မှု ကြုံတွေ့နေရသူများဖြစ်သည်ဟု ဖော်ပြထားသည်။ ၄င်းတို့သည် ကောက်ပဲသီးနှံများစိုက်ပျိုးရန်နှင့် ရိတ်သိမ်းချိန်များအတွက် နေ့စားအလုပ်သမားများ မရှာဖွေနိုင်ခြင်းများနှင့်ရင်ဆိုင်နေရသည်။[17] မြေအနည်းငယ် ပိုင်ဆိုင် သည့် လယ်သမားများ (သို့) အငှားလုပ်ကိုင်နေသူများ (precarious tenure) သည် ယခင်က အချိန်ပိုင်းလုပ်အားခ (သို့) အိမ်နီးချင်းများနှင့် အလုပ်များအားခွဲဝေ လုပ်ကိုင်ကြသူများသည် အထက်ဖော်ပြပါ အခြေအနေများကြောင့် ငှားရမ်းလုပ်ကိုင်သူများကို ပေးသင့်သလောက် မပေးနိုင် သောကြောင့် နေရပ်မှစွန့်ခွာမှုများရှိသဖြင့် ဒေသခံ ကလေးအလုပ်သမားများအပေါ်မှာ မှီခိုရမှုသည် မြင့်မားလာသည်။ ကလေးလုပ်သားများ၏ လုပ်ခသည်လည်း နည်းပါးသည်။ စိုက်ပျိုးရိတ်သိမ်း ချိန်မဟုတ်သည့် အချိန်များတွင် အခြားအလုပ်ကိုင်များကို လုပ်ကိုင်သည်။ ခြောက်သွေ့သည့် နေရာဒေသများသို့ မြေပိုင်ဆိုင်မှုမရှိသည့်သူများနှင့် မြေအနည်းငယ်ပိုင်ဆိုင်သူများက စွန့်ခွာသည်။ ၄င်းကဲ့သို့ အစီရင်ခံစာသည် ငါးလုပ်ငန်းအနည်းပိုင်ဆိုင်သူများတွင်လည်း အလားတူ မြို့ပြစနစ်များကြောင့် စီးပွားရေးအခွင့်အရေး ကိစ္စရပ်များသည် ကျရှုံးလာသည်ကို တွေ့ရသည်။ ထို့အပြင် ဖွဲ့စည်းတည်ဆောက်မှု ပုံစံများ ခွင့်ပြုချက်များနှင့် သဘာဝပတ်ဝန်းကျင်များသည် ငါးလုပ်ငန်းအပေါ် သက်ရောက်မှုရှိသည်။

လယ်ယာစိုက်ပျိုးရေးတွင် မည်ကဲ့သို့ လုပ်ငန်းအရွယ်အစားပင်ရှိစေ ကျန်းမာရေး၊ ဘေးကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေများ (သို့) စံနှုန်းများသည် အားနည်းနေပါသည်။ ရှင်းလင်းရမည်ဆိုလျှင် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး ကြည့်ရှုဆောင်ရွက်မှုသည် နိုင်ငံ၏ မြို့ပြစက်မှုလုပ်ငန်းများနှင့်

14 ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ရက်စွဲပါ Livelihood and Food Security Trust Fund မှ ကော်မရှင်ပြုသည့် Enlightened Myanmar Research နှင့် World Bank ၏ "Qualitative Social and Economic Monitoring: Round Four Report " အား ကိုးကားသည်။

15 ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ရက်စွဲပါ First Myanmar Development Cooperation Forum သို့ တင်ပြခဲ့သည့် "Framework for Economic and Social Reform – Towards the long term goals of the national comprehensive development plan for 2012-2015" အား ကိုးကားသည်။

16 ၂၀၁၅ ခုနှစ်၊ မတ်လ Woods, Kevin ၏ "Commercial Agriculture Expansion in Myanmar: Links to Deforestation, Conversion Timber, and Land Conflicts ၊ "Forest Trends Report Series: Forest Trade and Finance. Forest Trends အား ကိုးကားသည်။

17 Enlightened Myanmar Research နှင့် World Bank ၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်ပြီး Livelihood and Food Security Trust Fund မှ ကော်မရှင်ပြုထားသည့် "Qualitative Social and Economic Monitoring: Round Four Report" အား ကိုးကားသည်။

နိုင်းယှဉ်မည် ဆိုလျှင်လည်း ၎င်းတို့တွင် အားနည်ချက်ရှိနေပါသည်။ ဓာတုဗေဒများအသုံးပြုမှု၊ လွန်ကဲသော အပူရှိန်များ၊ အန္တရာယ်ရှိသည့် တိရိစ္ဆာန်များ၊ အန္တရာယ်ရှိသည့် စက်ပစ္စည်းများ၊ အလုပ်ချိန်များနှင့် အခြား အန္တရာယ်များသည် စောင့်ကြည့်ထားခြင်းမရှိခြင်း (သို့) တိုင်းဒေသကြီး (သို့) ဒေသခံအဖွဲ့အစည်းများမှ စီမံခန့်ခွဲမှုမရှိခြင်း၊ ထို့အပြင် အရေးပေါ် ကျန်းမာရေး အခြေအနေများတွင် ကျေးလက်ဒေသ ကျန်းမာရေးဌာန များသည် အနီးအနားတွင်မရှိသည့်အပြင် ကျန်းမာရေးဝန်ထမ်းများမရှိခြင်း (သို့) လိုအပ်သောဆေးဝါး ကုသမည့်ပစ္စည်းများ မလုံလောက်ခြင်းတို့ကြောင့်အရေးပေါ် ကုသမှုများအတွက် အခက်အခဲဖြစ်နေပါသည်။ ကလေးများသည် အပြင်းအထန်ထိခိုက်ဒဏ်ရာရခြင်း၊ အရေးပေါ် အခြေအနေမျိုးတွင် အရည်အချင်းပြည့်မီ သည့် လက်ထောက် ကျန်းမာရေးဝန်ထမ်းများရှိနေရန်လိုအပ်နေပါသည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ် အခွင့်အရေး

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူဦးရေ ၅၆ ရာခိုင်နှုန်းနီးပါးသည် ကလေးများဖြစ်သည်။[18] တစ်နေ့ထက် တစ်နေ့ဆင်းရဲ နွမ်းပါး မှုများအပြင် ကလေးများ ရသင့်ရထိုက်သည့် အခွင့်အရေးများပါ ဆုံးရှုံးမှုရှိနေသည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီများသည် အစိုးရ၏ ၂၀၁၂ ခုနှစ် Convention on the Rights of the Child စီစစ်မှုများပြုလုပ်ကာ ယခင်ကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများတွင် လေ့လာတွေ့ရှိမှုများနှင့် ကိစ္စရပ်များ ကိုဖော်ထုတ်ကာ ကလေးသူငယ်တစ်ဦး၏ ရသင့်ရထိုက်သည့်အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် စိစစ် တိုက်တွန်းမှုများလုပ်ဆောင်နေသည်။[19] ကလေးများအား တရားဥပဒေအရ ကိုယ်စားပြုခွင့်နှင့် ကာကွယ်မှု ပေးနိုင်သည့် ကန့်သတ်ချက်များရှိသည်။ ခေါင်းပုံဖြတ်ခံရသည့် ကလေးများသည် ပြန်လည်ပြင်ဆင် ပြု ပင်လုပ်ဆောင်ခွင့်ရရှိနိုင်သည့် စနစ်သည်လည်း နည်းပါးသည်။ လက်တွေ့ကျကျပြောရမည်ဆိုလျှင် ကျောင်းမတက်သည့် ကလေးများသည် အန္တရာယ်များဖြင့် ကြုံတွေ့ရနိုင်သည်။ ၎င်းတို့သည် အလုပ်ရုံ (သို့) အိမ်တွင်လုပ်ကိုင်နေရသည့် အခြေအနေများကြောင့် အကူအညီရယူရန်နှင့် ဥပဒေဖွဲ့စည်းမှုအရ အကာအကွယ်မယူနိုင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် ခေါင်းပုံဖြတ်ခံရခြင်း (သို့) နှိပ်စက်ခံရခြင်းတို့ ကြုံတွေ့လာရနိုင်သည်။ ဥပဒေဖွဲ့စည်းမှုအရ လုပ်ဆောင်နိုင်ခြင်း မရှိသည့်အခါ၌ ကလေးများ၏ ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ပါဂင်ခွင့်နှင့် ၎င်းတို့ ကိုယ်တိုင် ကောင်းမွန်မှု ရှိစေရန် အကောင်းဆုံးနည်းလမ်း ဆုံးဖြတ်ခွင့်များ ဆုံးရှုံးစေသည်။ လက်ရှိပြဋ္ဌာန်းထားသည့် ကလေးများနှင့် ပတ်သက်သည့် ဥပဒေတွင် ကလေးတစ်ယောက်အား မိဘ၊ ဆရာ (သို့) အခြားအုပ်ထိန်းသူမှ သတိပေး ဆုံးမခွင့်ရှိသည်ဟု ပါဂင်သည်။ ထို့အပြင် ကောင်းမွန်သည့်ရည်ရွယ်ချက်ဖြင့် အသက် ၁၂ နှစ် အောက်ရှိသူ တစ်ဦးပေါ် ပြုလုပ်သည့်အရာများအား ဥပဒေအရ ခွင့်လွှတ်ထားသည်။[20] ၁၉၉၃ ခုနှစ် ကလေး သူငယ်ဥပဒေအား နှစ်များကြာစွာ ပြန်လည်စိစစ်မှုများပြုလုပ်ခဲ့သော်လည်း လက်ရှိအစီရင်ခံစာ ရေးသား သည့် အချိန်အထိ ခိုင်မာတိုးတက်မှုရှိသည့် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ စီရင်ဆုံးဖြတ်ချက်ချမှတ်ထားခြင်း မရှိသေးပေ။

မြန်မာနိုင်ငံတစ်ဖွဲ့မံတွင် ကလေးလုပ်သားများနှင့်ပတ်သက်၍ လေ့လာစောင့်ကြည့်နိုင်မှုပြုလုပ်ရန် နည်းစနစ် ကျမှုနည်းပါးသည့် အချက်အလက်စုဆောင်းမှုနှင့် စိစစ်မှုများရှိနေသေးသည်။ လွန်ခဲ့သည့် နှစ် ၅၀ ကျော်အတွင်း အားကိုးနိုင်သည့် ၂၀၁၄ခုနှစ် ယေဘုယျအားဖြင့် လူဦးရေစာရင်း လေ့လာတွေ့ရှိချက်တွင် အသက် ၁၀ နှစ်မှ

18 2014 Myanmar General Census စီစစ်ထားသည့် အချက်အလက်များနှင့် the 2009/10 Integrated Household Living Conditions Assessment (IHLCA) သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် တင်ပြခဲ့သည့် Dr. A. Bonnerjee ၏ "The Census and Gender Issues: A Call to Action" တွင် ဖော်ပြထားရှိသည်။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်အား အနိမ့်ဆုံး ဝင်ငွေရရှိသည့် လူဦးရေ ၄၀% အတွက် နေ့စဉ် မြန်မာကျပ်ငွေ ၁,၂၀၀ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁) သတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ်၊ ဖွန်လတွင် UNICEF အတွက် Dr. A Bonnerjee ၏ "Social Protection in Myanmar: The impact of Innovative policies on poverty" ရေးသားပြုစုမှုအား ကိုးကားသည်။

19 ၂၀၁၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်သည့် Concluding Observations on the third/forth report; CRC/C/MMR/CO/3-4, p. 1-2 တို့အား ကိုးကားသည်။

20 မြန်မာနိုင်ငံ ၁၉၉၃ ကလေးဥပဒေ ကောက်နုတ်ဖော်ပြချက်အရ - ၁၉၉၃ ကလေးဥပဒေသည် လက်ရှိအချိန်တွင် ပြန်လည်စိစစ်မှု များ ပြုလုပ်နေသည့်တိုင် ဥပဒေအရ ခိုင်မာသည့် ဆက်လက်လုပ်ဆောင်မှုအား ဥပဒေတွင် ထည့်သွင်းထားခြင်းမရှိပေ။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ရက်စွဲဖြင့် "Corporal Punishment of Children in Myanmar, Global Initiative to End all Corporal Punishment of children အား ကိုးကားသည်။ ၎င်းအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် http://www.endcorporalpunishment.org/assets/pdfs/states-reports/Myanmar.pdf မှ ရယူထားသည်။

၁၇ နှစ်ရှိ ၂၃.၇ ရာခိုင်နှုန်းကလေးများသည် လုပ်ငန်းခွင်တွင် ပင်ရောက်လုပ်ကိုင် နေသည်ဟု ဖော်ပြထားသည်။[21] ၂၀၁၅ခုနှစ် ILO လေ့လာမှုတစ်ခုတွင် အပြန်အလှန် ဆက်နွယ်နေသည့် အိမ်ထောင်စု စီးပွားရေးအခြေအနေများ၊ လူမှုအသိုင်းအဝိုင်းလက်ခံမှု၊ အရည်အသွေး မြင့်မားသည့် ပညာရေး သင်ယူနိုင်ခြင်းမရှိမှုနှင့် ဥပဒေအရ ကောင်းမွန်စွာ အကာအကွယ် မပေးနိုင်မှုများသည် ကလေး လုပ်သားကိစ္စရပ်များ ကျယ်ပြန့်လာကို တွေ့ရှိခဲ့သည်။[22] ၄င်းလေ့လာတွေ့ရှိချက်အရ ကလေးများသည် ၄င်းတို့၏ မိသားစုများနှင့် မိဘများ (သို့) အုပ်ထိန်းသူများမှ အချိန်ကြာမြင့်စွာလုပ်ကိုင်ခြင်းနှင့် အန္တရာယ်ရှိ သည့်အခြေအနေမျိုးရှိနေသည်ကို သိရှိသည့်တိုင် ကလေးများအား အလုပ်လုပ်စေရန် အသိအမှတ်ပြု ပေးသည်ကို အတည်ပြုနိုင်ခဲ့သည်။ လေ့လာသူများသည်လည်း ပညာပေးလုပ်ဆောင်နေသူများ၊ ဆေးဖက်ဆိုင်ရာကျွမ်းကျင်သူများနှင့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များသည် အလုပ်လုပ်ကိုင်နေသည့် ကလေးများ ထိခိုက်နိုင်သည့်ကိစ္စရပ်များနှင့် ရေရှည်အကျိုးသက်ရောက်မှုရှိနိုင်မည်ဆိုသည်ကို သိရှိမှု ကန့်သတ်ချက်ရှိသည်ဟု တွေ့ရှိရသည်။ ထိုကဲ့သို့ သိရှိမှုနည်းပါးခြင်းနှင့် လူမှုအသိုင်းအဝိုင်း အရလက်ခံ ထားရှိခြင်းတို့သည် ကလေးများနှင့်ပတ်သက်သည့် လှုပ်ရှားမှုများ (သို့) ကလေးလုပ်သားများ မတော်တဆ ဖြစ်ပွားမှုမရှိစေရန် နည်းပညာပိုင်းဆိုင်ရာ ကြားဝင်ကူညီမှု (သို့) လက်ရှိ ကလေးလုပ်သားများ ဆောင်ရွက်မှု များ၏ မကောင်းသောအကျိုးဆက်များ ဖြစ်ပေါ်နိုင်သည့်အလားအလာကို နည်းပါးအောင်လုပ်ဆောင်ရာတွင် ထိခိုက်စေသည်။

လုပ်ငန်းခွင်အတွင်း အကြမ်းဖက်ခံရမှုနှင့် ကလေးများအပေါ် လုပ်ငန်းခွင်အတွင်း ဆက်ဆံမှု အစရှိသည့် ကိစ္စရပ်များသည် နိုင်ငံတဝှမ်းတွင် ကွာခြားမှုရှိသည်။ မြန်မာနိုင်ငံ ဗဟိုအစိုးရအဖွဲ့သည်လည်း အချုပ်အခြာ အာဏာအပြည့်အဝ မလွှမ်းမိုးနိုင်သေးပေ။ တိုင်းဒေသကြီးအောက်တွင်မရှိသည့် များပြားသည့် အဖွဲ့အစည်းများသည် နယ်မြေများစွာအား လွှမ်းမိုးမှုရှိပြီး ၄င်းနယ်မြေများတွင် လူမှုပန်ဆောင်မှုများဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးပန်ဆောင်မှုများ၊ မြေအသုံးချခွင့်ကိစ္စရပ်များနှင့် အခွန်အခကောက်ခံမှုများကိုပါ ကိုယ်တိုင် လုပ်ဆောင်နေသည်။ နိုင်ငံအတွင်းရှိ ကလေးလုပ်သားကိစ္စရပ်များသည် မှန်မှန်ကန်ကန်နှင့် လက်တွေ့ဘဝတွင် အကြောင်းအရာ အလိုက်မူတည်နေပြီး ယေဘုယျအားဖြင့် ပြောဆိုလုပ်ဆောင်မှုများ၌ နားလည်သဘောပေါက်နိုင်မည်မဟုတ်ပေ။

မွန်ပြည်နယ်အရှေ့ပိုင်းဒေသတွင် "ကလေးများငှားရမ်းရန်ရှိသည်" အမည်ဖြင့် မှတ်တမ်းပြုစုခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စီမံချက်တွင် ကလေးများသည် လုပ်ငန်းခွင်သို့ ပင်ရောက်ရခြင်းမှာ လူကြီးများသည် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်း မြင့်မားမှုကြောင့်ဟု ပါဝင်သည်။[23] လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ သမိုင်းကြောင့်လည်း ဒေသခံများသည် အရှေ့ဘက်သို့ ကူးပြောင်းကာ အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေခြင်း၊ ထိုင်း ရော်ဘာစိုက်ပျိုးသူများနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်းနှင့် ကုန်သည်များအဖြစ်ပါ မြန်မာနိုင်ငံ၏ အခြားဒေသများ သို့ပါ ကွန်ရက်များချိတ်ဆက်တည်ဆောက်လာသည်။ ဤသည်မှာ အက်ကွဲမှုကြီးဖြစ်နေသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် အမျိုးမျိုးသော အခြေအနေများ၏ ဥပမာတစ်ခုအနေဖြင့် ပြသခြင်းဖြစ်သည်။

ယခုလေ့လာတွေ့ရှိချက်သည် အခြားမတူညီသည့်အခြေအနေများနှင့် လက်တွေ့တွင် ကြုံတွေ့နေရသည့် ကလေးသူငယ်များ၏ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမှာ ပါဝင်နေပုံကို ပထဝီနေရာဒေသများနှင့် ကဏ္ဍခွဲအများအပေါ် မြင်သာသည့် သက်ရောက်မှုရှိနိုင်မည်။ မြို့ပြများတွင် ကလေးများလုပ်ကိုင်ရသည့် အလုပ်သဘောတရားသည် သာမန်အားဖြင့် ယောကျ်ားလေးများသည် လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်ရသည့် အတွက် ယောကျ်ားလေးနှင့် မိန်းကလေးများကြား ကွဲပြားမှုရှိသည်။ သို့သော် ယောကျ်ားလေးနှင့်

21 တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကောက်ယူခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းအား လက်ခံမှုများစွာရှိသည့်တိုင် နိုင်ငံရေးတင်းမာမှုများနှင့် ပြည်တွင်းတွင် သဘောထားကွဲလွဲမှုများကြောင့် မြန်မာနိုင်ငံ၏ အချို့ပထဝီမြေနေရာဒေသရှိ လူဦးရေးအား အိမ်ထောင်စု လူဦးရေ စာရင်း ကောက်ယူရာတွင် ထည့်သွင်းနိုင်ခဲ့ခြင်းမရှိပေ။ တစ်နိုင်ငံလုံးအတိုင်းအတာအရ လူဦးရေ မည်မျှရှိနိုင်သည်ကို ရှင်းလင်းစွာမသိရှိနိုင်သည့်အပြင်၊ အိမ်ထောင်စာရင်းကောက်ယူရာတွင် ကျန်ရှိခဲ့သည့်သူများသည် အရေ အတွက်သည် နည်းပါးနိုင်သည့်တိုင် ကလေးအလုပ်သမားကိစ္စနဲ့ပတ်သက်၍ သိသာသည့် သက်ရောက်မှုမရှိနိုင်ပေ။ သို့သော် ပြည်တွင်းတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသည့် နေရာဒေသများရှိ ကလေးများသည် လုပ်ငန်းခွင်အတွင်းသို့ ပင်ရောက် လုပ်ကိုင်နိုင်သည့် အခြေအနေသည် မြင့်မားနေပြီး၊ ၄င်းနေရာဒေသများတွင်လည်း ပညာရေးအခွင့်အလမ်းများသည် နည်းပါးသည်။

22 ၂၀၁၅ ခုနှစ်၊ ILO ၏ "Knowledge, Attitude and Practices (KAP) Study in Child Labour in Yangon, Ayeyarwady Region and Mon State" အား ကိုးကားသည်။

23 ၂၀၁၅ ခုနှစ်၊ ဇန်နဂါရီလ The Women and Child Rights Project, "Children for Hire" အားကိုးကားသည်။ ၄င်းနဲ့ပတ်သက်သည်အား http://www.rehmonnya.org/reports/childrenforhire.pdf တွင် ကြည့်ရှုနိုင်သည်။

မိန်းကလေးလုပ်ကိုင်ရသည့် အလုပ်နှင့် လုပ်ငန်းအခြေအနေများအပေါ်တွင် လေ့လာမှုများနည်းပါးနေပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန်လိုသည်။ မိန်းကလေးငယ်များ၏ အခွင့်အရေးဆိုင်ရာ ကြေညာချက်[24]နှင့် ပတ်သက်သည့် ၂၀၁၃ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် ဆွေးနွေးပွဲတွင် အမျိုးသားများနည်းတူ လုပ်အားခ ခံစားခွင့်ရရှိရေးနဲ့ ပတ်သက်ပြီး ပြောကြားခဲ့သည်။ ၎င်းနှင့်ဆက်နွယ်သည့် အစီရင်ခံစာတစ်ခုတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် အိမ်ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် မိန်းကလေးအလုပ်သမား များအား ပေးသည့်လစာသည် လုပ်ကိုင်ရခြင်းအတူတူ ယောကျ်ားလေးများထက် နည်းနေသည်။ မိန်းကလေးတစ်ဦးက ဥပမာအားဖြင့်ပြောကြားချက်အရ ဘိလပ်မြေဖျော်ရာတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုထိရောက်စွာလုပ်ကိုင်နိုင်သည်ဟု ယူဆထားသဖြင့် လုပ်ငန်းခွင်အတူတူ လုပ်ကိုင် ရသော်လည်း ယောကျ်ားလေးများသည် လစာပိုမိုရရှိသည်။ ထို့အပြင် မိန်းကလေးများသည် အုတ်ခဲများ (သို့) ကျောက်တုံးများ သယ်ပို့ခြင်း၊ ဖျော်ထားသည့် ဘိလပ်မြေများအား သယ်ပေးခြင်း (သို့) လုပ်ငန်းခွင် မရှုပ်ပွနေအောင် လုပ်ဆောင်ရသည်။[25] မိန်းကလေးအများစုသည် အခြားသူတစ်ယောက်၏ အိမ်၊ စက်ရုံ (သို့) ဆိုင်များမှာ အများမမြင်နိုင်သည့် နေရာမျိုးမှာ လုပ်ကိုင်နေရသည့်အတွက် ခေါင်းပုံဖြတ်ခြင်းနှင့် နှိပ်စက်မှုများ သည် ပြင်းထန်နိုင်သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်

ကလေးအလုပ်သမားနှင့် အဆိုးရွားဆုံး ကလေးအလုပ်သမားပုံစံ၏ လက်တွေ့ကျကျ အဓိပ္ပါယ် ဖွင့်ဆိုချက်သည် ငယ်စဉ်ဘဝတွင် ကျောင်းတက်ရောက် ပညာသင်ယူခွင့် အပြည့်အဝရှိမရှိပေါ်တွင် မူတည်နေသည်။[26] ကလေးတစ်ယောက်၏ စီးပွားရေးလုပ်ငန်းများအပေါ် လုပ်ဆောင်မှုသည် သူ၊ သူမ၏ ပညာရေး၊ သူ၊သူမ၏ ကလေးဘဝပေါ်တွင် မူတည်နေသည့်အတွက် နိုင်ငံ၏ ပညာရေးစနစ် အစစ်အမှန်အတိုင်းကို စဉ်စားရန် လိုသည်။

လတ်တလော ပညာရေးအတွက် သုံးစွဲမှုသည် GDP ၏ ၁.၅ ရာခိုင်နှုန်းသာရှိသည့်အပြင် ကျွမ်းလုံး ဆိုင်ရာအဆင့် သတ်မှတ်ချက်တွင် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသာရှိပြီး ဒေသတွင် အနိမ့်ဆုံးဖြစ်နေသည်။[27] ပညာရေးစနစ်သည် လက်လှမ်းမီနိုင်ခြင်းနှင့် အရည်အသွေးကြောင့် ပြဿနာများနှင့် ကြုံတွေ့နေရသည်။ ပညာရေးသည်လည်း မူလတန်းတွင် အခမဲ့သင်ယူရသော်လည်း အတန်းအဆင့်တိုးလာသောအခါ အလယ်တန်းပညာသင် တဖြည်းဖြည်း ကုန်ကျစရိတ်များလာခြင်း၊ အခြားဝေးလံသည့် ကျေးရွာသို့ သွားရောက် သင်ယူရခြင်း၊ တခါတရံ ရွာမှ စွန့်ခွာပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရခြင်းတို့ ဖြစ်သည်။ ပညာရေးစနစ်သည်လည်း အလွတ်ကျက်မှတ်ဖြေဆိုရတဲ့စနစ်ဖြစ်ပြီး၊ ကျောင်းသားများသည် ပြဿနာ ဖြေရှင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် နည်းစနစ်များ ရှာဖွေဖြေရှင်းနည်းတို့ကို လေ့လာနိုင်ခွင့်မရပေ။ ပညာရေးဂန်ကြီးဌာနသည်လည်း ဗဟိုမှ ချုပ်ကိုင်ထားသည့်အတွက် ပညာရေးအစီအစဉ်များသည့် လိုက်ဖက်မှုမရှိကာ ဒေသခံကလေးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိဖြစ်နေသည်။[28]

မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် အတန်း ၁၁ တန်း ပါဝင်သည်။ ၎င်းတို့မှာ - မူလတန်းသည် သူငယ်တန်းမှ စတုတ္ထတန်း၊ အသက် ၅ နှစ် (သို့) ၆ နှစ်မှစကာ၊ အလယ်တန်းသည် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိဖြစ်ပြီး၊ အထက်တန်းသည် နဝမတန်းမှ ဒသမတန်းဖြစ်သည်။[29] အထက်တန်းကျောင်းများသည် နည်းပါးသည့် အတွက် ကျေးလက်မှကလေးများသည် အခြားနေရာဒေသများမှာ သွားရောက် သင်ယူရသည်။ ၎င်းစရိတ် များသည် အခြား သွားလာရေးစရိတ်၊ ကျောင်းလခများ၊ နေထိုင်ခများအပြင် တစ်ယောက်တည်းနေထိုင် ရသည့် အတွက် ကြုံတွေ့နိုင်သည့် အန္တရာယ်များနှင့် အိမ်ထောင်စုမှာ လုပ်အားဆုံးရှုံးမှုများ ဖြစ်ပေါ် လာသည်။ ယခုတွေ့ရှိရချက်သည့် တစ်နိုင်ငံလုံးအတိုင်းအတာ အတန်းပြီးမြောက်အောင်မြင်စွာ တက်ရောက်ခြင်း စစ်တမ်းက သက်သေဖြစ်သည်။

24 ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၏ Girl Determined/Colorful Girls, "Statement on Girls' Rights," အားကိုးကားသည်။ http://www.irrawaddy.com/feature/girl-power-rises-burma.html လင့်ခ်အား ကြည့်ရှုနိုင်သည်။

25 ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် Girl Determined/Colorful Girls, Internal report on Adolescent Girl Workers in Myanmar, 2013-14 အား ကိုးကားသည်။

26 ILO Convention 138 နှင့် ILO Convention 182 အား ကိုးကားသည်။

27 ၂၀၁၃ ခုနှစ်တွင် UNICEF ၏ "Snapshot of Social Sector Public Budget Allocations and Spending in Myanmar" တွင် ဘဏ္ဍာရေးနှင့် အကောက်ခွန်ဂန်ကြီးဌာနနဲ့ ပတ်သက်သည့်အချက်အလက်ပါရှိသည့် အကြောင်းအရာအား ကိုးကားသည်။

28 ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ တွင် The Asia Foundation, Subnational Governance in Myanmar Discussion Series, Paper No. 1. တွင် Zobrist ၊Brooke နှင့် Patrick McCormick, "A Preliminary Assessment of Decentralization in Education: Experiences from Mon and Shan States" ရေးသားချက်အပေါ် ကိုးကားသည်။

29 လက်ရှိ ပညာရေးစနစ်အရ မြန်မာနိုင်ငံ၏ ပညာရေးအတန်းပညာစနစ်နဲ့ ပတ်သက်ပြီး ကျောင်းများအား တရားဝင်ခေါ်ဆိုမှုသည် "မူလတန်း"၊ "အလယ်တန်း"နှင့် "အထက်တန်း" ကျောင်းများဖြစ်သည်။

၂၀၁၄ ခုနှစ် အချက်အလက်များ ကောက်ယူချိန်တွင် ကလေးအသက်အရွယ် ၅-၁၇ နှစ်အထိ အရေအတွက်စုစုပေါင်းဦးရေ ၃၅.၇၂ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်ခြင်းမရှိပေ။ ၎င်းသည် ကလေးအရေအတွက် ၄.၅ သန်းခန့်ရှိသည်။[30] ဥပဒေအရ မူလတန်းပညာရေးသည် အခမဲ့ဖြစ်ပြီး၊ မသင်မနေရ ဖြစ်သည်။ တိုင်းဒေသကြီးအလိုက် ကျောင်းအပ်နှံမှုနှုန်း ကျောင်းတက်ရောက်မှုနှုန်းသည် ကွဲပြားသည်။ ရှမ်းပြည်နယ်တွင် ကျောင်းအပ်နှံမှုသည် အနိမ့်ဆုံးမှဖြစ်ပြီး၊ ချင်း၊ ကချင်နှင့် ကယားပြည်နယ် တို့တွင် အမြင့်ဆုံးဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားအများစု နေထိုင်သည့်နေရာဒေသများဖြစ်သည်။ ၎င်းတို့အား ယခုလေ့လာတွေ့ရှိချက်တွင် မထည့်သွင်းထားပါ။ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တွင် ကျောင်းမတက်သည့် ကလေးအရေအတွက်သည် ကျဆင်းသွားသည်။ ကျောင်းအပ်နှံမှုသည် နောက်ကျမှ ကျောင်းအပ်နှံသူများရှိသည့်တိုင် ၈၄ ရာခိုင်နှုန်း မကျော်လွန်ခဲ့သည့်ကို အတန်းအလိုက် (သို့) ပထဝီနေရာဒေသအလိုက် တွေ့ရှိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ အသက်အရွယ် ၁၀ နှစ် နောက်ပိုင်းတွင် ကျဆင်းလာသည်။ အချို့နေရာဒေသများတွင် ယောကျ်ားလေးများသည် မိန်းကလေးများ ထက် ကျောင်းထွက်စောသည်။ အထူးသဖြင့် မူလတန်းအဆင့်ကပင် ကျောင်းထွက်နှုန်းများသည်ကို တွေ့ရသည်။ အခြားဒေသများ၌ အလယ်တန်းအဆင့်များတွင် မိန်းကလေးများက ယောကျ်ားလေးများထက် ပိုမို၍ ကျောင်းထွက်များသည်ကို တွေ့ရသည်။

ပညာရေးရလဒ်များဆိုးရွားနေမှုသည် အဓိကပြဿနာဖြစ်ပြီး နီးနီးကပ်ကပ်ဂရုပြုလုပ်ဆောင်ဖို့လိုနေသည်။ ထိုကဲ့သို့ ကျောင်းထွက်ရခြင်း အကြောင်းအရင်းသည်လည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့်မဟုတ်ဘဲ မိသားစု စီးပွားရေးအကြပ်အတည်း၊ ဒေသခံများ၏ ပညာရေးအပေါ် သဘောထားအမြင်၊ အလုပ်အကိုင် အခွင့်အလမ်းရ ကျောင်းမှာ ပညာသင်ယူနိုင်ခွင့်အပြင်၊ မိမိကိုယ် တန်ဖိုးနှိမ့်ကာ မြင်ခြင်းသည် ၎င်းကလေး များအား တွန်းဖယ်ထားခံရသူများဟု မြင်သည်။ အဆိုပါ တွန်းဖယ်ခံထားရသူများသည် အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ် အထက်တန်းကျောင်းပြီးဆုံးသူ များလည်း ပါ၀င်ကာ ၎င်းတို့သည် တက္ကသိုလ် ဆက်လက် တက်ရောက်လိုခြင်းမရှိပေ။ ကလေးတစ်ယောက်သည် ပုံမှန်အတန်းများကို တစ်ဆင့်စီ ပြီးမြောက် အောင်မြင်ပါက အသက် ၁၆ နှစ်အရွယ်တွင် အထက်တန်းပညာရေးသည် ပြီးဆုံးသည်။ ငယ်ရွယ်စဉ်ကပင် အဆိုပါ စနစ်ထဲမှ တွန်းဖယ်ခံရသူများနှင့် ကွာခြားသည်။[31] အရွယ်ရောက်သည့် ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် လူမှုရေးနှင့် စီးပွားရေးပြဿနာများသည် မြန်မာနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းတွင် ကြီးမားသည့် ပြဿနာကြီးတစ်ခုအနေဖြင့် နောင်ခါတွင် ကြုံတွေ့လာနိုင်သည်။

30 ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြသခဲ့သည့် Dr. A. Bonnerjee ၏ "The Census and Gender Issues: A Call to Action," Presentation အား ကိုးကားသည်။

31 လက်ရှိ ကျောင်းပညာရေးစနစ်အပေါ် ပြန်လည်စိစစ်ဆောင်ရွက်နေမှုများအရ ယခင် ၁၁ တန်းအထိ ပညာသင်ယူမှုအား၊ အတန်း ၂ တန်း တိုးမြှင့်ကာ ၁၃ နှစ် သင်ယူရသည့်စနစ်ဖြစ် ပြောင်းလဲနိုင်ရန် လုပ်ဆောင်နေသည်။



© ILO Photo / Marcel Crozet



ကလေးအလုပ်သမား – ဥပဒေမူဘောင်[32] နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အဓိက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ ဖြစ်သည့် ၁၉၉၁ ခုနှစ်တွင် UN Convention on the Rights of the Child ကို ရေးထိုးခဲ့သည့်အပြင် ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည့် Universal Periodic Review အတွက် နိုင်ငံများစွာမှ ကလေးအခွင့်ရေးများဆိုင်ရာ ထောက်ခံချက်များရရှိခဲ့သည့်အပြင် "Convention on the Rights of the Child သဘောတူညီချက်အရ ထိရောက်မှုရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှု သေချာစေခြင်း"[33] လက်တွေ့လုပ်ဆောင်ရန်ပါဝင်သည်။

မြန်မာနိုင်ငံ၏ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေသည် ဥပဒေကြောင်းလမ်းအရ ဆုံးဖြတ်မှုများပြုလုပ်ရာမှာ အဓိကကျသည်။ CRC လိုအပ်ချက်အရ ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ပြုပြင်မှုများပြုလုပ်ပြီးသည့်တိုင် ဥပဒေအားလိုက်နာကျင့်သုံးမှု အားနည်းနေသည်။ ဥပဒေတွင် ကလေး အဓိပ္ပါယ်သတ်မှတ်ချက်သည် အသက် ၁၆ နှစ်နှင့် အောက် အဖြစ်သက်မှတ်ထားသည်။ CRC သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒေသတွင်းဆိုင်ရာ ဥပဒေဘောင်မူဘဒများမှာ ပါဝင်ခြင်းမရှိပေ။ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် CRC နှင့် ကိုက်ညီမှုမရှိသည့် လုပ်ထုံးလုပ်နည်းများအား တွေ့ရှိရသည်။ အပိုဒ်ခွဲ ၃၄၅ သည် ကလေးသူငယ်များ၏ မြန်မာနိုင်ငံသား မိဘနှစ်ပါးနှင့် မြန်မာနိုင်ငံသားအဖြစ်ခံယူထားသည့် မိဘများ အတွက်သာ အတည်ပြုသည့်အခါတွင် အကျုံးဝင်သည်။[34] နိုင်ငံသားဖြစ်ကြောင်းလက်မှတ် (သို့) မွေးစာရင်းမရှိသည့် ကလေးလုပ်သားများသည် နိုပ်စက်ညှင်းပန်းခံရမှုကြုံတွေ့ရနိုင်ကာ မှတ်တမ်းမှတ်ရာ အထောက်အထားမရှိသည့် ကလေးများအတွက် မည်သည့်အဖွဲ့အစည်းမှ ဥပဒေအရ မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ရှင်းလင်ခြင်းမရှိပေ။

32 My-PEC Project Child Labour Definitions အား နောက်ဆက်တွဲဖော်ပြချက် "ဃ" တွင် ကြည့်ရှုနိုင်သည်။

33 ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ ရက်စွဲပါ UPR-info.org ၏ "Responses to Recommendations: Myanmar" ၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ ရက်စွဲပါ Review of the Working Group: 27 January 2011 နှင့် ၂၀၁၁ ခုနှစ်၊ ဇွန်လ၊ ၈ ရက်နေ့ Review of the Plenary: 8 June 2011 တို့အား ကိုးကားသည်။

34 Ibid ၏ စာမျက်နှာ ၁၄၉

ကလေးများနှင့်အလုပ်

၁၉၉၃ ကလေးသူငယ်ဥပဒေသည် စီးပွားရေးနှင့် လုပ်ငန်းခွင်ပင်ရောက်နေသည့် ကလေးများအတွက် အပြည့်အဝ လွှမ်းမိုးထားခြင်းမရှိပေ။ ထို့အတွက် အထူးကလေးလုပ်သားဥပဒေမရှိပေ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ၁၉၅၁ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ တွင် အသက် ၁၄ နှစ်အောက် ကလေးများအား မည်သည့်လုပ်ငန်းခွင်မျိုးမှမဆို ပင်ရောက်လုပ်ကိုင်စေခြင်းမှ တားမြစ်ထားသည်။[35] အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အရွယ်ကလေးများသည် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများထံမှ ကျန်းမာရေး ထောက်ခံချက်ရရှိမှာသာ လုပ်ငန်းခွင်ပင်ရောက်ခွင့်ရှိသည်။ လက်တွေ့တွင် ကျန်းမာရေးထောက်ခံချက်အား မြို့ပြများ၊ ပုံစံတကျပိုမိုကောင်းအောင် ဖွဲ့စည်းထားသည့် စက်မှုလုပ်ငန်းများတွင်သာ တွေ့ရပြီး၊ စိုက်ပျိုးရေး အပါအဝင်ဖြစ်သည့် ပုံစံတကျမဟုတ်ခြင်း (သို့) အိမ်တွင်း လုပ်ငန်းများတွင်လည်း အသုံးပြုသည်။ အချို့ ထုတ်ကုန်လုပ်ဆောင်မှုများသည် ပုံစံတကျအလုပ်ကိုင်အဖြစ် သတ်မှတ်ထားသည့်တိုင် စိုက်ပျိုးရေးတွင် အလုပ်အကိုင်အား ပုံစံတကျအလုပ်၏ အဓိပ္ပါယ်ကို ကျယ်ပြန့်စွာသတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် ဥပဒေအရ 'ပုံစံတကျမဟုတ်သော' အလုပ်အကိုင်၏ အသုံးပြုနေသည့် ဥပဒေ အဓိပ္ပါယ် ဖွင့်ဆိုချက် လတ်တလောမရှိပါ။ ထို့ကြောင့်အခြေအနေများဆိုင်ရာ အပ်နှင်းထားသော ပြဋ္ဌာန်းချက်များ (သို့) ဥပဒေ မရှိပါ။ တရားဝင်ဥပဒေကိစ္စရပ်များမှာ ကန့်သတ်ချက်များရှိနေသည့်အတွက် ILO သည် အလုပ်နှင့် ပတ်သက်သည့် ဖွင့်ဆိုချက်များကို သတ်မှတ်နိုင်ရန် စီမံကိန်းများနှင့် သုတေသနရည်ရွယ်ချက်များဖြင့် အချက်အလက်စုဆောင်းမှုများကို သက်ဆိုင်ရာ ဒေသခံအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်ရသည်။ အဓိကအားဖြင့် ၄င်းလမ်းညွှန်ချက်များနှင့် စဉ်စားစရာများသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် Comprehensive Monitoring and Evaluation Plan အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၁၆ ခုနှစ်၊ မေလ နောက်ဆက်တွဲအစည်းအဝေးတွင် နောက်ဆုံးအဆင့်ထိ ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ၄င်းလမ်းညွှန်ချက်များသည် ၂၀၁၆ ခုနှစ်၊ မေလတွင် အမေရိကန်နိုင်ငံ၏ အလုပ်သမားရေးရာဌာနမှ အသိအမှတ်ပြုထားသည့်အတွက် ယခုလေ့လာမှုများ အကောင်အထည်ဖော် လုပ်ဆောင်သည့်အချိန်နှင့် အချက်အလက်များကောက်ယူသည့်အချိန်တွ င် ပါ၀င်ခဲ့ခြင်းမရှိပေ။ ပုံ(၁) မှာ ပြသထားသည့် လမ်းညွှန်ချက်များနဲ့ပတ်သက်သည့် ဖွင့်ဆိုချက်များသည် တရားဝင်ခြင်း၊ မဝင်ခြင်း (သို့) ILO ပြဋ္ဌာန်းချက်များ အရ ကိုက်ညီချင်းရှိ၊မရှိ မလိုပေ။ ၄င်းတို့သည် ကလေးအလုပ်သားများအား ခွဲခြားပြသ နိုင်ရန်၊ ကလေးလုပ်သားနှင့် အန္တရာယ်များအား သိရှိလာစေရန်အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်သည်။ ထို့အပြင် ILO ပြဋ္ဌာန်းချက်အမှတ် ၁၃၈၊ အနိမ့်ဆုံးအသက် ပြဋ္ဌာန်းချက် နှင့် ILO ပြဋ္ဌာန်းချက် ၁၈၂ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း ဆိုင်ရာကိစ္စရပ်များအား အောက်ဖော်ပြပါ လမ်းညွှန်ချက်တွင်တွေ့မြင်နိုင်မည်ဖြစ်သည်။

ILO အကြံပြုထောက်ခံချက်အမှတ် - ၁၉၀ တွင် မြန်မာနိုင်ငံမှ ကလေးလုပ်သားများလုပ်ဆောင်နေရသည့် အန္တရာယ်ရှိသည့်အလုပ်များကို တိကျစွာ ဖော်ပြထားသည်။ ILO ပြဋ္ဌာန်းချက်အမှတ် - ၁၈၂၊ အပိုဒ် ၃ (ဃ)တွင် အန္တရာယ်ရှိသည့်အလုပ်များအား "အလုပ်တစ်ခုသည်သဘာဝအားဖြင့် ကလေးများ၏ ကျန်းမာ ရေး၊ လုံခြုံရေး (သို့) စာရိတ္တပိုင်းဆိုင်ရာထိ ခိုက်စေသည်များဖြစ်သည်။" ဟု ပါ၀င်သည်။ ၂၀၁၄ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ၄င်းလုပ်ဆောင်မှုများသည် စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းစဉ်များတွင် တွေ့ရှိရသည်။[36]

35 တရားဝင်ထုတ်ပြန်ထားသည့်အချက်အလက်အား http://www.luther-services.com/fileadmin/user_upload/ PDF/ Newsletter/ Myanmar/ NL_Myanmar_3-2016_Legal_Update.pdf တွင် ရယူနိုင်သည်။

36 ယခုပြောကြားထားသည့်အဆိုများအရ အိမ်အလုပ် (သို့) အိမ်မှုကိစ္စများလုပ်ဆောင်ခြင်းဆိုသည် မှာ ကလေးတစ်ယောက်၏ အိမ်မှာလုပ်ကိုင်ရသည့် "အခကြေးငွေ မရသည့် အိမ်အလုပ်များ"သည် စီးပွားရေးပင်ငွေတိုးတက်လာအောင် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးပါက စီးပွားရေးအရလုပ်ဆောင်ခြင်းဟု သတ်မှတ်နိုင်သည်။ အိမ်မှုကိစ္စများ ဆောင်ရွက်သည်ဆိုသည်မှာ သန့်ရှင်းရေး၊ အဝတ်လျှော်ခြင်း၊ ကလေးထိန်းခြင်းတို့ဖြစ်သည်။ ၄င်းတို့သည် ကလေးတစ်ယောက်၏ စီးပွားရေးအရ လုပ်ဆောင်ရသည့်အလုပ်များ လခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခြားအချိန်တွင် လုပ်ဆောင်ရသည်ကို ဆိုလိုခြင်းဖြစ်သည်။ အိမ်မှုကိစ္စများနှင့် ရောကာ ကလေးများသည် စီးပွားရေးအရ လုပ်ဆောင်နေရသည့် ကိစ္စရပ်များရှိကာ ၄င်းကိစ္စရပ်သည်ရှုပ်ထွေးနေသည်။ အဘယ်ကြောင့်ဆိုသော် ကလေးတစ်ယောက်၏ မိသားစုပင်များသည် သူ၊ သူမလုပ်ဆောင်နေသည့် အရာများအား "အလုပ်" ဟု မမြင်သည့်အတွက်ဖြစ်သည်။ မိန်းကလေးများသည် အခြားသူများ၏ ကလေးများ(သို့) ဆွေမျိုးများ၏ ကလေးများကို ထိန်းပေးရသည့်အပြင်၊ ချက်ပြုတ်ခြင်း (သို့) သန့်ရှင်းရေးပြုလုပ်ခြင်းကို မိသားစုများ အတွက်လုပ်ဆောင်ပေးရသည့်အပြင် မိသားစု၏ လယ်များနှင့် အခြားသော လုပ်ငန်းခွင်နေရာများတွင်ပါ ပင်ရောက်စိုက်ပျိုးလုပ်ကိုင်ကာ နေ့စဉ်လုပ်အားခရရှိရန် လုပ်ဆောင်နေရသည်။ ကလေးလုပ်သားများ အတွက် စီစစ်မှုများပြုလုပ်ရာတွင် ကျား၊မ ရေးရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် ပြီးပြည့်စုံသော စီစစ်ထားရှိချက်များကိုပါ ထည့်သွင်းစဉ်းစားရန်လိုသည်။

ပုံ (၀): ၂၀၁၆ခုနှစ် ILO-led Stakeholder အလုပ်ရုံဆွေးနွေးပွဲ မှ ကလေးအလုပ်သမားအမျိုးအစား အလိုက် လမ်းညွှန်ချက်များ။[37]

ကလေး	အသက် ၁၈ နှစ်အောက်ဖြစ်သည်။[38]
ကလေးလုပ်သား	ကလေးများအား စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း။ ကျောင်းတက်ရောက်မှုအား အနှောက်အယှက်ဖြစ်စေခြင်း - ကျောင်းပုံမှန်မတက်နိုင်ခြင်း (သို့) ကျောင်းစောထွက်ခြင်း။ အလုပ်ဆိုသည်မှာ စီးပွားရေးအရလုပ်ဆောင်မှုဖြစ်သည်။ ၎င်းသည် အိမ် (သို့) ပြင်ပမှ အလုပ်အကိုင်၊ ပိုက်ဆံရသည် (သို့) မရဖြစ်သည်ကိုဆိုလိုသည်။ ၎င်းသည် အထွေထွေအလုပ်များ၊ မိသားစုပိုင်လယ်များ(သို့) ဆိုင်များမှာလုပ်ကိုင်ခြင်း၊ ညီအကိုမောင်နှမများအား စောင့်ရှောက်ခြင်း နှင့်/သို့ မိဘများအလုပ်လုပ်နေစဉ် အခြားဘက်မှ ၀င်ရောက်လုပ်ကိုင်ပေးရခြင်း (၀င်ငွေတိုးပွားမှုရှိအောင်) တို့ဖြစ်သည်။
အသက်ကန့်သတ်ချက်	အသက် ၅ နှစ်မှ ၁၁ နှစ် - တစ်ပတ်လျှင် ၁ နာရီအထက် လုပ်ခြင်း။ အသက် ၁၂-၁၃ နှစ်အထိ - စီးပွားရေးအရ အိမ်အလုပ်လုပ်ကိုင်ခြင်း (က) တစ်ရက် ၄ နာရီ/ တစ်ပတ် ၂၄ နာရီ (သို့) (ခ) ညနေ ၆ နာရီမှ မနက် ၆ နာရီကြား (သို့) (ဂ) အန္တရာယ်ရှိနိုင်သည့် လုပ်ဆောင်မှုအခြေအနေတွင် ၁ နာရီ (သို့) မပေါ့ပါးသည့်အလုပ် အသက် ၁၄-၁၅ နှစ်အထိ - ပို၍ (က) တစ်ရက် ၄ နာရီ/ တစ်ပတ်လျှင် ၂၄ နာရီ (သို့) (ခ) ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ (သို့) (ဂ) အန္တရာယ်ရှိနိုင်သည့်လုပ်ဆောင်မှု ၁ နာရီ2
ပေါ့ပါးသည့်အလုပ်များ	အသက် ၁၆ (သို့) ၁၇ နှစ်အထိ - လက်ရှိဥပဒေအရ လူကြီးဟု သတ်မှတ်နိုင်သည်။ (က) တစ်ပတ်လျှင် ၄၄ နာရီ (သို့) (ခ) ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ (သို့) (ဂ) အန္တရာယ်ရှိနိုင်သည့်လုပ်ဆောင်မှု ၁ နာရီ မြန်မာနိုင်ငံဥပဒေအရ တရားဝင် ပေါ့ပါးသည့်အလုပ်သတ်မှတ်ချက်မရှိသည့်အတွက် MyPEC ၏ ပေါ့ပါးသည့်အလုပ်သတ်မှတ်ချက်သည် - အသက် ၁၂-၁၃ နှစ်အရွယ် လုပ်ကိုင်သည့်အလုပ်သည် မိမိ မိသားစုအတွက်လုပ်ကိုင်ခြင်း၊ အိမ်တွင်း၊ ပြင်ပမှာဖြစ်စေ၊ အခပေး (သို့) အခကြေးမဲ့ (မိသားစု လယ် (သို့) လုပ်ငန်းမှာလုပ်ကိုင်ခြင်း) နှင့် ကျောင်းပျက်ကွက်ခြင်း (သို့) ကျောင်းထွက်ရခြင်းမရှိစေရ။[39] လုပ်ငန်းသဘောသဘာဝသည် အန္တရာယ်မရှိစေရ။ တစ်ပတ်လျှင် ၁၄ နာရီအထက် မလုပ်ဆောင်ရ (သို့) ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ မလုပ်ဆောင်ရ။

37 မြန်မာနိုင်ငံ၏ ကလေးအလုပ်သမားဆိုင်ရာလမ်းညွှန်ချက်အား အမေရိကန်အလုပ်သမားရေးရာဌာနမှ ၂၀၁၆ခုနှစ်၊ မေလတွင် အတည်ပြုခဲ့သည်။ ထို့ကြောင့် ယခုလေ့လာချက်တွင် အသုံးပြုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အထက်ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့ ကိုက်ညီနိုင်မည်မဟုတ်ပေ။ လုပ်ဆောင်မှုများအား အဓိပ္ပာယ်ဖွင့်ဆိုင်ချက်များသည် တိကျမှုနည်းပါးသည်။ အထက်ဖော်ပြပါ သက်မှတ်ထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အတိအကျသည် ယခုလေ့လာမှုနည်းလမ်းတွင် ပါဝင်မည်အား တွေ့ရှိမည့်မဟုတ်ပေ။ ထို့အပြင် ယခုအကြမ်းမျဉ်းဖော်ပြထားသည့် အန္တရာယ်ရှိသည့်အလုပ်စာရင်းအား ထပ်မံဖြည့်စွက်ခြင်းနှင့် ILO Recommendation 190 ကိုလည်း နောက်ဆက်တွဲဖော်ပြချက် "ခ" တွင် တွေ့မြင်နိုင်မည်။ ယခုလေ့လာစိစစ်မှုများမှ အန္တရာယ်ရှိသည့်လုပ်ငန်းလုပ်ဆောင်ချက်များ တွေ့ရှိမှုများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြထားပြီးဖြစ်သည်။

38 ၎င်းသည် မြန်မာနိုင်ငံမှ လက်ရှိပြဋ္ဌာန်းထားသည့် ကလေးဥပဒေ (၁၉၉၁) ၏ သတ်မှတ်ထားချက်အရ အသက် ၁၆ နှစ်အရွယ်အား ကလေးဟုခေါ်ဆိုပြီး၊ အဆိုပါဥပဒေအား ပြန်လည်သုံးသပ်နေသည်။ ကလေးတစ်ယောက်နှင့်ပတ်သက်သည့် ဥပဒေအား အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီအောင်ဖော်ဆောင်ရမည်ဖြစ်သည်။ အထက်ဖော်ပြပါအစီရင်ခံစာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ILO Recommendation 190 မှ ထောက်ခံပြီး၊ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေရသည့် အန္တရာယ်ရှိသည့် လုပ်ဆောင်မှုစာရင်းလည်းပါရှိသည်။ ၎င်းအား နောက်ဆက်တွဲဖော်ပြချက် "ခ" တွင် ဖော်ပြထားသည်။

39 မေးခွန်းမေးမြန်းရာတွင် "မိသားစု လယ်/ လုပ်ငန်းအား ကူညီရန်" ဖြေကြားသည်ကို လေ့လာတွေ့ရှိရသည်။

ပုံ (၂): ဘေးအန္တရာယ်ကျရောက်နိုင်သော ကလေးအလုပ်သမားဆိုင်ရာ ILO ပြဋ္ဌာန်းချက်

အန္တရာယ်များ	ကလေးများအား ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) လိင်ပိုင်းဆိုင်ရာ နစ်နာမှုများ
	မြေအောက်၊ ရေအောက်၊ အမြင့်၊ လှောင်ပိတ်နေသည့်နေရာများ
	အန္တရာယ်ရှိသည့် စက်ပစ္စည်းကိရိယာများနှင့် လေးလံသည့်အရာများအား သယ်ယူစေခြင်း
	ကျန်းမာရေးထိခိုက်စေသည့် ပတ်ဝန်းကျင် - အန္တရာယ်ရှိသည့်အရာများ၊ အပူချိန်လွန်ကဲသည့်နေရာများ၊ အလွန်ဆူညံသည့်နေရာများ (သို့) တုန်ခါမှုမြင့်မားပြီး ကျန်းမာရေးထိခိုက်စေသည့်နေရာများ
	ဆိုးရွားသည့်အခြေအနေများ - အချိန်ကြာမြင့်ခြင်း၊ ညဘက်အထိလုပ်ကိုင်ရခြင်း၊ အလုပ်ခွင်မှ အပြင်မထွက်ရန် အလုပ်ရှင်မှ တားမြစ်ထားခြင်း။
အဆိုးရွားဆုံးသော ပုံစံများ	မည်သည့်ကျွန်ဆန်သည့်ခိုင်းစေမှုမျိုးမဆို - ကလေးများအား ရောင်းချခြင်းနှင့် လူကုန်ကူးခြင်း၊ အကြွေးဖြင့် ချုပ်နှောင်ထားခြင်းနှင့် မြေကျွန်ပြုလုပ်ခြင်းနှင့် အတင်းအကြပ်ခိုင်းစေခြင်း
	လိင်လုပ်သားအဖြစ်လုပ်ကိုင်စေခြင်း၊ လိင်ဖျော်ဖြေရေးဆိုင်ရာ လုပ်ဆောင်မှုအမျိုးမျိုးပြုလုပ်ခိုင်းခြင်း
	ဥပဒေအရတားမြစ်ထားသည့်အရာများ လုပ်ဆောင်စေခြင်း - မူးယစ်ဆေးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခိုင်းခြင်း
	ကလေးတစ်ယောက်၏ ကျန်းမာရေး၊ လုံခြုံရေး (သို့) စိတ်ဓာတ်ပိုင်းဆိုင်ရာ နစ်နာဆုံးရှုံးစေသည့်ကိစ္စရပ်များအား (အန္တရာယ်ရှိသည့်အလုပ်များ)



© ILO Photo / Jodelen Mitra



လေ့လာမှုအတွက်နည်းစနစ်များ - ကလေးအလုပ်သမားများ၏ သဘောသဘာဝ၊ သက်ရောက်မှုများနှင့် အကျိုးဆက်များ

ဤလေ့လာချက်တွင် အသုံးပြုထားသော နည်းပညာသည် အရည်အသွေးရှိသည့် မြန်ဆန်သော စစ်တန်းကောက်ယူမှုကို ဖော်ပြထားပြီး ကိန်းဂဏန်းအချက်အလက်များ မရှိသော သီးခြားကဏ္ဍများ/ ဒေသများ (မြို့နယ်များအပါအဝင်) တွင် ကလေးများ လုပ်ကိုင်နေသောအလုပ်၌ မြင်သာမှုရှိရန်အတွက် ရည်ရွယ်ပါသည်။ ဤလုပ်ငန်းတွင် စိတ်ဝင်စားသောဒေသများ သတ်မှတ်ရန်အတွက် ချဉ်းကပ်မှုများ ဖြစ်သည့် အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ စာရွက်စာတန်းများပြန်လည်သုံးသပ်ခြင်း၊ သုံးပွင့်ဆိုင်အချက်အလက်များစသည် တို့ပါဝင်သည်။ နမူနာပမာဏအား မြို့နယ်အဆင့်လူဦးရေနှင့် အိမ်ထောင်စုအချက်အလက် အစီရင်ခံစာများပါသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၄ခုနှစ် ယာယီရလဒ်များ၊ သန်းခေါင်စာရင်း အစီရင်ခံစာ စာစောင် ၁၊ လူဦးရေနှင့် အိမ်ထောင်စုသန်ခေါင်းစာရင်းအား အခြေခံ၍တွက်ချက်ထားသည်။ ဤလေ့လာချက်ရှိ ခန့်မှန်းချက်များကို ကဏ္ဍခွဲများ/ဒေသများ (မြို့နယ်များအပါအဝင်)၏ ကိုယ်စားပြုနာမှုနာ ဖြစ်နိုင်ချေတစ်ခု အဖြစ် မမှတ်ယူသင့်ပါ။

ယခုလေ့လာမှုသည် ကဏ္ဍခွဲ ၃ ခုရှိ မတူညီသည့် ကြုံတွေ့ရသည်များအား အခြေခံကျကျ နေရာဒေသ အလိုက်နှင့် ကဏ္ဍခွဲများအလိုက် နှိုင်းယှဉ်ပြသရန်ဖြစ်သည်။

လေ့လာမှုလုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်သည် -

- စိုက်ပျိုးရေးကဏ္ဍခွဲ ၃ ခုရှိ လုပ်ကိုင်နေသည့် ကလေးများ၏ အကြောင်းအရင်းနှင့် ရလဒ်များ - ကုန်းတွင်းငါးလုပ်ငန်းများ၊ ကြံစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများအား လေ့လာဆုံးဖြတ်နိုင်ရန်ဖြစ်သည်။
- လေ့လာသည့်ဒေသများတွင် ကဏ္ဍခွဲ ၃ ခုအတွင်းရှိ ကလေးလုပ်သားများပျံ့နှံ့တည်ရှိနေမှုကို ခန့်မှန်းခြင်း။
- ကလေးတစ်ယောက်၏ ကျောင်းတွင်သင်ယူသည့်ပညာနှင့် သူ၊သူမတို့၏ လုပ်ငန်းခွင်ဘဝအား ဖော်ပြခြင်း။
- အဆိုပါကဏ္ဍခွဲ ၃ ခုတွင်လုပ်ကိုင်နေစဉ်ကြုံတွေ့နိုင်သည့်အန္တရာယ်များအား ဖော်ထုတ်ခြင်း။
- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားများ၏ ပျံ့နှံ့တည်ရှိမှုများ နှင့် အန္တရာယ်များအား နည်းပါးလာအောင် သင့်တော်သော ကာကွယ်ဆောင်ရွက်မှုများကို ထောက်ခံ အကြံပြုခြင်း။

ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း

လေ့လာသည့်အဖွဲ့သည် သက်ဆိုင်ရာကဏ္ဍများရှိ အဖွဲ့အစည်းများ၊ ဒေသခံအခြေစိုက်အဖွဲ့အစည်းများ၊ INGO များ၊ UN အေဂျင်စီများနှင့် အစိုးရဌာနဆိုင်ရာ အေဂျင်စီများမှ တာဝန်ရှိသူ ၁၂ ယောက်ဖြင့် ဖော်ထုတ်ကာ၊ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ ၄င်းတို့နှင့် တွေ့ဆုံဆွေးနွေးပြီးသည့်နောက်တွင် လေ့လာသည့်အဖွဲ့သည် မြို့နယ် ၃ ခုအား ထုတ်လုပ်မှုအပိုင်းတွင် လုပ်ဆောင်မှုများပြားမှုအပေါ် လိုက်၍ ကဏ္ဍခွဲတစ်ခုစီ ရွေးချယ်ခဲ့သည်။ ရွေးချယ်ခံရသည့်မြို့နယ်များသည် ယခုလေ့လာမှုစစ်တမ်းနှင့် ပတ်သက်သည့် အချက်အလက်ကောက်ယူရန်တွင် သွားရောက်နိုင်ခဲ့ကာ၊ လိုအပ်သည့် အချိန်ကန့်သတ်ချက်အတွင်း ကိစ္စရပ်များကို လုပ်ဆောင်နိုင်ခဲ့သည်။

လေ့လာမှုပြုလုပ်သည့်နေရာများမှာ -

၁။ ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ - လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး[40]


၂။ ကြံစိုက်ပျိုးရေးလုပ်ငန်းများ - အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး[41]

၃။ ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများ - ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး[42]

နေရာဒေသရွေးချယ်သည့် ကန့်သတ်ချက်များမှာ -

၁။ နိုင်ငံ၏ တိုင်းရင်းသားလူနည်းစုများရှိသည့်နေရာများအား ကိုယ်စားမပြုခြင်း။

၂။ ရာသီအလိုက် (သို့) အခြားကိစ္စရပ်များနှင့် အလုပ်အကိုင်များကြောင့် ပြောင်းရွှေ့သွားကြသည့် မိသားစုနှင့် ကလေးများ မပါဝင်ခြင်း။



40 MIMU မှ မြို့နယ် ၁၂

41 MIMU မှ မြို့နယ် ၉၆

42 MIMU မှ မြို့နယ် ၁၀၈

အချက်အလက်များ စုဆောင်းမှု - ရောထွေးအသုံးပြုသည့်နည်းလမ်းများ

အထက်ဖော်ပြပါအတိုင်း ကျွမ်းကျင်သူများနဲ့ တွေ့ဆုံမေးမြန်းမှုများအပြင် အိမ်ထောင်စုအလိုက် စစ်တမ်းများနှင့် တန်ဖိုးမြင့်ကွင်းဆက်ဖြစ်နေသည့် စီးပွားရေးကိစ္စရပ်များနှင့် ပတ်သက်သည့် အချက်အလက် များကိုပါ လေ့လာနိုင်ရန်ရည်ရွယ်ပြီး ကောက်ခံခဲ့သည်။ ယခု လေ့လာမှုသည် ကဏ္ဍအလိုက် သက်ဆိုင်ရာ လူမှုအသိုင်းအဝန်းမှာနေထိုင်သည့် ကလေးသူငယ်များအပေါ် သက်ရောက်မှုမည်မျှရှိသနည်း ဆိုသည်အား နားလည်မှုရှိစေရန် ရည်ရွယ်သည်။ ယခုလေ့လာမှုသည် ကဏ္ဍခွဲ ၃ ခုနှင့် နယ်မြေကန့်သတ်ချက် ရှိသည့်အတွက် ယခုဖော်ပြပါကဏ္ဍခွဲများ၏ အခြားနေရာဒေသအသီးသီးမှာ လုပ်ကိုင်နေသည့် ကလေးလုပ်သားများ အတွက် မရည်ရွယ်ပါ။

အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူမှု

စစ်တမ်းကောက်ယူရသည့်ရည်ရွယ်ချက်သည် ကလေးလုပ်သားများအပေါ် အန္တရာယ်မရှိနိုင်သည့် ပေါ့ပါးသည့်အလုပ်များနှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း အခြေအနေများအား ခွဲခြားနိုင်ရန်ဖြစ်သည်။ လေ့လာမှုပြုလုပ်သည့် နီးစပ်ရာမြို့များရှိ ကုန်သည်များနှင့် ကုန်စည်ဒိုင်များ အပြင်၊ ရွေးချယ်ထားသည့် မြို့နယ်တစ်ခုစီတွင် ကျေးရွာ ၇ ခုမှ ၁၀ ခုအထိ မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ကျေးရွာများကိုလည်း တစ်စုခြင်း (သို့) အုပ်စုလိုက် လုပ်ဆောင်ခဲ့သည်။ ဥပမာအားဖြင့် "ဦးတည်ထားသည့် အိမ်ထောင်စုများ" နှင့် "နှိုင်းယှဉ်မည့်" အိမ်ထောင်စုများအား လေ့လာမှုမပြုလုပ်မီ ကြိုတင်ရွေးချယ်ရသည်။ အချို့ကျေးရွာများ၏ အရွယ်အစားနှင့် အိမ်ထောင်စုများသည် ကဏ္ဍခွဲအလိုက်ထုတ်လုပ်မှုအပေါ်မှာ မှီခိုမှုများရှိနေပြီး၊ အချို့မှာ လိုက်လျောညီထွေမှုရှိသည်ကိုတွေ့ရသည်။ ရွေးချယ်ထားသည့် ကျေးရွာတစ်ခုတွင် စုစုပေါင်းအရေအတွက်၏ ၂၅ ရာခိုင်နှုန်းအောက်သာ လေ့လာမှုပြုလုပ်နိုင်ခဲ့သည်။ ကျေးရွာလူကြီးများနှင့် တွေ့ဆုံကာ ၎င်း၏ ထောက်ပံ့မှုရရှိမှုသာ အိမ်ထောင်စုများအား ကြံသလိုရွေးချယ်ခဲ့ရသည်။ မေးမြန်းသူများ သည် လေ့လာမှုပြုလုပ်ရန်အတွက် ရွေးချယ်ထားသည့် နယ်မြေများတွင် လွတ်လပ်စွာဖြေဆိုနိုင်သည့် မေးခွန်း (၃) မျိုးကို အိမ်ထောင်စုတစ်စုခြင်းစီအတွက် လုပ်ဆောင်ခဲ့သည်။

က) နောက်ဆက်တွဲ (ဃ)- စိစစ်ထားသည့်မေးခွန်းများ
ပထမဦးစွာ မေးမြန်းသူများသည် မြန်မြန်ဖြေဆိုနိုင်သည့် စိစစ်ထားသည့် စစ်တမ်းမေးခွန်းများအား မေးမြန်းကာ လေ့လာမှု ပြုလုပ်နိုင်ခြင်း ရှိ/မရှိ မေးမြန်းကာ ဆုံးဖြတ်သည်။ စိစစ်သည့်မေးခွန်းသည် အိမ်ထောင်စုတစ်စုချင်းစီကို စိုက်ပျိုးရေးကဏ္ဍခွဲများပေါ်တွင် အိမ်ထောင်စုအတွက် ၎င်ငွေမှီခိုနေရခြင်း "အဓိက၎င်ငွေဖြစ် မှီခိုနေရခြင်း' ရှိ/မရှိ မေးမြန်းကာ အသက် ၁၈ နှစ်အောက် ကလေးများ ရှိ/မရှိ ဆက်လက်မေးမြန်းသည်။

ခ) နောက်ဆက်တွဲ (c)-
အိမ်ထောင်စုအလိုက်မေးမြန်းသည့် မေးခွန်းများ - ဗဟုသုတကြွယ်ဝသည့် လူကြီးတစ်ဦး၊ အထူးသဖြင့် မိဘများအား မေးမြန်းခဲ့သည်။

၁။ အိမ်ထောင်စု တစ်စုတွင် စုပေါင်းနေထိုင်သူများ

၂။ အိမ်ထောင်စု တစ်စု၏ ပိုင်ဆိုင်မှုများနှင့် အကြွေးများ

ဂ) နောက်ဆက်တွဲ (စ)- ကလေးအား
မေးမြန်းသည့်မေးခွန်းများ အိမ်ထောင်စုတစ်စုရှိ ပုံမှန်နေထိုင်သည့် အသက် ၇ နှစ်မှ ၁၇ နှစ်အရွယ်ရှိ ကလေးများအားလုံးအား မေးမြန်းခဲ့သည်။

၁။ ဒေသန္တရအခြေပြုအချက်အလက်များ

၂။ ကျောင်းတက်ခွင့်၊ မတက်ခွင့်နှင့် ပတ်သက်၍ ၎င်ရောက်နောင့်ယှက်ခြင်း ရှိ/မရှိ။

၃။ အလုပ်အချိန်များနှင့် အလုပ်အမျိုးအစား

၄။ အိမ်မှုကိစ္စဆောင်ရွက်ခြင်းများ

၅။ ငွေပေးချေမှုနှင့် လုပ်အားခ

၆။ ပြီးမြောက်ခဲ့သည့် လုပ်ဆောင်မှုများ

၇။ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်း နှင့် သိမြင်နားလည်ခြင်း

၈။ လုပ်အားခ နှုန်းထားများနှင့် ကြီးကြပ်မှု အပါအဝင် လုပ်ငန်း စီစဉ်ဆောင်ရွက်ထားရှိမှုများ

"ဦးတည်ပစ်မှတ်ထားသည့်" အိမ်ထောင်စုများအပြင် "နှိုင်းယှဉ်မည့်" အိမ်ထောင်စုများအရ အချက် အလက်များစွာကို စုဆောင်းနိုင်ခဲ့သည်။ "နှိုင်းယှဉ်မည့်" အိမ်ထောင်စုများသည် အထက်ပါ ကဏ္ဍခွဲများနဲ့ တိုက်ရိုက်ပတ်သက်နေခြင်းမရှိဘဲ အသက် ၁၈ နှစ်အောက် ကလေးများနေထိုင်သည့် အိမ်ထောင်စုများ ဖြစ်သည်။ ၎င်းတို့ပါ၎င်ခြင်းသည် ကလေးများအား စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ၎င်ရောက်လုပ်ကိုင် နေမှုများနှင့်ပတ်သက်၍ တစ်ရွာလုံးအတိုင်းအတာဖြင့် ပိုမိုသိရှိနားလည်နိုင်ခဲ့သည်။ ရွာတစ်ရွာရှိ လူဦးရေ အများစုသည် ပဲအမျိုးမျိုးစိုက်ပျိုးပါက ဆိုင်ပိုင်ရှင်တစ်ဦး၏ ကလေးများသည် ဥပမာအားဖြင့် ကိုယ်ပိုင် မိသားစု မဟုတ်သည့်တိုင် ၎င်ရောက်လုပ်ကိုင်ပါသလား။

အကယ်၍လုပ်ကိုင်မည်ဆိုပါက မည်သည့်အတိုင်း အတာထိ မိဘများ၏ ၎င်ငွေအပေါ် သက်ရောက်မှုရှိလာနိုင်သနည်း။ ၄င်းသက်ရောက်မှုသည် မိမိကလေး လုပ်ကိုင်ရသည့် လုပ်အားနှင့် လုပ်ဆောင်ရသည်များနှင့် မည်သည့်အတိုင်း အတာထိရှိသင့်သနည်း။

တန်ဖိုးကွင်းဆက် စိစစ်ချက်များ

တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီးသည့်နောက် တွင် ကုန်းတွင်းငါးမွေးမြူရေးလုပ်ငန်းသည် အခြားကဏ္ဍခွဲ ၂ ခုထက် ပိုမိုရှုပ်ထွေးနေသည်ကို လေ့လာတွေ့ရှိရသည်။ ထုတ်ကုန်ပစ္စည်းများ၊ အရင်းအမြစ်များနှင့် လုပ်ဆောင်မှုအစရှိသည့် မတူညီမှုများစွာတွေ့ရှိရသည့်အပြင် လုပ်ဆောင်မှုများကိုလည်း ကျေးရွာများနဲ့ ဝေးလံသည့်နေရာများတွင် လုပ်ကိုင်ရသည်။ လေ့လာသူများသည် တန်းဖိုးကွင်းဆက် သက်ရောက်မှုများ အပေါ် စိစစ်ရာတွင် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်နှင့် မြို့ကြီးများအဆင့်လိုက် ၄င်းကဏ္ဍတွင် လုပ်ကိုင် နေသည့် ကလေးများနှင့် လူကြီးများကို မေးမြန်းခဲ့သည်။

ကွင်းဆင်းကြီးကြပ်မှုနှင့် သုတေသနပြုအဖွဲ့များ

စစ်တမ်းကောက်ယူသည့်အဖွဲ့များသည် အဖွဲ့ ၎င် ၇ ဦးနှင့် စာရင်းရေတွက်ကောက်ခံသူ ၆ ဦးနှင့် ကွင်းဆင်း ကြီးကြပ်သူ တစ်ဦးပါ၀င်သည်။ စာရင်းရေတွက်ကောက်ခံသူများသည် အချက်အလက်ကောက်ယူသည့် နည်းစနစ်များအား ၅ ရက်တိုင်တိုင် လေ့ကျင့်ပေးထားသည့်သူများဖြစ်သည်။ အထူးသဖြင့် ကလေးများအား မေးမြန်းခြင်း၊ စစ်တမ်းကောက်သည့်နည်းလမ်းများနှင့် မေးမြန်းပုံများကို လေ့လာရသည်။ ကုန်းတွင်း ငါးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် တန်ဖိုးကွင်းဆက်များအား ကောက်ယူသည့်အဖွဲ့တွင် ၂ ဦးပါ၀င်ကာ တစ်ယောက်သည် မေးမြန်းမှုအပိုင်းတွင် ကျွမ်းကျင်ပြီး၊ နောက်တစ်ယောက်သည် ဒေသခံဖြစ်ကာ ၄င်းသည် မှတ်တမ်းများပြုစုခြင်းနှင့် ငါးပွဲစားများနှင့် ငါးလုပ်ငန်းလုပ်ကိုင်သူများနှင့် ပတ်သက်ပြီး ဗဟုသုတရှိသည်။ လေ့လာစိစစ်မှုပြုလုပ်သူ ခေါင်းဆောင်သည် ILO ၏ထမ်းများမှ ပံ့ပိုးမှုနှင့် ရည်ရွယ်ထားသည့် နယ်ဓမြများမှ ဖြေကြားပေးသူများ၏ အချက်အလက်ရရှိမှုနှင့် ကလေးလုပ်သားကိစ္စများနှင့် စိုက်ပျိုးရေးကဏ္ဍခွဲများစွာမှာ လုပ်ကိုင်နေသူများတို့၏ လေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံပြီး နည်းလမ်းများနှင့် မေးခွန်းများကို စီစဉ်သည်။ လေ့လာစိစစ်မှုပြုလုပ်သူ ခေါင်းဆောင်နှင့် အဖွဲ့ခေါင်းဆောင်သည် လေ့ကျင့်ခန်းများနှင့် ရည်ရွယ်ထားသည့် နေရာဒေသများတွင် လေ့လာမှုပြုလုပ်သည့် ကနဦး ၃ ရက်တွင် ကြီးကြပ်ခဲ့သည်။ ၃ ရက်တွင် လေ့လာစိစစ်မှုပြုလုပ်သူ ခေါင်းဆောင်နှင့် အဖွဲ့ခေါင်းဆောင်များသည် အိမ်ထောင်စု၀င်များနှင့် တွေ့ဆုံပြောကြားကာ ကဏ္ဍခွဲတစ်ခုစီ၏ လုပ်ဆောင်မှုများနှင့် ကျေးရွာအနေအထားတို့ကို မေးမြန်းသည်။

ရာဖွေတွေ့ရှိချက်များအား ခိုင်မာမှုရှိအောင်လုပ်ဆောင်ခြင်း

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လေ့လာထားရှိသည့်အချက်အလက်များအား သက်ဆိုင်ရာ အဖွဲ့အစည်း ၃၂ ဖွဲ့မှ တာ၀န်ရှိသူများထံ တင်ပြခဲ့ပြီး၊ (ကလေးများမပါ၀င်သည့်) အလုပ်ရုံဆွေးနွေးပွဲ ၃ခု ကျင်းပခဲ့သည်။ ယေဘုယျအားဖြင့် လေ့လာတွေ့ရှိချက်များနှင့် ခိုင်လုံသောအချက်အလက် ကောက်ခံသည့် နည်းလမ်းများ ကို တက်ရောက်သူများမှ သဘောတူခဲ့သည်။ အထူးသဖြင့် တက်ရောက်သူများက ကြံစိုက်ပျိုးရေးလုပ်ငန်း များ လုပ်ကိုင်သည့်ဒေသတွင်ရှိသည့် ကလေးအလုပ်သမားနှင့် ပတ်သက်ပြီး အချက်အလက်ကောက်ယူ ရာတွင် ရှင်းလင်းစေချင်သည်။ ဥပမာ - နိုင်ငံအနှံ့တွင် ကြံစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေသည့် ကလေးအလုပ်သမားများ၏ အခြေအနေသည် တစ်နေရာနှင့်တစ်နေရာမတူညီသည်မျိုးဖြစ်သည်။ ပါ၀င်ဆွေးနွေးခဲ့သူများက ဒေသခံအခြေအနေများသည် နေရာဒေသအလိုက်ကွဲပြားနေသည့်အတွက် လေ့လာတွေ့ရှိချက်များသည် နေရာဒေသတစ်ခု တွေ့ရှိထားခြင်း၌၊ ကဏ္ဍခွဲတစ်ခုစီအပေါ်တွင် အထွေထွေအားဖြင့် အလုံးစုံသုံးသပ်နိုင်ခြင်းမရှိကြောင်းပြောကြားခဲ့သည်။ ကဏ္ဍခွဲတစ်ခုစီအလိုက် လေ့လာတွေ့ရှိချက်များအား ရွေးချယ်ထားသည့် ကဏ္ဍခွဲတစ်ခုစီနှင့် မြို့နယ်အလိုက်သာ အသေးစိတ်တွက်ချက် လေ့လာနိုင်မည် ဖြစ်သည်။

ကလေးများအား ကာကွယ်ပေးခြင်း

စာရင်းရေတွက်ကောက်ခံသူများသည် ဖြေကြားပေးသည့် ကလေးတစ်ယောက်စီနှင့် မိဘ/အုပ်ထိန်းသူများ ထံမှ ခွင့်တောင်းခံသည်။ စာရင်းရေတွက်ကောက်ခံသူများသည် ရလဒ်ကောင်းများရစေရန် မိဘများနှင့် ကလေး၏ ခွင့်ပြုချက်ဖြင့် ကလေးအား ဘေးကင်းပြီး တိတ်ဆိတ်သည့်နေရာမှာ မေးမြန်းသည်။ ကလေးများ ပိုမို ဘေးကင်းလုံခြုံမှုရှိစေရန် စာရင်းရေတွက်ကောက်ခံသူ ၂ ဦးမှ မေးမြန်းခဲ့သည်။ ကျေးရွာများ၏ အနေ အထားအရ သာမန်အားဖြင့် အခြားပတ်၀န်းကျင်မှ သူများသည် သိလိုစိတ်များဖြင့် မေးမြန်းနေစဉ် ၎င်ရောက်လာနိုင် သည့်အတွက်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နေစဉ်တွင် မေးမြန်းသူတစ်ဦး/ မိသားစု၀င်များ သည် ပတ်၀န်းကျင်အား လေ့လာစောင့်ကြည့်နေကာ

ကလေးသည် လုံခြုံကောင်းမွန်စွာ မေးမြန်းသည့် မေးခွန်းများအား ဖြေကြားနိုင်ရန် ထိန်းသိမ်းပေးသည်။ လေ့လာစိစစ်မှုပြုလုပ်သည့်နေရာ ၅ နေရာတွင် ကလေးများဖြေဆိုရန် လုံခြုံမှုမရှိသည့်အနေအထားကို တွေ့ရှိရသည်။ လုံခြုံမှုမရှိသည့်အနေအထား ဆိုသည်မှာ မေးမြန်းသည့် မေးခွန်းများကို လွတ်လပ်စွာဖြေကြားခွင့်မရှိသည့် အနေအထားမျိုးကိုဆိုလိုသည်။ ထိုအခြေအနေမျိုးတွင် မေးမြန်းသူများသည် မေးမြန်းမှုရပ်ဆိုင်းကာ ၎င်းအိမ်ထောင်စုအား စာရင်းထဲမှ ဖယ်ရှားလိုက်သည်။

စစ်တမ်းကောက်ယူမှု၏ အားနည်းချက်များ

အချက်အလက်များကောက်ယူရာတွင် ရာသီဥတုအပြင်၊ သွားလာမှုအခက်အခဲများကို ကြုံတွေ့ရသည်။ လပွတ္တာနှင့် အောင်လံတွင် ကွင်းဆင်းလေ့လာသည့်အခါ အပူချိန်သည်လွန်ကဲနေသည့်အတွက် အချက်အလက်ရေတွက် ကောက်ယူသူများသည် နေလျောင်ဒဏ်နှင့် ရေဓာတ်ခမ်းခြောက်မှုမရှိစေရန် အိမ်ထောင်စုများထံသို့ မနက်အစောပိုင်းများနှင့် ညနေခင်းပိုင်းများမှာသွားရောက်ခဲ့သည်။ ပခုက္ကူတွင် အချက်အလက်ရေတွက် ကောက်ယူသူများသည် ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ အချို့ကျေးရွာများသည် သွားရောက်ရန်ခက်ခဲသည့်အပြင် တခါတရံ ရေဘေးသင့်သူများသည် စစ်တမ်းကောက်ယူရန် ရည်ရွယ်ထား သည့် ကျေးရွာများမှာ လာရောက်ခိုလှုံနေသည့်အတွက် အိမ်ထောင်စုတစ်ခုတွင် အမြဲနေထိုင်သည့်ကလေး နှင့် ယာယီနေထိုင်သည့်ကလေးများအား ခွဲခြားရန်ခက်ခဲသည်။ အချို့ အိမ်ထောင်စုများရှိ ကလေးများအား မေးမြန်းနိုင်ခဲ့ခြင်းမရှိပေ။ အချို့အခြေအနေတွင် အိမ်ထောင်စုတွင်နေထိုင်သည့် ကလေးမရှိသဖြင့် မိဘ (သို့) အခြားမိသားစုဝင်များသို့ ပြောကြားကာ အဆိုပါကလေးနှင့် နောက်အချိန်တွင် ထပ်မံတွေ့ဆုံရန် ချိန်းဆိုရသည်။ အိမ်ထောင်စုများအားရွေးချယ်ခြင်းမရှိဘဲ မေးမြန်းသည့်အတွက် အချို့ကလေးများသည် စစ်တမ်းကောက်ယူရန် အကျုံးဝင်သော်လည်း ပါဝင်ခဲ့ခြင်းမရှိပေ။



© ILO Photo / Jodelen Mitra



လေ့လာတွေ့ရှိချက်များ - ငါးမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများ

မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းများကို မြစ်ချောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ကြသည်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ပိုမိုတွေ့ရှိရသည်။ ငါးလုပ်ငန်းများသည် အာဟာရနှင့် စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်သည်။ မြန်မာနိုင်ငံတွင် အဓိကမြစ် ၄ ခုရှိသည်။ မြစ် ၃ ခုသည် မြန်မာနိုင်ငံ၏ နယ်နမိတ်အတွင်းမှ စတင်စီးဆင်းသည့်အတွက်ကြောင့် အပြည့်အဝစီမံခန့်ခွဲနိုင်သည်။ ဧရာဝတီအပါအဝင် အရေးပါသည့်မြစ်ဝကျွန်းပေါ်ဒေသ ၃ ခုရှိပြီး၊ ၄င်းတို့ သည် ရှုပ်ထွေးသည့်ဂေဟစနစ်ဖြစ်သည်။

ဒေသခံများသည် ငါး၊ ပုစွန်များ၊ ဂဏန်းများနှင့် ခရုအမျိုးမျိုး ထုတ်လုပ်ကြသည်။ မြန်မာနိုင်ငံ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဌာန၏ ခန့်မှန်းချက်အရ ၂၀၁၄ ခုနှစ်တွင် ထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၁,၃၀၀ ကျော်လွန်ခဲ့ပြီး၊ လူဦးရေ ၁.၅ သန်းသည် တိုက်ရိုက် မတူညီသည့် လုပ်ဆောင်မှုကဏ္ဍအမျိုးမျိုးတွင် ပါဝင်နေသည်။[43] မြန်မာနိုင်ငံ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဌာန မှ ကုန်းတွင်းငါးလုပ်ငန်းများအား "ရေချိုငါးမွေးမြူရေးလုပ်ငန်း များ" အဖြစ် သတ်မှတ်ထားသည်။ ၄င်းလုပ်ငန်းအခြေအနေသည် လွတ်လပ်စွာလုပ်ကိုင်ခြင်း (သို့) ဝှားရမ်းလုပ်ကိုင်ရခြင်း အစရှိသည် ခွင့်ပြုချက်အမျိုးမျိုးပေါ်တွင် ကဏ္ဍကွဲပြားသည်။ ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုအား ၁၉၉၁ ခုနှစ် "ရေချိုငါးလုပ်ငန်းဥပဒေ" ဖြင့် ထိန်းကြောင်းပြီး လက်ရှိအချိန်ထိ ပြုပြင်ပြောင်းလဲခြင်းမရှိပေ။ စီမံခန့်ခွဲမှုအား ငါးမွေးမြူရေးလုပ်ငန်းဌာနမှ အမျိုးသားအဆင့်ဖြင့် လုပ်ဆောင်သည်။ ၂၀၁၁ ခုနှစ်တွင် စီမံခန့်ခွဲလုပ်ဆောင်မှုများအား သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လွှဲပြောင်းပေးခဲ့သည်။ ယင်းသည် ရောင်းချခွင့်နှင့် ဖြန့်ဖြူးရောင်းချခွင့် ခွင့်ပြုချက်များ အပါအဝင်ဖြစ်သည်။ ထို့ကြောင့် ကဏ္ဍအတွင်း နောက်ဆက်တွဲအနေဖြင့် ဒေသခံနယ်မြေများ အလိုက် အကျိုးအမြတ်ဖြစ်ထွန်းမှု အလားအလာများပေါ်တွင် သက်ရောက်မှုရှိသည်။

"လွတ်လပ်စွာ ငါးဖမ်းခွင့်" ရှိသည့်တိုင် ငါးလုပ်ငန်းအမျိုးအစားအ လိုက်နှင့် အသုံးပြုခွင့်ရှိသည့် ငါးဖမ်းပစ္စည်း အမျိုးအစားတို့သည် ခွင့်ပြုချက်အပေါ်တွင် မူတည်နေသည်။ ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့် လုပ်ဆောင်မှုများဖြစ်သည့် ငါးပိ၊ ငံပြာရည်၊ ငါးခြောက်နှင့်


43 ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေ သဖွံ့ဖြိုးရေးဝန်ကြီးဌာန ၏ "Fishery Statistics 2014" အား ကိုးကားသည်။ ၄င်းအချက်အလက်သည် ILO (သို့) USDOL မှ ဖော်ပြထားခြင်းမရှိသည့် "Inland Fisheries" ဆေါ် ရေလုပ်ငန်းများ မပါရှိပေ။

ပုစွန်များအပြင် ဆားသိပ်ထားသည့် ငါးများ အစရှိသည်တို့ကို ထုတ်လုပ်သည်။ ရာသီအလိုက် ဒီရေ အတက်အကျပေါ်မူတည်၍ ငါးဖမ်းဆီးရရှိမှုသည် အမျိုးအစားလိုက် တန်ဖိုးကွဲပြားသည့်အတွက် မိသားစုများသည် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြသည်။ မိုးရာသီတွင် ကြုံတွေ့ရနိုင်သည့်အန္တရာယ်များမှာ မိုးသည်းခြင်းနှင့် ရေဘေးသင့်ခြင်းတို့ကြောင့် မြစ်ဂကျွန်းပေါ် ဒေသများရှိ ကျဉ်းမြောင်းသည့် ရေလက်ကြားများသည် ရေတက်လာသည်။

ထုတ်ကုန်ပစ္စည်းများသည် ရန်ကုန်မြို့ရှိ စံပြငါးဈေးတွင် ကမ္ဘာ့ဈေးကွက်အား LED ဖန်သားပြင်များ ပေါ်တွင်ပြသကာ ပွဲစားများနှင့် ဂယ်သူများမှ ဈေးသတ်မှတ်ခြင်း၊ အရည်အသွေးခွဲခြင်းနှင့် ပို့ဆောင်ခြင်းကို လုပ်ဆောင်သည်။ ပို့ကုန်ပစ္စည်းအများစုသည် ဂျပန်၊ မလေးရှား၊ စင်္ကာပူနှင့် တရုတ်နိုင်ငံများသို့ တင်ပို့သည်။[44] ၁၀ ပုံ ၁ ပုံ အများဆုံး ပို့ကုန်သည် ပုစွန်ခြောက်များဖြစ်သည်။ ၂၀၁၃-၁၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ၁၃.၅ သန်းရရှိခဲ့သည်။ လုပ်ငန်းများသည် အသေးစား မိသားစု ငါးလုပ်ငန်းများ အဖြစ်လုပ်ကိုင်ကြသည်။

အချက်အလက်ကောက်ယူခြင်း - တန်ဖိုးကွင်းဆက် မေးမြန်းမှုများနှင့် အိမ်ထောင်စုအလိုက် စစ်တမ်း ကောက်ယူခြင်း

ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ တွင် လုပ်ကိုင်နေသည့်ကလေးများ၏ အချက်အလက်များရရှိနိုင်စေရန် သာမကအခြားကဏ္ဍအလိုက်ဆက်နွယ်နေသည့် အချက်အလက်များသိရှိစေရန်နှင့် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်စေရန် စစ်တမ်းကောက်ယူသူများသည် ဧရာဝတီမြစ်ဂကျွန်းပေါ်ဒေသရှိ ငါးမွေးမြူထုတ်လုပ်ရေး လုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ကုန်များအပေါ်မှာ အဓိကမှီခိုနေသည့် အဓိက သိရှိနားလည်ဖြေကြား နိုင်သူများ၊ အိမ်ထောင်စုများနှင့် ကျေးရွာများရှိ ကလေးများအား အချက်အလက်များကောက်ယူခဲ့သည်။



44 ပို့ကုန်များ၊ တန်ဖိုးများနှင့် မွေးမြူသည့်နေရာများအား အောက်ဖော်ပြပါလင့်ခ် http://www.seafoodsource.com/all-commentary/27852-bringing-myanmar-s-fishing-aquaculture-into-the-21st-century တွင် ကြည့်ရှုနိုင်သည်။

လေ့လာ စစ်ဆေးသည့် နယ်မြေ : လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

လူဦးရေ : အမျိုးသား - ၂၂၉,၇၂၈ နှင့် အမျိုးသမီး - ၁၁၄,၉၈၈

လပွတ္တာမြို့နယ်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းအပြင် စပါးစိုက်ပျိုးမှုများကိုပါ တစ်နှစ်ပတ်လုံး လုပ်ဆောင်သည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် ဆိုင်ကလုန်းနာဂစ်၀င်ရောက်ပြီးနောက် လူအသက်များစွာနှင့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့သည်။ စပါးစိုက်ပျိုးသည့်လယ်များသည် ဆားငံရေများဖြင့်ပြည့်ကာ၊ အိမ်များသည် လည်း ရေလေနှင့်အတူ ပါသွားခဲ့သည်။ လယ်ထွန်စက်များ၊ ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းပစ္စည်းသည်လည်း ပျောက်ဆုံးခြင်း၊ ကျောင်းများပျက်စီးခြင်းအပြင် လူဦးရေ ၁ သိန်းနီးပါးသေဆုံးခဲ့သည်။ ခန့်မှန်းခြေအရ အဆိုပါတိုင်းဒေသကြီးအတွင်းတွင် နေထိုင်သူ ၁.၄ သန်းသည် မုန်တိုင်းဒဏ်ခံခဲ့ရသည်။ သဘာ၀ ဘေးအန္တရာယ်ကျရောက်မှုကြောင့် အဓိကဦးစားပေးနေရာအဖြစ်သတ်မှတ်၍ လူသားချင်းစာနာထောက်ပံ့မှု အစီအစဉ်များဖြစ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေး၀မ်းကြောင်းဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေး မှုများရှိခဲ့သည်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာသွားရောက်ရာတွင်လည်း အဖြူရောင် ကွန်ကရစ် မုန်တိုင်း အကာအကွယ်ပေး အဆောက်အဦးများကိုလည်း မြင်တွေ့ရသည်။ ၄င်းတို့အား လက်ရှိအချိန်တွင် ကျောင်းများအဖြစ် အသုံးပြုနေသည်။

စစ်တမ်းကောက်ယူခဲ့သည့်ကျေးရွာများသည် အတော်အတန်ငယ်ပြီး အိမ်ထောင်စု ၂၀မှ ၄၀ သာရှိသည်။ အိမ်တစ်အိမ်နှင့် တစ်အိမ်ကြားတွင် မြေပုံများခြားကာ၊ အတန်းလိုက်ငါးများကို ရွက်ဖျင်များ (သို့) သေးငယ်သည့်ဂါးဖြင့် ပြုလုပ်ထားသည့်နေရာများပေါ်တွင် အခြောက်လှန်းခြင်းပြုလုပ်ထားသည်။ အိမ်ထောင်စုအားလုံးနီးပါးသည် ဂါးဖြင့်ဆောက်လုပ်ထားသည့် အိမ်များတွင်နေထိုင်သည်။

လျှပ်စစ်ဓါတ် အားမရရှိဘဲ သေးငယ်သည့်ဘက်ထရီ အင်ဗာတာများကို အသေးစားလျှပ်စစ်ပစ္စည်းများအဖြစ် အသုံးပြုကြသည်။ စစ်တမ်းတွင် သောက်သုံးရေသည် ၄င်းတို့အတွက် အခက်အခဲဆုံးဖြစ်သည်။

ဂဏန်းများကို လပွတ္တာမြို့အနီးတဝိုက်နှင့် ဘီတွတ်ကုန်သွယ်မှုစင်တာတွင် အများဆုံးထုတ်လုပ် လုပ်ကိုင်သည်။ လမုပင်ဂဏန်းများ၊ အခွံပျော့ဂဏန်းများနှင့် ရွှံ့စေးဂဏန်းများအပြင် အခြားဂဏန်း အမျိုးမျိုးကိုလည်း မြစ်ကမ်းပါးများနှင့် ရေကန်များတွင် ဖမ်းဆီးသည်။ ငါးထုတ်ကုန်များအပြင်၊ ကန်အတွင်း မွေးမြူရေးလုပ်ငန်းများ (သို့) မွေးမြူရေးနေရာများပါ တိုးပွားလာနေသည်။ ၄င်းလုပ်ငန်းများတွင် ကလေးများ သည်လုပ်ကိုင်ရသဖြင့် အိမ်နှင့်ဝေးကွာ၍ အန္တရာယ်ကြုံတွေ့ရနိုင်မှု ပိုမိုများပြားသည်။

တန်ဖိုးကွင်းဆက်တွင်ပါ၀င်နေသည့် ကလေးများ

တန်ဖိုးကွင်းဆက်နှင့် ပတ်သက်သည့် အချက်အလက်များရရှိနိုင်ရန်အတွက် ကလေးလုပ်သားများနှင့် အနည်းငယ်-အဆင့်ဆင့်မေးခွန်းများအား မေးမြန်းခြင်း၊ အရောင်းအ၀ယ်အေးဂျင့်များနှင့် မေးမြန်းခြင်း၊ ကုန်သည်များနှင့် ဒေသခံတာ၀န်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများပါ လုပ်ဆောင်ခဲ့သည်။ လပွတ္တာတွင် ဂဏန်းအေးဂျင့် ၁၂၅ ခုနှင့် ငါးနှင့်ပုစွန်အေးဂျင့် ၁၈ ခုရှိသည်။ ၄င်းတို့သည် ကျေးရွာများမှ ၀ယ်ယူပြီး ရန်ကုန်ရှိ စံပြဈေး (သို့) အခြား၀ယ်ယူမည့် ပွဲစားများထံ တင်ပို့ရောင်းချသည်။ အေးဂျင့်များသည် ဂဏန်းများ၊ ပုစွန်များ (သို့) ငါးများကို ခွဲခြားခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ ရေခဲရိုက်ခြင်းနှင့် ထုတ်ပိုးခြင်းတို့ ပြုလုပ်သည်။ သဘာ၀မှ ဖမ်းဆီးသည့် ဂဏန်းအရွယ်အစားသည် ဈေးကောင်းသည်။ အေးဂျင့်များသည် ဒေသခံငါးများကို သိုလှောင်ထားမှု

ကျေးရွာ	မြို့ (သို့) ကုန်သွယ်မှု အချက်အခြာနေရာ	မြို့အဆင့် - ရန်ကုန်ငါးဈေး
ငါး၊ ဂဏန်းများနှင့် ပုစွန်များကို ကမ်းစပ်နှင့် လှေအသေးများသုံး ၍ ဖမ်းသည်။	အရွယ်အစား၊ အမျိုးအစားနှင့် အရည်အသွေးခွဲခြားခြင်း။	လှေများနှင့်ကုန်ကားများပေါ်မှ အတင်အချလုပ်ခြင်း။
လှေနှင့်ပိုက်ကွန်များကို ထိန်းသိမ်းရသည်။	သန့်စင်ခြင်း။	ရေခဲလဲခြင်း၊ ရေခဲပြန်ရိုက်ခြင်း။
ငါးများကို ဆားများဖြင့် ပြုပြင်ကာ နေလှမ်းသည်။	ရေခဲရိုက်ခြင်း။	အရေအတွက်အား စစ်ဆေးခြင်း၊ လိုက်လံစုံစမ်းခြင်း။
ငါးပိနှင့် ငံပြာရေအတွက် ထုထောင်းရသည်။	ဂဏန်းလက်မများအား ချည်ခြင်း။	အထောက်အကူပစ္စည်းများအား လုပ်ဆောင်ရခြင်း။
ငါးအရိုးများဖယ်ရှားခြင်း နှင့်/သို့ သန့်စင်ခြင်းများပြုလုပ်ရသည်။	လှေများနှင့် ကုန်ကားများ ပေါ်မှ အတင်အချလုပ်ခြင်း။	စီခြင်း၊ အရိုးထုတ်ခြင်းနှင့် သန့်စင်ခြင်း။
ဂဏန်းလက်မများ ချည်ရသည်။	အခြားကလေးများအတွက် ပွဲစားအဖြစ်လုပ်ကိုင်ခြင်း။	ညဘက်နှင့် နေ့ဘက် လုံခြုံရေးများ ထားရှိခြင်း။

သတ်မှတ်ချက်အရ ၄င်းအရွယ်အစားထက်
သေးငယ်သည့် အရွယ်အစား ရရှိမည်ကို စိုးရိမ်သည်။
မေးမြန်းသိရှိမှုများအရ ရွာတစ်ရွာတွင် နာဂစ်အပြီး
ဂဏန်းမွေးမြူရေးခြံ ၂ ခြံ တည်ထောင်ခဲ့ကာ၊ ၂ ခြံလုံးတွင်
၀နှစ်ထမ်းအယောက် ၂၀ နည်းပါးရှိပြီး အများစုသည်
ကလေးများဖြစ်သည်။ အခြားရွာမှလာသည့်
ကလေးများသည် ခြံမှာပါနေထိုင်သည်။
အောက်ဖော်ပြပါဇယားသည် ကုန်တွင်း ငါးမွေးမြူရေးလုပ်
ငန်းမှာလုပ်ကိုင်နေသည့် ကလေးများ၏ လုပ်ဆောင်မှုများ၊
လေ့လာတွေ့ရှိချက်များနှင့် မေးမြန်းဖြေကြားပေးသည့်
ပွဲစားများနှင့် ကလေးများ၏ ဖြေဆိုချက်များအား
ဖော်ပြထားသည်။

အိမ်ခြေမဲ့ကလေးများကိစ္စသည်လည်းတွေ့ရှိခဲ့ရသ
ည်။ ၄င်းတို့သည် မိသားစုဆုံးရှုံးခြင်း (သို့) မိသားစုများ
ကြောင့်ဖြစ်စေ မြို့အတွင်းအုပ်စုလိုက်သွားလာကာ
ခိုးယူမှုများပြုလုပ်သည်။ ၄င်းတို့သည်အဖွဲ့လိုက်
မွေးမြူရေးကန်အတွင်းမှ ငါးများနှင့် ဂဏန်းအေးဂျင့်များမှ
ခိုးယူသည်။ ဒေသခံများက ၄င်းတို့အား
အနှောက်အယှက်ပေးသူများ၊ နေ့စဉ်စားသောက်စရာနှင့်
လုံခြုံမှုမရှိသော နေရာထိုင်ခင်းတွင် နေထိုင်သူ
များအဖြစ်မြင်ပြီး လူမှုအဖွဲ့အစည်းနှင့် အုပ်ထိန်းမှုအောက်မှ
သီးခြားလွတ်မြောက်နေသည်။

ဂဏန်းနှင့် ငါးမွေးမြူရေးအေးဂျင့်များမှာ လုပ်ကိုင်နေသည့်
ကလေးများသည် နှစ်ရှည်ကြာမြင့်နေပြီဖြစ်သည်။
လုပ်ငန်းရှင်များနှင့် ကလေးများကြားတွင်
မိသားစုလိုအပ်ချက်ကြောင့် လုပ်ငန်းရှင်များမှ
အလုပ်ပေးထား သည့်အနေအထားမျိုးနှင့်
ကလေးများသည် အလုပ်ရှင်များအပေါ်
အကြွေးတင်နေသည့် ပုံစံမျိုးရှိနေသည်။ မေးမြန်းခဲ့သည့်
ယောကျ်ားလေးတစ်ယောက်က အသက် ၁၄ နှစ်အရွယ်တွင်
ဖခင်ဖြစ်သူသေဆုံးပြီးနောက် မိသားစုအားထောက်ပံ့နိုင်ရန်
ကျောင်းထွက်အလုပ်လုပ်ခဲ့သည်။ သူသည် ၃ နှစ်တိုင်တိုင်
လက်ရှိ အလုပ်ရှင်အောက်တွင် လုပ်ကိုင်နေဆဲဖြစ်သည်။
ဖခင်သေဆုံးသွားသည့်နောက် ကျန်ရှိသည့်ဆေးကုသ
စရိတ်အကြွေးများကို နေ့စဉ်ကျပ် ၁,၀၀၀ (ကန်ဒေါ်လာ
၀.၈၀)နှုန်းဖြင့် မိသားစုမှ အကြွေးဆပ်ရသည်။
ကလေးသည် မိုးရာသီတွင် ဂဏန်းများ ဖမ်းရသည့်အခါတွင်
ဂဏန်းလက်မများ ချည်နှောင်ရာမှ တစ်နေ့လျှင်
ကျပ် ၄,၀၀၀ မှ ၅,၀၀၀(ကန်ဒေါ်လာ ၃ - ၄)
ကြားရရှိသည်။ ဂဏန်းအရနည်းသည့်ရက်များတွင်
၀င်ငွေသည်လည်း နည်းပါးသည်။ အလုပ်များ သည့်အခါ
၄င်းအပါအ၀င် အခြားကလေးများသည်ကြာမြင့်ပြီး
မနက် ၉ နာရီမှ ည ၉ နာရီအထိ လုပ်ကိုင်ရသည်။
၄င်းအေးဂျင့်တွင်လုပ်ကိုင်နေသည့် မိန်းကလေးတစ်ဦးသည်
ကျောင်းထွက်ကာ မိသားစု၀င်များ တင်နေသည့်အကြွေး
ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၄၂) အား ၂
လအတွင်း ပြန်ဆပ်နိုင်ရန် ဂဏန်းလက်မများ
ချည်နှောင်သည့်အလုပ်ကို လုပ်ကိုင်နေသည်။
ယခုအခြေအနေတွင်တွေ့ရသည့် ကောင်လေးနည်းတူ၊
ကောင်မလေးသည်လည်း အကြွေးကျေအောင်
မဆပ်နိုင်သေးသည့်အပြင်၊ အပို၀င်ငွေရရှိရန်လည်း
လိုအပ်နေသည်။ အလုပ်လုပ်နေသည့် ကလေးများသည်
လုပ်ငန်းခွင်အတွင်း ၀င်ရောက်လုပ်ကိုင်ရာမှာ
ယာယီလုပ်ကိုင်ရန် မျှော်မှန်းထားပြီး၊ အများစုကတော့
နှစ်ရှည်ဆက်လက် လုပ်ကိုင်နေခဲ့သည်။

မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ခွဲခြားခြင်း၊
ဂဏန်းလက်မများ ချည်နှောင်ခြင်း၊ အလေးချိန်ခြင်းနှင့်
ဂဏန်းအကောင်ပေါက်များအား အစာကြွေးခြင်းအပြင်
ယောကျ်ားလေး များက လေးလံသည့်အရာများအား
အတင်အချပြုလုပ်ခြင်းနှင့် မိန်းကလေးများက သန့်ရှင်းရေးနှင့်
အိမ်တွင်းမှုအလုပ်ဆန်ဆန် ကိစ္စရပ်များကိုပါ လုပ်ကိုင်ကြရသည်။
တချို့မိန်းကလေးများသည် ပိုင်ရှင်၏ မိသားစုနှင့်
အလုပ်သမားအားလုံးအတွက် ထမင်းချက်ပေးရသည်။
မိန်းကလေးများအား ငါးများ ဆားနယ်ခြင်းနှင့်
နေလှမ်းအခြောက်ခံခြင်းကိုပါ လုပ်ကိုင်ရသည်။

မြို့ပြအဆင့်တွင် ပစ္စည်းများအား ခွဲခြားခြင်း၊
အလေးချိန်ခြင်း၊ အတင်အချလုပ်ခြင်းနှင့်
ထုတ်ပိုးခြင်းတို့ကို လုပ်ဆောင်ရသည်။
စံပြစျေး တွင်လုပ်ကိုင်နေသည့်ကလေးများ
(သို့) ဘုရင့်နောင်လက်ကားစျေးကြီးတွင်
လူကြီးများနှင့်အတူ အထက် ဖော်ပြပါများကို
အတူတူလုပ်ဆောင်ရသည်။ ပေးလံသည့်ရွာများမှ
ကလေးများသည် စျေးအနောက်တွင် အိပ်ကာ၊
အချို့သည် ဆိုင်အရှေ့တွင် ညဘက် လုံခြုံရေးအတွက်
အိပ်သည်။ စျေးများမှာလုပ်ကိုင်သည့် ကလေးများအား
မေးမြန်းရာတွင် မြန်ဆန်စွာလုပ်ကိုင်နေရသည့်အပြင်
ဆူညံနေသည့်ပတ်၀န်းကျင်ကြောင့် ခက်ခဲမှုများရှိခဲ့သည်။

အေးဂျင့်များ၊ မြို့များနှင့် မြို့စျေးမှာ အလုပ်လုပ်ကိုင်နေသည့်
ကလေးများသည် ပွဲစားများမှ နှစ်ရှည်စာချုပ် များဖြင့်
မွေးရပ်ဒေသ ကျေးရွာများ (ကရင်နှင့် မကွေး)မှ
ခေါ်ယူလာခဲ့သည်။ ကလေးအများစုသည် အသက်
အရွယ်ပျိမ်းမျှအားဖြင့် ၉ နှစ်မှ ၁၂ နှစ်အရွယ်တွင်
အလုပ်စတင်လုပ်ကိုင်ကြပြီး၊ အချို့က မှတ်ပုံတင် (သို့)
မွေးစာရင်း ပင်မရှိပေ။ ကလေးအများစုရရှိသည့်လစာသည်
အိမ်မှ မိသားစု၀င်များထံ တိုက်ရိုက်ရောက်ရှိသွားသည်။

ယခုစစ်တမ်းတွင် စီးပွားရေးကွင်းဆက်လုပ်ကိုင်ေ
နသူများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များအား
လေ့လာမှု မပြုလုပ်သော်လည်း၊ ၄င်းအခြေအနေသည်
ကျေးလက်ဒေသများတွင် ကြုံတွေ့နေရသည့် ဥပမာ
- ဂဏန်းချည်နှောင်ရာတွင် ပြင်းထန်သည့် ပေါက်ပြ
ဒဏ်ရာများရရှိနိုင်သည်။ စိတ်သောကရောက်စရာမှာ
မြို့ပြ၊ ကုန်သွယ်မှုနေရာများအဆင့်တွင်
လုပ်ကိုင်နေသည့် ကလေးများအပြင်
မွေးမြူရေးခြံများတွင် လုပ်ကိုင်နေရသည့်ကလေးများက
အတင်းအဓမ္မစေခိုင်းမှုမြင့်မားသည့် ခြေအနေများနှင့်
ကြုံတွေ့ရနိုင် သည်။ သေသေချာချာ
စာရွက်စာတမ်းပြုစုမှုများမရှိပါက အလုပ်ရှင်အား

မိုခိုကာ အခြေခံလိုအပ်ချက်များ ဖြစ်သည့် အိပ်စက်ရန်အတွက် လုပ်ငန်းခွင်တွင် အိပ်ရခြင်းနှင့် လုပ်အားခများ တိုက်ရိုက်မရရှိခြင်းသည် အလွန်မလုံခြုံသည့်အနေအထားမျိုးနှင့် ကြုံတွေ့နေရသည်။

ငါးဖမ်းလုပ်ကိုင်သည့် ကျေးရွာများရှိ အိမ်ထောင်စု စာရင်းများ

ပုံ (၃) ကုန်တွင်းငါးလုပ်ငန်းများတွင် လေ့လာမှုပြုလုပ်ထားသည့် အိမ်ထောင်စုများ။ လပွတ္တာမြို့နယ်

အိမ်ထောင်စုများ	ကုန်တွင်းငါးလုပ်ငန်းများ
ဦးတည်ပစ်မှတ်ထား	၁၁၀
နှိုင်းယှဉ်	၂၇
စုစုပေါင်း	**၁၃၇**

အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် မိသားစု၀င် ၅.၅ ဦးရှိကာ အများစုသည် အမျိုးသားများ ၅၂ ရာခိုင်နှုန်းရှိသည်။ အခြားဒေသများရှိအိမ်ထောင်စုများထက် အိမ်ထောင်စု ၂၉ ရာခိုင်နှုန်းတွင် မိသားစု၀င် ၈ ယောက်အထက်ရှိသည်။ လပွတ္တာမြို့နယ်ရှိ အလုပ်သမားဦးရေတွင် ၅၀.၄ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်ဖြစ်ကာ ၃.၇ ရာခိုင်နှုန်းသည် အသက် ၅၅ နှစ် အထက်ဖြစ်ပြီး၊ ၁.၃ ရာခိုင်နှုန်းသည် အသက် ၆၅ နှစ်အရွယ်ဖြစ်သည်။ မိုခိုနေထိုင်သူဦးရေ အရေအတွက်သည် ထက်၀က်နီးပါးရှိကာ အများစုသည် အသက် ၁၈ နှစ်အောက်ကလေးများဖြစ်သည်။ ပေးထားသော စစ်တမ်းသည် ကဏ္ဍခွဲများ/ဒေသများ (မြို့နယ်အပါအ၀င်) ဖြစ်နိုင်သော ကိုယ်စားပြုပုံစံတစ်ခုအဖြစ် အသုံးပြုထားခြင်းမရှိခဲ့ပါ။ စစ်တမ်းပြုလုပ်ခဲ့သည့် မြို့နယ်၏ဒေသများကိုသာ ရည်ညွှန်းသော လပွတ္တာမြို့နယ် အကြောင်းရေးထားသည်ကို မှတ်သားရန် အရေးကြီးပါသည်။

ရွှေ့ပြောင်းနေထိုင်ခြင်း

အိမ်ထောင်စုများ၏ ၃၄ ရာခိုင်နှုန်းသည် မိသားစု၀င်အနည်းဆုံးတစ်ယောက်မှ ပြည်တွင်း (သို့) ပြည်ပသို့ ပြောင်းကာ အလုပ်လုပ်ကိုင်သည်။ လပွတ္တာမြို့နယ်တွင် အိမ်ထောင်စု မိသားစု၀င်ဦးရေ ၆၀ သည် အလုပ်ကြောင့် ပြောင်းရွှေ့ခဲ့ရာတွင် အသက် ၁၈ နှစ်အောက် ကလေး ၁၆ ယောက်ပါ၀င်သည်။ ရွှေ့ပြောင်း အများစုသည် အမျိုးသားများဖြစ်သည်၊ ၆၂ ရာခိုင်နှုန်းရှိသော်လည်း အမိကအများဆုံးမဟုတ်ပါ။ ယခုကဲ့သို့ပြောင်းရွှေ့လုပ်ကိုင်ခြင်းသည် ၄င်းဒေသရှိ အိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေကို ပြသသည်။ နာဂစ်ဖြစ်ပွားပြီး နောက်ပိုင်းတွင် မိသားစုများသည် ၄င်းတို့၏ နေထိုင်ရာဒေသများသို့ ပြန်ရာတွင် စာရွက်စာတမ်းအထောက်အထား မပြသနိုင်သည့်အတွက် မိသားစုအများစုသည် မိုးရာသီတွင် စိုက်ပျိုးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် မြစ်များ၊ ချောင်းများနှင့် မြစ်၀တို့မှ ရရှိသည်များ အပေါ် မှီခိုနေရသည်။

ပုံ (၄) ကုန်းတွင်းပိုင်းငါးလုပ်ငန်းများရှိ အိမ်ထောင်စုများမှ ပြောင်းရွှေ့လုပ်သားများ။ လပွတ္တာမြို့နယ်

ပြောင်းရွှေ့သွားသည့်လုပ်သား၏ အသက်	လပွတ္တာ	စုစုပေါင်းပြောင်းရွှေ့သူ ရာခိုင်နှုန်း
အသက် ၁၈ နှစ်အောက်	၁၆	၂၃%
အသက် ၁၈ - ၃၀	၄၃	၆၂%
အသက် ၃၀ ကျော်	၁၀	၁၄%
စုစုပေါင်း	**၆၉**	**၁၀၀%**

စီးပွားရေးအခြေအနေ - အကြွေး

အိမ်ထောင်စု၀င်ငွေနှင့် ပတ်သက်ပြီးအချက်အလက်စုဆောင်းရခြင်းသည် ရှုပ်ထွေးကာ၊ လေ့လာမှုအတိုင်းအတာ၏ဘောင်အပြင်တွင်ဖြစ်နေသည်။ ယခုစစ်တမ်းသည် အိမ်ထောင်စုတစ်စု တင်ရှိနေသည့်အကြွေး များနှင့် လယ်မြေလုပ်ကိုင်ခွင့် အခြေအနေအစရှိသည်တို့ကို စီးပွားရေးမည်မျှတည်ငြိမ်မှု ရှိသနည်းကို တိုင်းထွာရန် ဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ လပွတ္တာမြို့နယ်ရှိ အိမ်ထောင်စုအရေအတွက် ၆၁ ရာခိုင်နှုန်းသည် အကြွေးတင်နေသည်။ အများစုသည် ကန်ဒေါ်လာ ၄၀၀ အောက် အကြွေးတင်နေသည်။ ကန်ဒေါ်လာ ၈ ကျပ် အကြွေးတင်နေပါက ထည့်သွင်းဖြေကြားတင်ပြနိုင်သည့်အနေအထားတွင်ရှိသည်ဟု ဖြေကြားသူများကစဉ်းစားကြသည်။ ထိုပမာဏများသည် နည်းပါးသည်ဟု ထင်မြင်ရနိုင်သည့်တိုင် မိသားစုတစ်စု၏ နေ့စဉ်လိုအပ်ချက်များနှင့် ရေရှည်တွင် ဖြစ်ပေါ်နိုင်သည့် သက်ရောက်မှုများစွာအပေါ် ပြောင်းလဲမှုရှိသည်။ အကြွေးတင်ရသည့် အကြောင်းအရင်းမှာ လုပ်ငန်းအတွက်ကုန်ကျစရိတ်များသော ကြောင့်ဖြစ်သည်ဟု သိရသည်။ သို့သော် ဖြေကြားသူများသည် အကြွေးတင်နေသည့် အကြောင်းအရာသည် တစ်ခုထက်ပိုနိုင်သည်ဟု သုံးသပ်သည်။

ပုံ (၅) ကုန်းတွင်းငါးလုပ်ငန်းများရှိ အိမ်ထောင်စုများ တင်နေသည့်အကြွေးများ။ လပွတ္တာမြို့နယ်

	ပျမ်းမျှ	အလယ်	အနည်းဆုံး	အများဆုံး
မြန်မာကျပ်ငွေ	ကျပ် ၅၅၉,၂၄၀	ကျပ် ၂၀၀,၀၀၀	ကျပ် ၁၀,၀၀၀	ကျပ် ၆,၀၀၀,၀၀၀
ကန် ၁ ဒေါ်လာ (ကျပ် ၁,၂၀၀)	ဒေါ်လာ ၄၆၆	ဒေါ်လာ ၁၆၇	ဒေါ်လာ ၈	ဒေါ်လာ ၅,၀၀၀

အိမ်ထောင်စု အကြီးတင်နေသည့်အကြောင်းအရင်း	အိမ်ထောင်စုများအလိုက် ဖြစ်နိုင်သည့်အလားအလာ %
မိသားစုလုပ်ငန်းခွဲ့ထွင်ရန် (သို့) ထိန်းသိမ်းရန်	၄၃%
လုပ်ငန်းသုံးပစ္စည်း ဝယ်ယူရန်	၄၈%
အခြားအကြွေးပေးချေရန်	၁၃%
ရှင်းလင်းသည့်အကြောင်းပြချက်မရှိ	၁၁%
အခြား - မင်္ဂလာဆောင်၊ ဈာပန၊ ကျန်းမာရေး	၁၉%

ငါးလုပ်ငန်းများလုပ်ကိုင်သည့် ကျေးရွာများတွင်လုပ်ကိုင်နေသည့် ကလေးများ

ကလေးများအတွက် စစ်တမ်းများကောက်ယူရာတွင် ငါးလုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှ ဝင်ငွေရရှိသည့် အိမ်ထောင်စုများနှင့် ငါးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများကို ပင်မဝင်ငွေဟု သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် ၎င်းဒေသတွင် နေထိုင်သည့် "နှိုင်းယှဉ်"ခံရသော အိမ်ထောင်စုများထံ မှ စစ်တမ်းကောက်ယူခဲ့သည်။ အလုပ်နှင့်သက်ဆိုင်သော အညွှန်းကိန်းအရ နှိုင်းယှဉ်ခံရသော အိမ်ထောင်စုမှ ကလေးများနှင့် ပစ်မှတ်ထားသော အိမ်ထောင်စုမှ ကလေးများသည် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လက်တွေ့လုပ်ငန်းများတွင် သိသိသာသာကွဲပြားမှုအဖြစ် မရှိခဲ့ပါ။ ထိုကဲ့သို့သော အိမ်ထောင်စုများအား လုံး ကို စစ်တမ်း စုပေါင်းကောက်ခံထားခြင်းဖြစ်သည်။

ပုံ (၆) ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်ဒေသတွင် လုပ်ကိုင်သည့်ကလေးများ၊ လေ့လာတွေ့ရှိသည့် အသက်အရွယ်နှင့် ဖွဲ့စည်းပုံအရေအတွက်၊ လပွတ္တာမြို့နယ်

အသက်	စစ်တမ်းမှာပါဝင်သည့် နေရာမှ ကလေးအရေအတွက်
အသက် ၇ - ၁၂ နှစ်	၁၃၄
အသက် ၁၃ - ၁၅ နှစ်	၆၂
အသက် ၁၆ - ၁၇ နှစ်	၃၀
စုစုပေါင်း	**၂၂၆**

စုစုပေါင်း ယောကျ်ားလေး ၁၀၉ ဦးနှင့် မိန်းကလေး ၁၁၇ ဦးပါဝင်သည်။ ကလေး ၁၄၃ ဦးသည် ငါးလုပ်ငန်းများတွင် လုပ်ကိုင်သည်။ အဆိုပါနယ်မြေရှိ ကလေးအရေအတွက်၏ ၆၃ ရာခိုင်နှုန်း သည် ငါးလုပ်ငန်းကဏ္ဍခွဲတွင် ဝင်ငွေရရှိရန်လုပ်ကိုင်နေသည်။ လုပ်ကိုင်နေသည့် ကလေးအရေ အတွက်သည် ယောကျ်ားလေး ၇၄ ရာခိုင်နှုန်းနှင့် မိန်းကလေး ၅၃ ရာခိုင်နှုန်းရှိသည်။

ပုံ (၇) ကုန်းတွင်းပိုင်းငါးလုပ်ငန်းများတွင် လုပ်ကိုင်ရသည့် ကလေးများပေးသည့် အကြောင်းအရင်းများ၊ လပွတ္တာမြို့နယ်

ငါးလုပ်ငန်းများမှာဝင်ရောက်လုပ်ကိုင်ရသည့်အဓိက အကြောင်းပြချက်များ	ဖြစ်နိုင်ခြေရှိသည့် ကလေးများ %
မိဘများ (သို့) အုပ်ထိန်းသူများမှ လုပ်သင့်သည်ဟု ပြောကြားခြင်း	၁၃%
မိသားစုအား ထောက်ပံ့ရန်	၇၈%
သန်မာသည့်အတွက်	၁%
ကျောင်းတွင် စာမလိုက်နိုင်၍	၀%
ဒီအလုပ်ကို ဘယ်လိုလုပ်ကိုင်ရမလဲ သင်ယူရန်	၁၃%
ကျောင်းစရိတ်ရရန်	၈%
မွေးချင်းများအတွက် ကျောင်းစရိတ်ရရန်	၁%
မိသားစုအကြွေးများဆပ်ရန်	၆%
ကိုယ်ပိုင်အဝတ်အထည်နှင့် အစားအသောက်များ ဝယ်ရန်	၃၃%
အလုပ်လုပ်ရသည်ကိုနှစ်သက်သည်/ ကိုယ့်ခြေထောက်ပေါ် ရပ်တည်ချင် သည်။	၂%
အခြားအကြောင်းပြချက်များ	၇%

ကလေးများသည် မိသားစုအား ထောက်ပံ့လိုသည့် စိတ်အားပြင်းထန်သည့်အတွက် လုပ်ကိုင်ရခြင်းသည် အဓိကအကြောင်းအရင်းဖြစ်သည်ဟု သိရှိရသည်။ အဆိုပါပြောကြားချက်သည် ထုံးတမ်းအစဉ်အလာအရ ပြောကြားခြင်းဖြစ်သည်။ လေ့လာမှုများပြုလုပ်သည့်အချိန်တွင် မိဘများသည် မေးမြန်းသူများအား ၎င်းအကြောင်းပြချက်အား ထပ်ခါထပ်ခါပြောကြားခဲ့ပြီး၊ ကလေးများအား ငါးလုပ်ငန်းများတွင် လုပ်ကိုင်စေလို သည့်အတိုင်းဖြစ်နေသည်။ အချို့ကလေးများသည် ကိုယ်ပိုင်အသုံးအဆောင်များ ဝယ်ယူနိုင်ရန် လုပ်ကိုင်နေသူများလည်းရှိသည်။ အသက် ၁၆ နှစ်အရွယ် ကလေးတစ်ဦးသည် မေးမြန်းသူ များအား ကိုယ်ပိုင်လက်ကိုင်ဖုန်း တစ်လုံးဝယ်ယူလိုသည့်အတွက် ဖြစ်သည်ဟု ဖြေကြားခဲ့သည်။ မေးမြန်းသူမှ မည်သူအား ခေါ်ဆိုလိုသည့်အတွက် ဝယ်ယူရသနည်းဟု မေးမြန်းသည့်အခါ သူသည် ဂိမ်းကစားရန်အတွက်သာဟု ဖြေကြားခဲ့သည်။ အချို့ကလေးများသည် ပိုက်ဆံအား ကိုယ်ရေးကိုယ်တာ ပစ္စည်းများနှင့် ဖျော်ဖြေရေးအပြင် မူးယစ်စေသည့်အရာများ (သို့) တရားမဝင်အရာများအတွက်သုံးစွဲသည်။

ပုံ (၈) **မိခင်နှင့် မိန်းကလေးများသည် ငါးခြောက်ခေါင်းများအား ဖြတ်တောက်နေသည်ကို လပွတ္တာမြို့နယ်တွင် တွေ့ရစဉ်။**



© ILO Photo / Yangon Office

ကလေးများ ကျောင်းတက်ရောက်ရန် အဟန့်အတားများ

လပွတ္တာမြို့နယ်တွင် တစ်နေ့လျှင် ကျောင်းချိန်သည် ၅ နာရီမှ ၆ နာရီ ကြာမြင့်သည်။ ကျောင်းပြင်ပအချိန် ကျူရှင်တက်ရောက်နေသူများသည် စာသင်ချိန်ပိုကြာမြင့်သည်။ အထက်တန်းအား အောင်မြင်စွာဖြေဆို နိုင်ရန် ကျူရှင်တက်ရန်လိုသည်ဟု အများစုက ယူဆထားသည်။ ကျောင်းပြင်ပချိန်မှာ သင်ယူရခြင်းသည် "ကျူရှင်" ဟုခေါ် သည်။ ၎င်းစရိတ်သည် မိသားစုကုန်ကျစရိတ်ထဲသို့ အပိုကုန်ကျစရိတ်အဖြစ် ထည့်ပေါင်း ရသည်။ ၎င်းဒေသတွင် ကျောင်းသား ၂၆ ရာခိုင်နှုန်းသည် ကျူရှင်တက်သည်။ ယခုလေ့လာ တွေ့ရှိချက်သည် ကျောင်းချိန်ပြင်ပတွင် ကျူရှင်တက်ရောက်ရန် အများကလက်ခံထားသည့်တိုင် အရေအတွက်နည်းနေသည် ကိုတွေ့ရသည်။[45]

ကလေးအရေအတွက် ၈၄ ရာခိုင်နှုန်းသည် ကျောင်းတက်သည်။ ၁၆ ရာခိုင်နှုန်းသည် ကျောင်းထွက်စောသည်။ ထိုအရာသည် ကျောင်းထွက်မှုနှုန်းနဲ့ မသက်ဆိုင်ပေ။ ယခုလေ့လာတွေ့ရှိချက် ရာခိုင်နှုန်းသည် ယခင်ကျောင်းတက်ရောက်ခဲ့သည့်ကလေးများ အနေနဲ့ ကျောင်းဆက်လက် မတက်ရောက်ခြင်း (သို့) ကျောင်းသားများ၏ အခြေအနေများကြောင့် ပြီးမြောက်အောင် မသင်ယူသည့်အနေအထားဖြစ်သည်။ ထိုအရာသည် ကျောင်းသားများအား ကျောင်းထွက်စောပြီး နောင်တွင် ကျောင်းမည်မျှအထိဆက်လက် တက်ရောက်မည်ဆိုသည်ကို မပြောကြားနိုင်ခဲ့ပေ။ အဆိုပါအရေအတွက် ရာခိုင်နှုန်းသည် ကျောင်းထွက်နှုန်းသတ်မှတ်ချက်ထက် နိမ့်နေသည်မှာ မြန်မာနိုင်ငံရှိကလေးများသည် အခြေခံမူလတန်းကျောင်းအတန်းများအထိ ပြီးမြောက်အောင် တက်ရောက်နိုင်သည့်အလားအလာရှိပြီးနောက်ဆက်တွဲအနေဖြင့် မည်မျှဆက်လက်၍ အတန်းပညာကို သင်ယူမည်ဆိုသည်ကို မခန့်မှန်းနိုင်ပေ။ စစ်တမ်းကောက်ယူမှုတွင် ၁၆ ရာခိုင်နှုန်း ကလေးအရေအတွက်သည် ကျောင်းထွက်ခဲ့ပြီး၊ အသက် ၁၂ နှစ်အောက်များသည် နောင်တွင် ကျောင်းထွက်နိုင်သည့် အလားအလာတွေ့ရသည်။

ကျောင်းသားအများစု (၈၂ ရာခိုင်နှုန်း) သည် ကျောင်းတစ်ခါတစ်ရံကျောင်းပျက်ပြီး၊ ၁၂ ရာခိုင်နှုန်းသည် အတန်းမည်သည့်အခါမှ မပျက်ကွက်ခဲ့ကာ၊ ၅ ရာခိုင်နှုန်းသည် မကြာခဏ ကျောင်းပျက်သည်။ ကျောင်းသားအများစုသည် တစ်လလျှင် တစ်ရက်မှ

45 လေ့လာမှုပြုလုပ်ခဲ့မှုများအားလုံးတွင် ထိန်းချုပ်ထားသူနှင့် ရည်ရွယ်ထားသည့်အဖွဲ့များသည် ကျောင်းပြင်ပအချိန်တွင် ဆက်လက်၍ ပညာသင်ယူမှုနှုန်းပတ်သက်၍ ကွဲပြားမှုရှိသည်။ ထိန်းချုပ်အဖွဲ့၏ ၅၃% သည် ကျောင်းပြင်အချိန်တွင် ဆက်လက် ပညာသင်ယူပြီး၊ ရည်ရွယ်အဖွဲ့၏ ၄၅% သည် ကျောင်းပြင်ပအချိန်တွင် ဆက်လက်ပညာသင်ယူသည်။ ထို့ကြောင့် ယခုကဏ္ဍခွဲများအောက်တွင်မပါရှိသည့် အိမ်ထောင်စုများအတွက် အတည်အကျမပြောနိုင်သည့်တိုင် အိမ်အတွက် အပိုကုန်ကျ နိုင်သည့် စရိတ်များရှိနိုင်သည်။


နှစ်ရက်အထိ ကျောင်းတက်ပျက်ကွက်ကာ၊ အချို့ ကျောင်းသားများသည် တစ်လလျှင် ၁၀ ရက်အထိ ကျောင်းပျက်သည်။ ကျောင်းပျက်ရသည့် အကြောင်းအရင်း အများစုသည် နာမကျန်းဖြစ်ခြင်း (သို့) ထိခိုက်ခြင်းနှင့် အိမ်ကိစ္စများကြောင့် မပါဝင်ပေ။ နာမကျန်းဖြစ်ခြင်းနှင့် အလုပ်နှင့်ပတ်သက်မှုကို စစ်တမ်းတွင်မေးမြန်းခဲ့ခြင်းမရှိပေ။ နေရာဒေသ အများအပြားတွင် သွေးလွန်တုတ်ကွေးကြောင့် ခံစားနေရသည့်ကလေးတစ်ယောက်သည် ရက်ကြာမြင့်စွာ ဖျားနာနေတတ်သည်။ စစ်တမ်းများကောက်ယူသည့်အခါ နောက်ထပ်တွေ့ရှိရသည့်အကြောင်းအရာမှာ မိုးရာသီတွင် ရေကြီးခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကျောင်းသွားရာတွင် အန္တရာယ် များလွန်းသည်။ ကလေးများ (သို့) မိဘများသည် ရေနစ်နိုင်သည့်အန္တရာယ် ကြုံတွေ့နိုင်ရသည့်အပြင် မိုးရာသီတွင် ကျောင်းပျက်ကွက်မှု ပိုမိုများပြားသည်ကိုတွေ့ရသည်။

ပုံ(၉) ကလေးတစ်ယောက်၏ ကျောင်းပျက်ကွက်ရသည့်အကြောင်းအရင်းများ၊ ကုန်းတွင်းငါးလုပ်ငန်းများ လပွတ္တာမြို့နယ်

ကျောင်းပျက်ရသည့်အကြောင်းအရင်းများ	ဖြစ်နိုင်ခြေရှိသည့် ကလေးများ
အိမ်အလုပ်ကြောင့်	၇%
စိတ်မဝင်စား (သို့) ပျင်းရိဖွယ်ကောင်းခြင်း	၄%
အလုပ်လုပ်ကာ ဝင်ငွေရှာခြင်း (သို့) မိသားစုအလုပ် လုပ်ကိုင်ခြင်း	၂%
နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေး၊ ထိခိုက်ခြင်း	၉၁%
မိသားစု အရေးပေါ်အခြေအနေ	၇%
ဆရာ/ဆရာမများမှ နှိပ်စက်ခြင်း	၁%
အခြား	၄%
မသိ/ ငြင်းဆိုခြင်း	၁%

၄င်းဒေသတွင် မရင့်ကျက်သေးခင် ကျောင်းထွက်ခြင်းသည်၊ ကျောင်းပျက်ကွက်ခြင်းထက် ငါးလုပ်ငန်း ကဏ္ဍတွင် လုပ်ကိုင်နေသည့် ကလေးများအတွက် အန္တရာယ်ရှိနိုင်သည်။ အထက်မှာဖော်ပြထားသည့် အတိုင်း ကလေး ၁၆ ရာခိုင်နှုန်း သည် ကျောင်းမစောထွက်လေ့ရှိကာ၊ အများစုသည် အခြေခံပညာတန်းနှင့် အလယ်တန်းမှ အထက်တန်းအဆောပိုင်းတွင် ကျောင်းထွက်မှုနှုန်းပို မိုများပြားသည်။ သို့သော် ကျောင်းထွက်မှုများသည် အတန်းအဆင့်ဆင့်တွင် တွေ့ရှိရသည်။

ပုံ(၁၀) ကုန်းတွင်းပိုင်းငါးလုပ်ငန်းများတွင် ကလေးများ အမြင့်ဆုံးတက်ရောက်ထားသည့် အတန်းပညာ၊ လပွတ္တာမြို့နယ်



ယခင်နှစ်ကကျောင်းမတက်သည့် ကလေးများသည် အခြေခံမူလတန်းနှင့် အလယ်တန်း (စတုတ္ထတန်းအပြီး) မှ အလယ်တန်းသို့ ကျောင်းပြောင်းသည့် အချိန်တွင် ပိုမို၍ကျောင်းထွက်ဖြစ်သည်ကို ရှင်းလင်းမြင်သာစေသည်။ အလယ်တန်း ကျောင်းများသည် နေထိုင်သည့်မိမိရွာနှင့် ဝေးကွာကာ၊ နေထိုင်မှုစရိတ်သည်မြင့်မားသည်။[46] ကုန်ကျစရိတ်များသည်မှာမုန်ကန်သည့်တိုင် ကျောင်းသားအများစုသည် လက်တွေ့အနေအထားအရ ကျောင်းဆက်လက် မတက်ရောက်သည့် အကြောင်းပြချက်များကို ကိုယ်တိုင်နားလည်ထားသည့်အတွက် လေ့လာမှုပြုလုပ်ရာတွင် အကျိုးအကြောင်းနားလည်သူများအဖြစ် သတ်မှတ်သည်။

ပုံ (၁၁) ကုန်းတွင်းပိုင်းငါးလုပ်ငန်းများရှိ ကလေးများ ယခင်နှစ်တွင် ကျောင်းပျက်ကွက်ရသည့် အကြောင်းအရင်းများ။ လပွတ္တာမြို့နယ်

ကျောင်းထွက်သည့်အကြောင်းအရင်းများ	ကလေးအရေအတွက် %
မိဘမှ တားမြစ်ခြင်း	၁၁%
ကုန်ကျစရိတ်မြင့်မားခြင်း	၂၄%
အလုပ်ပေးခြင်း	၁၁%
အိမ်ကိစ္စများလုပ်ဆောင်ရခြင်း	၁၁%
စိတ်မဝင်စား (သို့) ပျင်းရိခြင်း	၃၅%
အသိပညာနည်းပါးသည်ဟု ယူဆထားခြင်း	၅%
ယခင်အတန်းပညာများ ပျက်ကွက်ခဲ့ခြင်း	၀%
အလုပ်လုပ်ကာ ဝင်ငွေရှာခြင်း (သို့) မိသားစုအလုပ်လုပ်ကိုင်ခြင်း	၂၄%
နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေး၊ ထိခိုက်ခြင်း	၂၄%
မိသားစု အရေးပေါ်အခြေအနေ	၅%

လေ့လာသူများသည် ဖြေကြားသည့်ကလေးများအား ကျောင်းထွက်ခဲ့သည့်အဓိက အကြောင်းပြချက်အား မေးမြန်းခဲ့သည်။ ကလေးများသည်တုန့်ပြန်မှုတစ်ခု ထက်ရှိသည်။ ကျောင်းဆက်လက်တက်ရောက်ရန် နေရာဝေးကွာသည့်အဖြေနှင့် ကုန်ကျစရိတ်မြင့်မားခြင်းမှအပ ကလေးများသည် အခြားအကြောင်းပြချက် များကြောင့် ကျောင်းဆက်မတက်ခဲ့ရသည့် အကြောင်းကို ပြောကြားခဲ့သည်။ ၃၅ ရာခိုင်နှုန်းသည် ကျောင်းတက်ရန်ပျင်းလာခြင်း (သို့) စိတ်ဝင်စားမှုနည်းပါးခြင်းတို့ကြောင့် အဓိကကျောင်းထွက်ဖြစ်သည်ဟု ပြောကြားသည်။ မြန်မာနိုင်ငံတွင် ဆရာ/ဆရာမများသည် ကျောင်းသားများကို အလွတ်ကျက်မှတ်သည့် စနစ်နှင့် ဆရာဗဟိုပြုသင်ကြားနည်းဖြင့် သင်ခန်းစာများကို သင်ကြားနေသည်။ ထို့ကြောင့် ကလေးများ ဖြေကြားခဲ့သည့်အတိုင်း ကျောင်းတက်ရန်ပျင်းလာခြင်း (သို့) စိတ်ဝင်စားမှုနည်းပါးခြင်းအပြင် ကလေးများမှ ကျောင်းသင်ခန်းစာများသည် နေ့စဉ်ဘဝနှင့် နောင်အတွက် သက်ဆိုင်ခြင်းမရှိဟု ယူဆလာသည်။ ၂၄ ရာခိုင်နှုန်းသည် သူ/သူမ ကျောင်းမှထွက်ရသည့်အကြောင်းအရင်းကို နားလည်ကြောင်းနှင့် မိသားစု (သို့) မိမိအသိစိတ်ဖြင့် အိမ်၏ စီးပွားရေးကို ပါဝင်ဖြည့်စွက်ပေးရန်ဖြစ်သည်ဟု အရိပ်အမြွက်ပြသည်။


ကုန်းတွင်းငါးလုပ်ငန်းများရှိ ကလေးများလုပ်ဆောင်မှုများ

စစ်တမ်းကောက်ယူခဲ့သည့် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ်ရှိ ကလေးအရေအတွက် ၂၂၆ ယောက်တွင်၊ ၁၄၃ ယောက် (၆၃%)သည် ပုံမှန် ကုန်တွင်းငါးလုပ်ငန်းများတွင် ဝင်ငွေရရှိရန် ဝင်ရောက်လုပ်ကိုင်သည်ဟု သိရသည်။ အချို့ကလေးများသည် ငယ်ရွယ်စဉ်ကပင် လုပ်ကိုင်လာခဲ့သည်။ အသက် ၇ နှစ်အရွယ်ရှိ ကလေးများမှ စ၍ ပုံမှန်နေ့များတွင် အများဆုံး ၃ နာရီအထက် လုပ်ဆောင်သည်။


ပုံ (၁၂) တွင် ငါးလုပ်ငန်းနှင့် ပတ်သက်သည့်လုပ်ငန်းများသို့ တဖြည်းဖြည်းဖြင့် ကလေးများဝင်ရောက်လာပုံ ကိုဖော်ပြထားသည်။ အမြင့်ဆုံးသည် အသက် ၁၀ နှစ်တွင်ဖြစ်သည်။ ၎င်းသည် မြန်မာအစိုးရပညာရေးစနစ် တွင် စတုတ္ထတန်းနှင့် ပဉ္စမတန်းဖြစ်သည်ကို လက်ရှိလုပ်ငန်းခွင်များမှာ လုပ်ကိုင်နေသူများနှင့် ကျောင်းမှ ထွက်ရသည်လေ့လာမှုများမှ သိရှိရသည်။ ကလေးအများစုသည်လည်း ကျောင်းတက်ရင်းနှင့် အလုပ် လုပ်ကိုင်နေသူများလည်း ရှိနေသည့်အတွက် လုပ်ငန်းခွင်သို့ဝင်ရောက်ရန် ကျောင်းစောထွက်သည်ဟု မပြောနိုင်ပေ။ ရှင်းလင်းရမည်ဆိုလျှင် ငါးလုပ်ငန်းများတွင်လုပ်ကိုင်နေသည့် ကလေးများသည် ကျောင်းထွက်ပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် မဟုတ်ပေ။ ထိုနေရာဒေသတွင် နှစ်အလိုက် ဆန့်စပါး စိုက်ပျိုးမှုများလည်းရှိနေသည်။ အိမ်ထောင်စုမရှိသော ကလေးများသည် ၎င်းဆန့်စပါး စိုက်ပျိုးမှုများတွင် နေ့စားလုပ်သားရှားပါးခြင်းကြောင့် မကြာခဏလုပ်ကိုင်သည်။ ထိုကဲ့သို့ ရှားပါးမှုများကြောင့် ကလေးများ သည် အကျိုးအမြတ်များပိုမိုရရှိနိုင်မည်ဆိုပြီး၊ လုပ်ငန်းခွင်များသို့ ပိုမိုဝင်ရောက်လာနိုင်သည်။

46 ပညာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်ထားသည့် Enlightened Myanmar ၏ သုတေသနပြုလုပ်မှုအချက်အလက်များအရ ကလေးတစ်ယောက်အား အလုပ်မဲပေးသည့် အလယ်တန်းကျောင်းတွင် ထားရှိရန် ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်တွင် ကျပ် ၈၀၀,၀၀၀ မှ ၁,၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆၀၀ - ၁,၂၅၀) ခန့်ရှိကြောင်းဖော်ပြထားသည်။


ပုံ (၁၂) အသက်အရွယ်များအလိုက် ကုန်းတွင်းပိုင်းငါးလုပ်ငန်းများသို့ဝင်ရောက်လုပ်ကိုင်သူများ၊ လပွတ္တာမြို့နယ်



ပုံ (၁၃) ပြီးခဲ့သည့်နှစ်တွင် ကုန်းတွင်းပိုင်းငါးလုပ်ငန်းများမှာလုပ်ဆောင်ခဲ့သည့် ကလေးများမှ လုပ်ဆောင်ခဲ့ သည်များ ၊ လပွတ္တာမြို့နယ်




ပုံ (၁၄) ကုန်းတွင်းငါးလုပ်ငန်းများတွင် အသက်အရွယ်အုပ်စုအလိုက် လုပ်ဆောင်မှုများ လပွတ္တာမြို့နယ်



လုပ်ကိုင်သည့်ကလေးများသည် အလုပ်များစွာလုပ်ဆောင်ရသည်။ ပုံ (၁၃) တွင် ငါးလုပ်ငန်းများနှင့် ပတ်သက်သည့်လုပ်ဆောင်မှုများကို လုပ်ကိုင်နေသည့် ငါးဖမ်းရွာများတွင်နေထိုင်သည့် ကလေးများနှင့် ပတ်သက်ပြီး ယခုလေ့လာမှုစစ်တမ်းကောက်ယူခဲ့သည့် နှစ်တွင် လုပ်ဆောင်ခဲ့သည်များကို ဖော်ပြထားသည်။ ပျမ်းမျှအားဖြင့် ကလေးတစ်ယောက်သည် မတူညီသည့် လုပ်ငန်း ၃ခုတွင်လုပ်ကိုင်နေ ရသည်။ ၄င်းအလုပ်များသည် အိမ်ဖော်ပြင်ပ (သို့) လုပ်ကိုင်နေထိုင်ရာ ရွာများတွင်ဖြစ်သည်။ ထို့ကြောင့် အရေးပေါ်အခြေအနေများတွင် ချက်ခြင်းမလုပ်ဆောင်ပေးနိုင်ခြင်းနှင့် လူကြီးအကူအညီရယူနိုင်မည် မဟုတ်ပေ။ အန္တရာယ်များ တိုးပွားလာနိုင်သည်။

ပုံ (၁၄) တွင် အမြင့်ဆုံးဘားများသည် အသက်အရွယ် ၁၅နှစ်မှ ၁၇ နှစ်အထိ ကလေးများဖြစ်ကာ ၄င်းတို့သည် အနည်းဆုံး တစ်ကြိမ်တိတိ ယခုလေ့လာစစ်တမ်းကောက်သည့်နှစ်တွင် လုပ်ကိုင်ခဲ့သည်။ လှေလှော်ခြင်း၊ ငါးဖမ်းခြင်းနှင့် ကမ်းလွန်လုပ်ဆောင်မှုများကို အသက်ပိုကြီးသည့် ကလေးများမှ လုပ်ဆောင် ပြီး၊ ၄င်းတို့သည် ရွာအတွင်း ရောင်းချခြင်းနှင့် ဂဏန်းများ ထောင်ဖမ်းခြင်း လုပ်ဆောင်မှုနည်းပါးသည်။ ကမ်းလွန်တွင် ငါးဖမ်းထွက်ခြင်းသည် ရာသီဥတုအခြေများဖြစ်သည်။ ရေစီးသန်မှုနှင့် ဆိုးရွားသည့်ရာသီဥတု အခြေအနေကြောင့် အန္တရာယ်ရှိနိုင်သည်။


ပုံ (၁၅) ပြီးခဲ့သည့်နှစ်တွင် ကလေးများသည် ကျား၊မ အုပ်စုအလိုက် လုပ်ဆောင်ခဲ့သည်များ ၊ လပွတ္တာမြို့နယ်



ပုံ (၅) သည် ငါးဖမ်းထွက်သည့်ကလေးများ၏ ပြီးခဲ့သည့် နှစ်ကလုပ်ဆောင်ခဲ့မှုများကို ကျား၊မ အုပ်စုအလိုက် ခွဲခြား ဖော်ပြထားသည်။ ကျား၊မ အုပ်စု နှစ်ခုစလုံးသည် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် တစ်ခုထက် ပိုသည့်လုပ်ငန်းများလုပ်ကိုင်ခဲ့သည်။ ထို့အပြင် ကျား၊မ အုပ်စုအလိုက် လုပ်ငန်းတစ်ခုတည်းကိုပဲ လုပ်ရသည် ကိုလည်း မတွေ့ရှိခဲ့ပေ။ သို့သော် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုလေးလံသည့် အရာများကို လွန်ခဲ့သောနှစ်တွင် သယ်ဆောင်ခဲ့သည်။ ငါးပိ (သို့) ငံပြာရည်ထုတ်ကုန်များအတွက် မိန်းကလေး ၅ ယောကျ်ားလျှင် ၊ ယောကျ်ားလေး တစ်ဦးပါသည်။ အချို့လုပ်ငန်းများသည် ကြီးမားပြီး လေးလံသည့်အတွက် ယောကျ်ားလေးများ (သို့) မိန်းကလေးများ လုပ်ရန် သတ်မှတ်ခြင်းမရှိပေ။

ထို့အပြင် ပြီးခဲ့သည့်နှစ်၌ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ဆောင်မှုများအားလုံးထဲမှ ကလေးများက အများဆုံးလုပ်ဆောင်ခဲ့ရသော လုပ်ငန်းများကို ထုတ်ဖော်ပြောကြားခဲ့သည်။ အများဆုံးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းသည် အချိန်အများဆုံးပေးပြီး လုပ်ကိုင်ရခြင်း (သို့) ငါးဖမ်းခြင်း၊ ဂဏ္ဍန်းဖမ်းခြင်း၊ ပုစွန်စုဆောင်းခြင်း နှင့် ခရုများကောက်ခြင်း အစရှိသည့် အဓိက လုပ်ငန်းများအား သတ်မှတ်ရန်ဖြစ်သည်။ ကလေးများကို ကျား၊မ အလိုက်လုပ်ဆောင်ရသည့် လုပ်ငန်းများခွဲခြားကာ ၎င်းတို့ လက်ခံလုပ်ဆောင်ရသည့်အလုပ်နှင့် ယေဘုယျ အလုပ်များကို ခွဲခြားသည်။ ပုံ(၁၅) ပါ လုပ်ငန်းများအား ကျား၊မ အလိုက်လုပ်ဆောင်ရသည်များနှင့် ခွဲခြားကာ ရာခိုင်နှုန်းများဖြင့် ဖော်ပြထားသည်။ ဥပမာအားဖြင့် ဖြေဆိုသည့် မိန်းကလေး ၁၈ ရာခိုင်နှုန်းသည် အဓိကလုပ်ငန်း၌

ပုံ (၁၆) အဓိက ငါးလုပ်ငန်းနဲ့ ပတ်သက်သည့်လုပ်ဆောင်မှုများအား ယောကျ်ားလေး၊ မိန်းကလေးအုပ်စုများ အလိုက် ခွဲထားခြင်း၊ လပွတ္တာမြို့နယ်



ရွာတွင် အရောင်းထွက်ရန်ဖြစ်ပြီး၊ ယောကျ်ားလေး ၅ ရာခိုင်နှုန်းသာ လုပ်သည်။ ကျား၊မ အုပ်စုအလိုက် လုပ်ငန်း ၃ ခုသည် ကြီးမားသည့်ကွာခြားချက်ရှိနေသည်။ ရွာတွင် ရောင်းချခြင်း၊ ပစ္စည်းအမျိုးအစားစီခြင်းနှင့် ဂဏန်းများဖမ်းခြင်းတို့ကို လေ့လာတွေ့ရှိရသည်။ သို့သော် လှေများပေါ်မှ ပိုက်ကွန်များဖြင့် ငါးဖမ်းသည့် မိန်းကလေးရာခိုင်နှုန်းသည်လည်း အနည်းငယ်မြင့်သည့်တိုင် ယောကျ်ားလေးများသည် ၄င်းလုပ်ဆောင်မှုနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသည်။

ပုံ(၁၇) မိန်းကလေး ၂၅ ရာခိုင်နှုန်းသည် ငါးသေးများ၊ ငါးရုံးများနှင့် ဂဏန်းများ ခွဲခြင်းကို လုပ်ကိုင်သည်။



ကျေးလက်ဒေသရှိ အိမ်ထောင်စုများသည် အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် စီးပွားရေးလုပ်ဆောင်မှုနှင့် အိမ်တွင်းလုပ်ဆောင်မှုကို ရှုပ်ထွေးနေသည်။ အိမ်တွင်းအလုပ်များသည် တိုက်ရိုက်ရလဒ်များ (သို့) မိသားစု၏ စီးပွားရေး ဝင်ငွေရရှိမှုနှင့် ဆက်နွယ်နေသည်။ ငါးလုပ်ငန်းများတွင် ငါးခြောက်များအား ခွဲခြင်း၊ ခွာခြင်း (သို့) ပြင်ဆင်ခြင်းအပြင် အခြား ကိစ္စရပ်များဖြစ်သည့် အိမ်မီးဖိုချောင်တွင် ငါးပိကြိုခြင်းများကိုပါ လုပ်ဆောင်သည်။ ငါး (သို့) ခရုများကိုလည်း မိသားစုများမှ မရောင်းချပဲ စားသုံးကြပြီး (သို့) ဈေးနှုန်းမြင့်သည့်အခါတွင်သာ မိမိတို့မစားပဲ ရောင်းချကြသည်။ ထပ်မံဖြည့်စွက်ရမည် ဆိုလျှင် အိမ်မှုကိစ္စများသည် ကလေးတစ်ယောက်၏ ကျန်းမာရေး (သို့) ပညာအပြည့်အဝလေ့လာသင်ယူခွင့်ကို ထိခိုက်နိုင်သည်။ အချို့အလုပ်များသည် စီးပွားရေးလုပ်ဆောင်မှုများနှင့် ပတ်သက်မှုမရှိသည့်တိုင်၊ အိမ်တွင် ကလေးမရှိသည့်အခါတွင် ချက်ပြုတ်ခြင်း (သို့) မောင်နှမများကို ထိန်းရန်မရှိလူမရှိသည့်အတွက် အိမ်ထောင်စု ဝင်ငွေအပေါ် တွင်လည်း ကွာခြားသွားပြန်သည်။

လေ့လာမှုပြုလုပ်ထားသည့် ကလေးများအားလုံးသည် စစ်တမ်းကောက်ယူသည့် အပတ်အတွင်း အိမ်မှုကိစ္စများကို လုပ်ခဲ့သည်။ အများစုသည် တစ်နေ့လျှင် တစ်နာရီထက် နည်းပါးသည့် အိမ်မှုကိစ္စများကို လုပ်ဆောင်သည်။ အချို့သည် တစ်နေ့ကို ၃ နာရီ အိမ်မှုကိစ္စများကို လုပ်ဆောင်သည်။ အချို့ကလေးများသည် အိမ်မှုကိစ္စများလုပ်ဆောင်သည့်အချိန်ကို တွက်ချက်ရန်ခက်ခဲနေသည်။ ထင်းကောက်ခြင်း၊ ရေခပ် (သို့) ရေသယ်ခြင်း၊ တံမြက်စည်းလှဲ (သို့) ကြမ်းတိုက်ခြင်း၊ ပန်းကန်များဆေးကြောခြင်းနှင့် အဝတ်များ လျှော်ဖွတ်ခြင်းတို့သည် သာမန်လုပ်ဆောင်မှုများဖြစ်သည်။ မိန်းကလေးများသည်လည်း ယောကျ်ားလေးများ အလုပ်လုပ်ချိန်နည်းတူ လုပ်ဆောင်နေရသည်ကို တွေ့ရှိရသည်။ ယောကျ်ားလေးများသည် ထင်းကောက်ခြင်းနှင့် ရေခပ်ခြင်းကို အဓိကလုပ်ဆောင်ပြီး၊ မိန်းကလေးများသည် ချက်ပြုတ်ခြင်း၊ အဝတ်များ သန့်စင်၊ လျှော်ဖွတ်ခြင်းနှင့် ပန်းကန်များဆေးကြောခြင်းကို အများဆုံးလုပ်ကိုင်သည်။

ကုန်းတွင်းငါးလုပ်ငန်းများရှိ ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ

ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အရ အန္တရာယ်ရှိသောအလုပ်သည် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများရှိသည့် အလုပ်အကိုင်စသည်တို့ဖြစ်သည်။


ILO အကြံပြုထောက်ခံချက်အမှတ် ၁၉၀ အရ ဘေးဥပါဒ်အန္တရာယ်များဆိုသည်မှာ -

- စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ (သို့) ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုအတွက် အကာအကွယ် မဲ့စေမည့်အလုပ်။
- အန္တရာယ်ရှိသည့် စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ၊ (သို့) လက်ဖြင့်တင်ချသယ်ယူပို့ဆောင်ရသည့် လေးလံသည့်ဝန်စည်များ ပါဝင်သည့်လုပ်ငန်းများ၊
- ကျန်းမာရေးနှင့် မညီညွတ်သည့် နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ (သို့) ဘေးဥပါဒ် အန္တရာယ်သင့်စေနိုင်သည့် အရာဝတ္ထု ပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်းအဆင့်ဆင့်။
- အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်း (သို့) ညဉ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့) အလုပ်ရှင်၏ အဆောက် အဦ ဥပစာအတွင်း ကလေးသူငယ်များအား ကြောင်းကျိုးမဆီလျော် ချုပ်နှောင်ခိုင်းစေခြင်း စသည့် အထူးတလည် ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်။

လပွတ္တာ မြို့နယ်တွင်လုပ်ကိုင်နေသည့် ကလေးတစ်ယောက်စီသည် အန္တရာယ်များရှိသည့် နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခြင်း၊ မူးမေ့စေနိုင်သည့် အငွေ့အသက်များနှင့် လေးလံသည့်အရာများ မတင်ခြင်းတို့ လုပ်ဆောင်နေရသည်။ ၎င်းအန္တရာယ်များသည် ပြင်းထန်မှုနှင့် အကြိမ်အရေအတွက်မှပေါ် တွင် ကွဲပြားသည်။ အန္တရာယ်ရှိနိုင်ဖွယ် နည်းပါးသည်ဟု ယူဆထားသည့် ငါးဖမ်းရာတွင် အသုံးပြုသည့် ခဲသီးများသည် ရေရှည်တွင် လက်ချောင်း(သို့) ခြေလက်အင်္ဂါများကို ဆုံးရှုံးစေနိုင်သည့်အထိ ထိခိုက်စေနိုင်သည်။ ခြင်များကြောင့် သွေးလွန်တုပ်ကွေး (သို့) ၎က်ဖျားရောဂါ ကူးစက်ကာ နာမကျန်းဖြစ်ပြီး ဝင်ငွေ (သို့) ပညာရေးအပေါ်မှာ ထိခိုက်စေနိုင်သည့်အပြင် နာတာရှည်ရောဂါ (သို့) သေဆုံးမှုပါ ဖြစ်ပွားစေနိုင်သည်။ ပိုမိုစဉ်စားရန်လိုအပ်သည်မှာ စိတ်ပိုင်းဆိုင်ရာအရ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေမျိုးတွင် အန္တရာယ်ရှိနိုင်သည်ကို စိတ်ပိုင်းအရ သက်ရောက်မှု လုပ်ဆောင်ပေးရန်လိုသည်။

စစ်တမ်းကောက်ယူထားသည့် ကလေးများ၏ ၆၀ ရာခိုင်နှုန်းသည် ၎င်းလုပ်ကိုင်သည့်အလုပ်မှ အန္တရာယ်ရှိသည်ဟု ယူဆသည်။ လုပ်ကိုင်နေစဉ်တွင် အခြားကိစ္စရပ်များအတွက်လည်း

ပုံ (၁၈) ကုန်းတွင်းပိုင်းငါးလုပ်ငန်းမှာလုပ်ကိုင်သည့်ကလေးများ အဓိကကြောက်ရွံ့သည့်အရာများနှင့် စုစုပေါင်း ရလဒ်ကို ဖော်ပြထားသည်။ လပွတ္တာမြို့နယ်



ကြောက်ရွံ့ကြောင်း သိရသည်။ ပုံ (၁၈) တွင် ကလေးများအများဆုံးကြောက်ရွံ့သည် အရာအားဖော်ပြထားသည်။ ကလေးများ အားလုံး၏ ၆၄ ရာခိုင်နှုန်းသည် မြွေများ၊ တိရစ္ဆာန်များနှင့် ပိုးမွှားအကောင်များကို ကြောက်သည်။ ၂၂ ရာခိုင်နှုန်းသည် အားသန်သည့်ရေစီးကြောင်းများနှင့် လုံခြုံမှုမရှိသည့် လှိုင်းဒဏ်များကို ကြောက်သည်။ ကလေးအများစုသည် လွတ်လပ်စွာလုပ်ကိုင်သည်ကို တွေ့ရှိရပြီး၊ ၂ ဦးသည် လုပ်ငန်းခွင်မှ ကြီးကြပ်သူအား ကြောက်ရွံ့သည်ဟု သိရသည်။ ယခုလေ့လာမှုသည် အေးဂျင့်များ(သို့) ရေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သည့် ကလေးများ မပါဝင်ပါ။

ပုံ(၁၉) ကုန်းတွင်းငါးလုပ်ငန်းများတွင် လုပ်ဆောင်နေသည့်ကလေးများ လုပ်ငန်းခွင် အန္တရာယ်ကြုံတွေ့ရ နိုင်မှု အလားအလာ။ လပွတ္တာမြို့နယ်

ကြုံတွေ့ရနိုင်သည့် အန္တရာယ်များ	ကလေးအရေအတွက် %
ပိုးမွှားအကောင်များ	၅၆%
မြွေ	၈၆%
အခြားတိရစ္ဆာန်များ	၂၃%
ညစ်ညမ်းသည့်ရေ	၄၂%
အလွန်ပူပြင်းသည့်ရာသီဥတု	၇၁%
အလွန်အေးသည့်ရာသီဥတု	၅၇%
ပြင်းထန်သည့်လေ (သို့) မိုးရွာသွန်းမှု	၆၆%
လှိုင်းနှင့် ရေစီး သန်ခြင်း	၇၂%
နေရောင်အောက်မှာ ကြာမြင့်စွာလုပ်ဆောင်ရခြင်း	၄၈%
မီးလောင်ခြင်း - လယ်ကွင်းမီး (သို့) အခြားသူအတွက် မီးမွှေးပေးခြင်း	၈%
လေးလံသည့်အရာများသယ်ယူရခြင်း	၅၂%
ချော်လဲ (သို့) ပြုတ်ကျခြင်း	၆၀%
ဖုန်ထူခြင်း	၁၅%
ဓာတ်မြေဩဇာများ ပတ်ဖြန်းခြင်း	၄%
ပိုးသတ်ဆေးများ ပတ်ဖြန်းခြင်း	၃%

ကလေးများမှ ၎င်းတို့လုပ်ကိုင်သည့်အလုပ်များသည် အန္တရာယ်များသည်ကို သိကြသည်။ သတိပြုသည်။ ၎င်းအလုပ်များသည် ကလေးတစ်ယောက်အပေါ် တွင် ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်နိုင်သည်။ အချို့ကလေးများသည် မိုးသည်းထန်သည့်အချိန်၊ လှေပေါ် တွင် ညအိပ်အလုပ်လုပ်ရခြင်း (သို့) ကုန်းပေါ် တွင် မြွေ (သို့) ပိုးမွှား အကောင်များကြားမှာ ညအိပ် အလုပ်လုပ်ရသည်ကို ကြောက်သည်။

အထူးသဖြင့် ယခုနေရာဒေသတွင် ကလေးများသည် သရဲများကိုကြောက်လန့်သည်။ လေ့လာမေးမြန်းမှုများ တွင် ကလေးများသည် သရဲများကို အဓိကကြောက်လန့်သည်။ ကလေးအများစုသည် ၂၀၀၈ ခုနှစ် နာဂစ်တွင် ၎င်းတို့မိသားစုဝင်များနှင့် အိမ်နီးခြင်းများကို ဆုံးရှုံးခြင်း (သို့) အသက်ဆုံးရှုံးမှုများပြားမှုကို ကြားသိရခြင်း (သို့) နောက်ဆက်တွဲအကြောင်းအရာများ ကြားသိရပြီးနောက်ဖြစ်သည်။ ကလေးများသည် အဆိုပါသရဲများသည် နာဂစ်ဝင်ခဲ့သည့် နေရာဒေသများတွင် ရှိကာ၊ ၎င်းတို့အား ခြောက်လှန့်မည်ကို ကြောက်နေသည်။ ကလေးများသည် သရဲအခြောက်ခံရမည်ကို ကြောက်လန့်ခြင်း (သို့) မြွေကိုက်ခံရမည်ကို ကြောက်လန့်နေခြင်းသည် အလုပ်လုပ်ချိန်တွင် ကြုံတွေ့ရသည့် အကြောင်းအရင်းများဖြစ်ကာ၊ စိတ်အနောက် အယှက်ဖြစ်ခြင်းနှင့် စိုးရိမ်ပူပန်မှုများဖြင့် ကလေးတစ်ယောက်၏ စိတ်ကို ဖုံးလွှမ်းထား စေသည်။

ငါးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများ အားလုံးသည် အန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့ နေရသည် ပုံ(၁၉)တွင် ဖော်ပြထားသည်။ ဒီအကြောင်းအရာများကို လေ့လာသူများသည် ကလေးများနှင့် မိဘများဖြင့် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ပြီးဖြစ်သည်။ အဆိုပါအချိန်တွင် ငါးလုပ်ငန်းများအပါအဝင် အခြား လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ကဏ္ဍခွဲများတွင်လည်း အလားတူအခြေအနေမျိုးရှိနိုင်သည့်အပြင် အသက်အန္တရာယ် ကိုပါ ခြိမ်းခြောက်နိုင်သည့် အနေအထားမှာရှိသည်ဟု ရှင်းလင်းစွာသိရသည်။ အိမ်ထောင်စုတစ်စုခြင်းစီကို မမေးမြန်းခဲ့သည့်အတွက် အန္တရာယ်ဖြစ်ပေါ် နိုင်မှု ရာခိုင်နှုန်းကို မသိရှိနိုင်ပေ။ တွေ့ဆုံစကားပြောခဲ့သည့် မိသားစုတစ်စုတွင် အနည်ဆုံးကလေးတစ်ယောက်သည် ငါးဖမ်းထွက်စဉ် ရေနစ်သေဆုံးခဲ့သည်။ အချို့ကလေးများသည် ငါးမျှားလေ့များအား ရေချခြင်းနှင့် ကုန်ပေါ် တင်ခြင်းတို့ကို လှိုင်းအပေါ် မူတည်၍ လုပ်ဆောင်ရသည်။ ၎င်းသည် ရေစပ်အနီးရှိ သဲသောင်ပြင် (သို့) ရှုံ့သောင်ပြင်ပေါ် တွင် မှောင်သည့်အချိန်၌ လုပ်ကိုင်ရသည်များလည်းရှိသည်။ ယခုကဲ့သို့ အထွေထွေလုပ်ဆောင်မှုများသည် ညမှောင်သည့်အချိန်တွင် လုပ်ဆောင်ရသည့်တိုင်၊ လှိုင်းအတက်အကျကိုလည်း မခန့်မှန်းနိုင်သည့်အတွက် အန္တရာယ်ရှိနိုင်သည်။ ငါးဖမ်းလုပ်ကိုင်သည့် မိသားစုရှိ ကလေးများသည် ညဘက်တွင် ကမ်းစပ်တွင် ညအိပ်လုပ်ကိုင်ရသည် များလည်းရှိသည်။ လှိုင်းအပြင်၊ မြွေနှင့်လည်း ကလေးများသည် ရင်ဆိုင်ရသည်။ မြန်မာနိုင်ငံတွင် မြွေမျိုးစိပ်ပေါင်းများစွာရှိပြီး ကမ္ဘာပေါ် တွင်လည်း မြွေကိုက်ခံရမှုစာရင်းသည်လည်း အမြင့်ဆုံးဖြစ်သည်။[47] အဆိပ်ပြင်းသည့်မြွေများသည် ရေစပ်များတွင် ရှိနေသည်။ ကလေးတစ်ယောက်သည် အဆိပ်ပြင်းသည့် မြွေကိုက်ခံရပါက လူကြီးတစ်ယောက်ထက် ပိုခံစားရသည်။

ကလေးတစ်ယောက်၏ အန္တရာယ်ဟု ယူဆထားမှုနှင့် ကြုံတွေ့ရမှုသည် ကလေးများအလိုက် ကွဲပြားသည်။ လှိုင်းများနှင့် တိရစ္ဆာန်များ၏ အန္တရာယ်များအား ကလေးများသိရှိသည့်တိုင်၊ လေးလံသည့်အရာများ သယ်ယူရခြင်းနှင့် နေရောင်ခြည်အောက်တွင် လုပ်ကိုင်ရသည့် အန္တရာယ်များနှင့် ပတ်သက်ပြီး သတိထားမှုနည်းပါးသည်။

ပုံ(၂၀) ကုန်းတွင်းပိုင်းငါးလုပ်ငန်းများတွင် ကလေးများအသုံးပြုသည့် ပစ္စည်းကိရိယာများ

ပစ္စည်းကိရိယာများ	လုပ်ကိုင်နေသည့် ကလေးအရေအတွက်	ပြီးခဲ့သည့်နှစ်အတွင်း အသုံးပြုခဲ့သည့် ကလေးအရေအတွက်%
တူ (သို့) လေးလံသည့်အရာများဖြင် ထုရိုက်ခြင်း	၁၁	၈%
တံစဉ်၊ ဓါးနှင့် တောခုတ်ဓား **	၈၂	၅၇%
ပေါက်ပြားနှင့် ဂေါ်ပြား	၅	၃%
လှံ (ငါးနှင့်ဖားများဖမ်းရန်) **	၇	၅%
လှေအင်ဂျင် **	၁၈	၁၃%
ထောင်ချောက်များ - ဝါး၊ သစ်၊ သံ	၆၄	၄၅%
ငါးများချိတ်များ **	၂၃	၁၆%
ငါးဖမ်းပိုက်ကွန်အမျိုးမျိုး	၅၄	၃၈%
အခြားစက်ပစ္စည်းများ **	၈	၆%
အခြားကိရိယာများ	၄၆	၃၂%
မည်သည်ကိုမှ အသုံးမပြု	၁၇	၁၂%

** - အန္တရာယ်ရှိသည့်ပစ္စည်းဟု သတ်မှတ်ထားသည်။

47 The National ၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာပါရှိသည့် Davies, William ၏ "Death in the Long grass: Myanmar's Snakebiting Menace." အား ကိုးကားသည်။ မြန်မာနိုင်ငံရှိ အဆိပ်ပြင်းသည့် မြွေများအား အောက်ဖော်ပြပါလင့်ခ်မှတဆင့် ကြည့်ရှုနိုင်သည်။

ပုံ (၂၀) ပါဂင်သည့် အချက်အလက်အရ ၁၂ ရာခိုင်နှုန်းသော ကလေးများသည် မည်သည့် ပစ္စည်းကိရိယာများ အသုံးပြုခြင်းမရှိပဲ လုပ်ကိုင်သည်ဟု ဖော်ပြပါရှိသည်မှာ ၄င်းတို့သည် ရိုးရှင်းသည် ငါးမျှားတံဖြင့် ဖမ်းယူခြင်းကြောင့်ဖြစ်သည်။ ထောင်ချောက်များနှင့် ပိုက်ကွန်များသည် ပစ္စည်းမျိုးစုံ၊ ပုံစံမျိုးစုံ တို့ရှိသည်။ အချို့ထောင်ချောက်များက ကိုယ်တိုင်ပြုလုပ်သလို၊ မြို့ရှိဈေးများတွင် ၀ယ်ယူသည်။ အခြား ငါးဖမ်းပိုက်ကွန်များလည်းရှိပြီး ၄င်းတို့သည် အလေးတုံး (သို့) လေးလံသည့်အရာများဖြင့် ရေထဲမြုပ်အောင် ချိတ်ဆက်ထားသည်။ ကလေးအများစုသည် ဂဏန်းဖမ်းစီးရန်အတွက် မြစ်ကမ်းစပ် (သို့) ရေကန်အသေးများတွင် ၀ါးဖြင့်ပြုလုပ်သည့် ထောင်ချောက်များဖြင့် ဖမ်းစီးသည်။ ပိုက်ကွန်များဖြင့် ထောင်ချောက်များသည် အန္တရာယ်ဖြစ်နိုင်သည့် အလားလာရှိသည်။ ကလေးတစ်ယောက်သည် သူမ ငါးမျှားတံနှင့် မျှားနေစဉ် ညိုနေသည့်အတွက် အတင်းဆွဲတင်ခဲ့ရာမှာ လက်ချောင်းတစ်ချောင်းပြတ်ခဲ့ရသည်။

ငါးလုပ်ငန်း များတွင်လုပ်ကိုင်သည့် ကလေးများသည် ထိခိုက်ဒဏ်ရာများနှင့် စိတ်ဒဏ်ရာရကြေဟု အစီရင်ခံခဲ့ သည်။ ကလေး တစ်ဦးဆိုလျှင် ၄င်းလုပ်ကိုင်နေသည့်လေ့သည် နှစ်မြှုပ်သွားသည့်အတွက် ရေနှစ်သည့် အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ ကလေးအများစုတွင် ဂဏန်းလက်မ ညှပ်မိသည့် ဒဏ်ရာများနှင့် ငါးအရိုးစူးသည့် ဒဏ်ရာများကို တွေ့မြင်နိုင်သည်။ ကလေးတစ်ဦးသည် ကြွက်ကိုက်ခံရပြီးနောက် ကောင်းမွန်သည့် ဆေးကုသမှုမခံယူပဲ တစ်ကိုယ်လုံးစိုစွတ်နေသည့် အနေအထားနှင့် အလုပ်ပြန်လုပ်သည့် အတွက် အနာသည်ကိုက်ခဲလာပြီး လမ်းလျှောက်ရာတွင်ခက်ခဲသည် အထိဖြစ်လာသည်။

ဆေး၀ါးကုသခံယူရန် အရေးပေါ်ကိစ္စများတွင် လိုအပ်သည့် ကုသမှုခံယူရန်ခက်ခဲသည်။ ကုန်ကျစရိတ်များ အပြင်၊ ကလေးများသည် လိုအပ်သည့် ဆေး၀ါးကုသမှု မရရှိနိုင်ပေ။ ဒဏ်ရာရရှိမှုနှင့် ပတ်သက်၍ အချက်အလက်များကောက်ယူနေစဉ် မေးမြန်းသူများကို မပြောပြသည့် ဒဏ်ရာများ၊ ခြစ်ရာများ (သို့) အရိုးကျိုးနေသည့်ပုံစံများနှင့် ပတ်သက်ပြီး မပြောပြသည့် အကြောင်းအရာများလည်းရှိသည်။ မေးမြန်းရာတွင် အချို့ဒဏ်ရာများသည် စီးပွားရေးအရလုပ်ကိုင်ရာတွင် ရရှိခြင်းဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာများသည် သာမန်ဖြစ်သည်ဟု ကလေးများကယူဆပြီး လိုအပ်သည့် ဆေး၀ါးကုသခံယူမှုများကို မိသားစု၀င်များ (သို့) ဆေးဖက်ဆိုင်ရာ ၀န်ထမ်းများထံမှ အကူညီရယူမှုမရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ကလေးဒဏ်ရာများနှင့် ပတ်သက်၍ တင်ပြရန် စိုးရိမ်ရသည့် အနေအထားအမျိုးမဟုတ်ဟု မေးမြန်းခဲ့ရာတွင် သိရသည်။

လေ့လာသူများသည် ကလေးများအား စတင်လုပ်ကိုင်စဉ်ကတည်းက ၄င်းတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် လုပ်ငန်းခွင်နှင့် ပတ်သက်သည့် ထိခိုက်မှုများအား ရိုးရှင်းသည့်ရုပ်ပုံကာတွန်းများဖြင့် ပြသ၍

ပုံ (၂၁) **ငါးနှင့်ရေထွက်ပစ္စည်းများ၊ ခရုများ သန့်စင်ခြင်းနှင့် အခြောက်လှန်းရာမှာ ကလေးများ အသုံးပြုသည့် ကိရိယာများ။ လပွတ္တာမြို့နယ်**



မေးမြန်းခဲ့သည်။ ကလေးများသည် အောက်ဖော်ပြပါ ဒဏ်ရာများကိုရရှိဖူးသည်။

ပုံ (၂၂) ကုန်းတွင်းငါးလုပ်ငန်းများတွင်လုပ်ကိုင်နေသည့် ကလေးများ ဒဏ်ရာရရှိသည့် ပုံစံနှင့် နေရာ၊ လပွတ္တာမြို့နယ်

ခန္ဓာကိုယ်အစိတ်အပိုင်း	ကလေးအရေအတွက်	ထိခိုက်မှုပုံစံများ
လက်၊ခါး (သို့) လက်မောင်း	၅၂	အများအားဖြင့် အညိုအမဲဒဏ်ရာ၊ ခြစ်ရာ (သို့) ထိခိုက်ရှရာနှင့် လက်ချောင်း တစ်ချောင်း ဆုံးရှုံးခြင်း
ဝမ်းဗိုက်	၄	ခြစ်ရာ၊ ဖု၊ ပွန်းပဲ့ (သို့) ထိခိုက်ရှရာ
ခြေထောက်၊ ခြေဖျား (သို့) ခြေဆစ်	၆၂	သာမန် ဖု၊ အရိုးလွဲခြင်း

ပုံ (၂၃) ကုန်းတွင်းငါးလုပ်ငန်းများမှာ ဒဏ်ရာရှိသည့်အကြောင်းအရင်းများ၊ လပွတ္တာမြို့နယ်

မည်သည့်ကိစ္စလုပ်ဆောင်နေစဉ် ဒဏ်ရာရရှိခဲ့သနည်း	ဖြစ်ပေါ်သည့် %
လှေပေါ်မှာ ပိုက်ဖြင့် ငါးဖမ်းစဉ်	၁၇%
ကမ်းစပ်တွင် ငါးများစဉ်	၉%
လှေလှော်နေစဉ်	၃%
ဂဏန်းများကို ထောင်ချောက် ပါ/ မပါ ဖမ်းနေစဉ်	၄၀%
ဂဏန်းလက်များချည်နေစဉ်	၁၆%
ငါးများ၊ ဂဏန်းများ (သို့) ကုန်ကြမ်းပစ္စည်းများ စီခြင်း	၁၁%
ကုန်ကြမ်းပစ္စည်းများ ရွာထဲတွင် ရောင်းချနေစဉ်	၅%

ငယ်ရွယ်သည့်ကလေးများတွင် ဂဏန်းလက်မချည်နေစဉ် ထိခိုက်မှုအများဆုံးဖြစ်သည်ကို တွေ့ရသည်။ အသက်ကြီးသည့် ကလေးများသည် ဂဏန်းဖမ်းနေစဉ် ဒဏ်ရာရခဲ့သည်။ လုပ်ငန်းသဘောတရားနှင့် အသက်အရွယ်အရ ဒဏ်ရာရရှိမှု အကြိမ်အရေအတွက်နှင့် အန္တရာယ်သည် နည်းပါးသည်။

အန္တရာယ်လျော့ချနိုင်မှု

ကလေးများသည် ယေဘုယျအားဖြင့် မည်သည့်အကာအကွယ်ဂတ်စုံများ (သို့) အသုံးအဆောင်များကို ကုန်းတွင်းငါးလုပ်ငန်းများ လုပ်ဆောင်နေစဉ်တွင် ဂတ်ဆင်ထားခြင်းမရှိပေ။ အရေအတွက် ထက်ဂက်နီးပါးသည် ပုံမှန်အားဖြင့် အသားအရေအား နေနှင့် ပိုးမွှားများထံမှ ကာကွယ်ရန် လက်ရှည်အင်္ကျီများကို လက်တိုအင်္ကျီများထက် ဂတ်ဆင်သည်။ ကလေးအများစုသည် ပုဆိုး (သို့) ထဘီ (သို့) ဘောင်းဘီ အတို (သို့) အရှည်ကို ဂတ်ဆင်သည်။ မိန်းကလေးအများစုသည် ထဘီကို ဘောင်းဘီ အတို(သို့) အရှည်များထက် ပိုမိုဂတ်ဆင်ကြသည်။ ၄၆ ရာခိုင်နှုန်းသည် ပုံမှန်အားဖြင့် ခြေထောက်တွင် မည်သည့်အရာမှ ဂတ်ဆင်ခြင်းမရှိပေ။ ၄၃ ရာခိုင်နှုန်းသည် ဖိနပ်များဂတ်ဆင်သည်။ ကလေးအနည်းစု ဖြစ်သည့် ၄ ရာခိုင်နှုန်းသည် အလုပ်လုပ်နေစဉ် လက်အိတ်များကို ဂတ်ဆင်သည်။ သာမန်အားဖြင့် နေဒဏ်နှင့် လေမှ ကာကွယ်ရန် ဦးထုပ်ကို ကလေးအရေအတွက် ၇၇ ရာခိုင်နှုန်းသည် ငါးဖမ်းခြင်း (သို့) ပုစွန်များကောက်ခြင်း၊ ဂဏန်းဖမ်းခြင်း (သို့) ဂရုများကောက်သည့်အခါတွင် ဂတ်ဆင်ထားသည်။

အလုပ်ချိန်များနှင့် အလုပ်အစီအစဉ်များ

မြန်မာနိုင်ငံရှိ ငါးလုပ်ငန်းကဏ္ဍခွဲတွင် ကလေးများအား လိုအပ်သည်ထက် မိသားစုဂင်များ ဖြစ်သည့် မောင်နမ၊ အမျိုး (သို့) မိဘများမှ ပိုမို စီမံခန့်ခွဲနေသည်။ ကလေးတစ်ယောက်က ငါးလုပ်ငန်း များနှင့် ပတ်သက်၍လုပ်ဆောင်ရာတွင် ထက်ဂက်ခန့်သည် သူ/သူမ၏ မိဘများ၏ တိုက်ရိုက်ပြောဆိုရ သူများဖြစ်သည်။ တစ်ဖက်တွင်လည်း ကလေးတစ်ယောက်သည် အခြားကလေးတစ်ယောက် (သို့) လွတ်လပ်စွာ ကြီးကြပ်သူမရှိပဲ လုပ်ကိုင်နေမည်ဆိုပါက၊ အချို့အခြေအနေတွင် ကလေး ၁၈ ရာခိုင်နှုန်းသည် လုပ်ငန်းတွင် ခြိမ်းခြောက်မှု (သို့) အရေးပေါ်ကိစ္စရပ်များ၌ လူကြီးတစ်ဦးမှ မကူညီနိုင်သည့် အခြေအနေ မျိုးဖြစ်နေမည်။

ပုံ(၁၉) **ကုန်းတွင်းငါးလုပ်ငန်းများတွင် လုပ်ဆောင်နေသည့်ကလေးများ လုပ်ငန်းခွင် အန္တရာယ်ကြုံတွေ့ရ နိုင်မှု အလားအလာ။ လပွတ္တာမြို့နယ်**

ကြီးကြပ်သူ	ကလေးအရေအတွက်%
အခြားကလေး	၄%
မောင်နှမ	၂၅%
မိဘ	၅၀%
အခြားလူကြီး	၂%
ဘယ်သူမှမရှိ	၁၈%
မသေချာ	၂%

ကလေးများရရှိသည့်လုပ်အားခ (သို့) ဝင်ငွေသည် ငါးလုပ်ငန်းကဏ္ဍတွင် အတော်အတန်ကွဲပြားသည်။ လုပ်အားခသည် ပုတ်ပြတ်အလုပ် (သို့) နေ့စားအလိုက်ရကြသည်။ မတူညီသည့် လုပ်အားခပေးချေမှု များကြောင့် ဝင်ငွေရရှိမှုကို အကျဉ်းချုပ်ရန် ခက်ခဲသည်။ ဥပမာ - ကလေးတစ်ဦးသည် ဂဏန်းကို ပွဲစား (သို့) မြို့တွင် တိုက်ရိုက်ရောင်းမည်ဆိုပါက၊ ၄င်းနေ့တွင် ပေါက်စျေးသည် ကျပ် ၁၀၀ (ကန်ဒေါ်လာ ၀.၈၀) ဖြစ်နိုင်သလို နောက်နေ့တွင် နှစ်ဆတက်သွားနိုင်သည်။ အချို့ရာသီများတွင် ဖမ်းစီးရရှိမှုများ ပေါများသော်လည်း စျေးကွက်တွင် စျေးများထိုးကျမှုများနှင့် ကြုံတွေ့ရသည်။ စိတ်ဝင်စားစရာမှာ ဂဏန်းများ ဖမ်းယူသည့် ကလေးများသည် ပြည်ပသို့တင်ပို့ရောင်းချသည့် အေးဂျင့်များလိုအပ်သည့် စံချိန်စံနှုန်းနှင့် ကိုက်ညီမှုနည်းပါးပြီး၊ အရေအတွက်မများသော်လည်း ရေထွက်မွေးမြူရေးခြံများသို့ ရောင်းချပြီး၊ ၄င်းဂဏန်းများ အကောင်ကြီးထွားလာအောင် မွေးမြူသည်။



© ILO Photo / Jodelen Mitra



လေ့လာတွေ့ရှိချက်များ - ကြံစိုက်ပျိုးရေးလုပ်ငန်းများ

ကြံသီးနှံအား မြန်မာနိုင်ငံ၏ နေရာဒေသအများအပြားတွင် စိုက်ပျိုးသည်။ လွန်ခဲ့သောဆယ်စုနှစ်များစွာမှ ၂၀၀၄ ခုနှစ်ထိ ယခင် မြန်မာနိုင်ငံ၏အစိုးရများသည် မြန်မာနိုင်ငံ၏ ပင်မ သီးနှံစိုက်ပျိုးမှုအဖြစ် သတ်မှတ်ထားခဲ့သည့်အတွက် လယ်သမားများသည် မကြာခဏ ၎င်းတို့ကြံများအား ပေါက်ဈေးများထက် နိမ့်ရောင်းရသည်။ ကြံစိုက်ပျိုးရေးနှင့် ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများနှင့် လုပ်ဆောင်မှုများကို နိုင်ငံပိုင်စက်ရုံများမှ အဓိက ထိန်းချုပ်လုပ်ကိုင်သည်။ ၂၀၀၄ ခုနှစ်အရောက်တွင် နိုင်ငံတော်၏ မူဝါဒပိုင်း ဆိုင်ရာများ အပြောင်းအလဲဖြစ်ခဲ့ပြီး ၎င်းယူမှုများရပ်ဆိုင်းခဲ့သော်လည်း ရောင်းချမှုနှင့် စိုက်ပျိုးမှုမှ အမြတ်အစွန်းပိုမိုရရှိပြီး ပေါက်ဈေးအတိုင်းရောင်းချနိုင်ရန် လုပ်ဆောင်ခဲ့သည်။[48] ကြံစိုက်ပျိုးရေး နှင့် ပတ်သက်ပြီး ကျွမ်းကျင်သူများအား မေးမြန်းရာတွင် ထိုမှ စတင်ကာ ကြံများကို ပိုမိုစိုက်ပျိုးလာကြသည်ဟု ပြောကြားသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈/၉ ခုနှစ်အထိ ကြံကုန်ကြမ်းများသည် အသေးစားနှင့် အလတ်စား လယ်သမားများအတွက် အကျိုးအမြတ်များပြားခဲ့ပြီး၊ ၂၀၀၈ ခုနှစ်တွင် အမြင့်ဆုံးရောက်ခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် စက်ရုံများငှားရမ်းလုပ်ကိုင်စေခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများသည်လည်း ပိုမိုများပြား လာကာ ကြံများကို များစွာ စိုက်ပျိုးလာသည့်အတွက် ပိုမိုအကျိုးအမြတ် များပြားလာနိုင်သည်။ အကြီးစား ရင်းနှီးမြှုပ်နှံသူများသည် ယခင်အစိုးရပိုင် ကြံစက်များ (သို့) ဈေးကွက် ၎ရှအရ ကိုယ်ပိုင်စက်ရုံများ တည်ထောင်ကာ လုပ်ကိုင်လာကြသည်။ ယခုလို ပြန်လည်တည်ဆောက်မှုများကြောင့် ကြံစက်အများစုကို Myanmar Economic Holdings Ltd (MEHL)၊ Myanmar Economic Corporation (MEC) နှင့် အခြား စိုက်ပျိုးရေးနှင့် စက်မှု ၁ ၎နှကြီးဌာနတို့မှ ပိုင်ဆိုင်ထားသည်။ စိုက်ပျိုးရေး၎နှကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကပိုင်အဖြစ် အနှစ် ၃၀ ငှားရမ်းလုပ်ကိုင်သည်။ ထိုကဲ့သို့ ကြီးများသည့် စစ်တပ်မှပါ၀င်ပတ်သက်မှု များကြောင့် ခိုင်မာသည့် အချက်အလက်ရရှိရန် မလွယ်ကူနိုင်ပေ။

ကြံများကို ပဲခူး၊ ပျဉ်းမနားနှင့် အခြား အပူပိုင်းဒေသများ အထူးသဖြင့် နိုင်ငံပိုင် ကြံစက် ၁၇ လုံးနှင့် နီးစပ်သည့် ဒေသများတွင် စိုက်ပျိုးသည်။ စိုက်ပျိုးသည့်ကာလသည် နေရာဒေသအလိုက် ကွာခြားသည့်အတွက် ယခုပထဝီအနေအထားအရ ကြံစိုက်ပျိုးမှုသည် ပြန့်နှံ့နေပြီးစိုက်ပျိုးနိုင်သော အလားအလာ ရှိနေသည်။ ကချင်ပြည်နယ်တွင် စိုက်ပျိုးရေး၎နှကြီးဌာနမှ Kahcin Independence Army ၏ လက်နှစ်ကိုင်အဖွဲ့အစည်း မဟုတ်သည့် စီမံခန့်ခွဲမှုလုပ်ဆောင်သည့်

48 Vicary, Alison ၏ "The State's Incentive Structure in Burma's Sugar Sector and Inflated Official Data: A Case Study of the Industry in Pegu Division" အား ကိုးကားသည်။

Kachin Independene Organization အား စက်ရုံဌာနရမ်းကာ လုပ်ကိုင်ခွင့်ပေးထားသည်။ ထို့အပြင် မွန္တလေးတိုင်းဒေသကြီး မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်၏ တရုတ်နယ်စပ် တောင်တန်းထူထပ်သည့် နေရာများတွင်လည်း တိုးချဲ့စိုက်ပျိုးမှုများ လုပ်ဆောင်ရန်ရှိသည်။ ဒါသည် ထုတ်လုပ်မှုကဏ္ဍအား များစွာပြောင်းလဲစေနိုင်သည်။ ယခင်က စိုက်ပျိုးမှုများကို လယ်ယာမြေအသေးစားပိုင်ဆိုင်သည့် လယ်သမားများမှ လုပ်ဆောင်ခဲ့ကာ တစ်ကြိမ် စိုက်ပျိုးမှုသည် ၁၀ မှ ၂၀ ဧကာအထိရှိသည်။ ထို့အပြင် ဒေသခံအလုပ်သမားများကိုလည်း ဌာနရမ်းကာ စိုက်ပျိုးရေးနှင့် နိုင်ငံခြားမှအဖွဲ့အစည်းများ ဆောက်လုပ်ခဲ့သည့် စက်ရုံများမှာ သန့်စင်ထုတ်လုပ်မှု အစရှိသည့် လုပ်ငန်းများ လုပ်ကိုင်စေနိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။[49] သကြားထုတ်လုပ် သည့်နည်းပညာများသည် ခေတ်နောက်ကျနေသည်တိုင် ပဂ္ဂလိကပိုင်များမှ အဆင့်မြင့်တင်မှုများ ပြုလုပ်နေသည်။ သကြားစက်အနည်းငယ်သာ သန့်စင်ထားသည့်သကြားကို ထုတ်လုပ်နိုင်သည်။ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနှင့် ထိုင်းမှ သကြားများ တင်သွင်းကာ၊ တရုတ်နိုင်ငံကို တင်ပို့ရောင်းချသည်။[50]

အချက်အလက်ကောက်ယူခြင်း - အိမ်ထောင်စုနှင့်ကလေးအား စစ်တ မ်းကောက်ယူခြင်း

အောင်လံမြို့နယ်၊ သရက်ခရိုင်
လူဦးရေ - အမျိုးသား - ၂၃၄,၉၄၇ နှင့် အမျိုးသမီး – ၁၂၃,၀၈၃

အောင်လံသည် မြန်မာနိုင်ငံ၊ မကွေးတိုင်းဒေသကြီး၏ မြောက်ဖက်အဖျားပိုင်းတွင် တည်ရှိကာ ပဲခူးနယ်စပ်နားတွင်ရှိသည်။ အဆိုပါမြို့နယ် ဧရာဝတီမြစ်တလျှောက်တည်ရှိကာ ကြံစိုက်ပျိုးရေးအပြင်၊ ဆန်စပါးနှင့် ပဲအမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးကြသည်။ အောင်လံတွင် မြေယာနှင့် ပတ်သက်ပြီး အငြင်းပွားမှု များဖြစ်ပွားခဲ့သည့်အပြင်၊ ၂၀၁၅ ခုနှစ်က ရေကြီးမှုကြောင့် ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အောင်လံတွင် အစိုးရပိုင်သည့် သကြားစက်ရုံများ (Myanmar Economic Enterprises ပိုင်များဖြစ်နိုင်သည်) တည်ရှိသည်။ ယခုကဲ့သို့ အစိုးရ၏ ပါဝင်မှုများကြောင့် အချက်အလက်များရရှိနိုင်ရန် ခက်ခဲသည်။ စက်ရုံများအပြင် အောင်လံသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် အဓိက ချိတ်ဆက်ထားသည်။ အစိုးရပိုင် စက်ရုံတည်ရှိသောကြောင့် သယ်ယူသွား လာနိုင်မည့်လမ်းများအပြင် ရထားသံလမ်းများလည်း ရှိသည်။ လေ့လာတွေ့ရှိချက်များတွင် အစိုးရဝါတ်အားပေးလိုင်းများမှ တစ်နေ့လျှင် နာရီအနည်းငယ် အများဆုံး လျှပ်စစ်မီးရရှိသည်။ အိမ်ထောင်စုအများစုသည် ကိုယ်ပိုင်ရေတွင်း (သို့) ရေတွင်းမှ ရေခပ်သည်။ လေ့လာသည့်နေရာတွင် ကြံတစ်မျိုးတည်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးသည်။ အမြင့်ဆုံးစိုက်ပျိုးသည့် အချိန်သည် ဇန်နဝါရီလမှ မတ်လအထိဖြစ်ပြီး ၄င်းအချိန်တွင် သကြားထုတ်လုပ်ရန် ရိတ်သိမ်းခြင်းနှင့် နောက်တစ်ကြိမ်စိုက်ပျိုး ပြင်ဆင်သည်။ စိုက်ပျိုးချိန်သည် ရာသီဥတုပေါ်တွင်လည်း မူတည်ကာ ပြောင်းလဲနိုင်သည်။ လယ်သမားများသည် လုပ်အားကိုမြှင့်တင်ကာ အမြတ်များများ ရရန်လုပ်ကိုင်သည်။ ၎င်းသည် အလုပ်သမားများအတွက် အလုပ်ချိန် အလျော့အတင်းဖြစ်ရန် လိုအပ်သည်။ ကြံခင်များတွင် လုပ်ကိုင်ရသည်မှာ မလွယ်ကူပေ။ ကြံခင်းများသည် ပူပြင်းပြီး၊ ခြောက်သွေ့ ထိုင်းမှိုင်းသည်။ ကြံသည် ချိုသည့်အတွက် အဖျက်ပိုးကောင်များ၏ အကြိုက်ဖြစ်သည်။ အပင်များကိုလည်း ခုတ်ရန် ခက်ခဲသည်။ ကြံပင်သည် စက္ကူဖြတ်မားကဲ့သို့ ထက်သည့်အတွက် အသားကို ဖြတ်နိုင်သည်။ မိသားစုပိုင် ကြံခင်များ အတွက် ကလေးများသည် လုပ်ကိုင်သည့်အပြင် နေရာတပိုက်ရှိ ချမ်းသာကြွယ်ဝသူများထံ တွင်လည်း လုပ်ကိုင်သည်။ ကလေးများသည် အပင်ပေါက်များ ရှင်သန်နိုင်စေရန် ဂရုတစိုက် ပြုစုပျိုးထောင်မှုများလည်း လုပ်ရသည်။ အခြား စိုက်ပျိုးရေးကဏ္ဍခွဲများနည်းတူ ကြံစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းအား လက်ဖြင့် စိုက်ပျိုး ရိတ်သိမ်းလုပ်ကိုင်သည်။

ဒေသအတွင်းတွင် ကြံများအား စိုက်ပျိုးကာ ကုန်ချောထုတ်လုပ်မှု အနည်းငယ်သာ လုပ်ကိုင်ပြီး အများစုကို အစိုးရပိုင် ကြံစက်များသို့ ရောင်းချသည်။ စီးပွားရေးကွင်းဆက်သည် ကန့်သတ်ချက်ရှိသည်။ သယ်ယူစရိတ် များပြားသည့်အတွက် အစိုးရကြံစက်များတွင် ဈေးကောင်းမရသည့်အခါမျိုးတွင် ရိတ်သိမ်းထားသည့် ကြံများသည် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံရသည်။ ရောင်းချသူများသည်လည်း ဈေးများတွင် ကြံရည်အဖြစ် ကြံကို ကြိတ်ပြီး ကျေးရွာများနှင့် မြို့များမှာ ရောင်းချသည်။ ထို့အပြင် သကြားလုံးအမျိုးမျိုးကိုလည်း ထုတ်လုပ်ရောင်းချသည်။

49 အောက်ဖော်ပြပါ ပြည်ပကုမ္ပဏီများဖြစ်သည့် Great Wall၊ Sutech နှင့် WImar သည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်သည်။

50 http://www.mmtimes.com/index.php/business/18328-china-sucks-in-myanmar-sugar.html အား ကိုးကားသည်။

ကြံခုတ်ပြီးပါက အရည်ထုတ်ကာ မီးပေါ်တွင် အပူပေးသည်။ ကလေးများသည် ဆက်လက်မီး တောက်ရန်နှင့် မဖိတ်ရန် ဆောင်ရွက်ရသည်။ ဒေသခံများ၏ ပြောကြားချက်များအရ ကလေးများသည် သကြားလုံးများကို စက်ရုံတွင်ပြုလုပ်ရင်း နေထိုင်သည့်အတွက် ယခုလေ့လာမှုတွင် ၎င်းကလေးများ ပါဝင်ခြင်းမရှိပေ။ လေ့လာခဲ့သည့် အိမ်ထောင်စုရှိ ကလေးများသည် လုပ်ငန်းခွင်အတွင်းရောက်နေသည့်အတွက် မေးမြန်းနိုင်ခဲ့ ခြင်းမရှိပေ။

ကြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့်ဒေသရှိ အိမ်ထောင်စုများ

ပုံ (၂၅) ကြံစိုက်ပျိုးသည့်ဒေသရှိ မေးမြန်းခဲ့သည့် အိမ်ထောင်စုများ၊ အောင်လံမြို့နယ်

အိမ်ထောင်စုများ	ကြံစိုက်ပျိုးမှု
ဦးတည်ပစ်မှတ်ထားသော	၁၁၆
နှိုင်းယှဉ်	၃၀
စုစုပေါင်း	**၁၄၆**

နမူနာတွင်ပါသည့် အိမ်ထောင်စုများ၌ ပျမ်းမျှအားဖြင့် ၅ ဦးရှိကာ၊ မိသားစုဝင်အများစုသည် အမျိုးသမီးများဖြစ်ကာ (၅၃%) အမျိုးသားများထက်များပြားသည်။ ပဲအမျိုးမျိုးနှင့် ကုန်းတွင်းငါးလုပ်ငန်းများ လုပ်ကိုင်သည့် လေ့လာသည့်နေရာများနဲ့နှိုင်းယှဉ်ကြည့်မည်ဆိုပါက အောင်လံတွင် အိမ်ထောင်စုများသည် မိသားစုဝင်နည်းပါးသည်။ လေ့လာခဲ့သည့်အိမ်ထောင်စုများတွင် မိသားစုဝင် ၈ ဦးနှင့်အထက်သည် ၁၃ ရာခိုင်နှုန်းသာရှိသည်။ အခြို့အိမ်ထောင်စုများတွင် မိသားစုဝင် ၄ (သို့) ၅ ဦးသာရှိသည်။ အသက် ၅၅ နှစ် အထက်သည် ၃.၁ ရာခိုင်နှုန်းရှိပြီး၊ အသက် ၆၅ နှစ်အထက်သည် ၁.၂ ရာခိုင်နှုန်း ရှိသည်။ သက်ကြီးရွယ်အိုများ နည်းပါးသည်။ အသက် ၁၈ နှစ်အောက် သည် ၄၆.၅ ရာခိုင်နှုန်း ရှိသည်။ အခြားဒေသများနည်းတူ မှီခိုနေထိုင်သူဦရေသည် ထက်ဝက်နီးပါးရှိပြီး ကလေးအများစုသည် အသက် ၁၈ နှစ်အောက်ဖြစ်သည်။ ပေးထားသော စစ်တမ်းသည် ကက္ကာခွေများ/ဒေသများ (မြို့နယ်အပါအဝင်) ဖြစ်နိုင်သော ကိုယ်စားပြုပုံစံတစ်ခုအဖြစ် အသုံးပြုထားခြင်းမရှိခဲ့ပါ။ စစ်တမ်းပြုလုပ်ခဲ့သည့် မြို့နယ်၏ဒေသများကိုသာ ရည်ညွှန်းသော အောင်လံမြို့နယ် အကြောင်းရေးထားသည်ကို မှတ်သားရန် အရေးကြီးပါသည်။

ပြောင်းရွှေ့နေထိုင်ခြင်း

လေ့လာမှုပြုလုပ်ခဲ့သည့် အိမ်ထောင်စု ၁၄ စု (သို့) ၉.၅ ရာခိုင်နှုန်း တွင် မိသားစုဝင်အနည်းဆုံးတစ်ဦးသည် အခြားဒေသ (သို့) ပြည်ပထွက်ကာ အလုပ်လုပ်ကြသည်။ အိမ်ထောင်စုတစ်စုတွင် ပြောင်းရွှေ့လုပ်ကိုင်သူ (၂) ဦးရှိသည်ကို တွေ့ခဲ့သည်။ ပြောင်းရွှေ့လုပ်ကိုင်သူ (၁၅) ဦးတွင် အသက်၁၈ နှစ်အောက် (၂) ဦးပါသည်။ အခြားကက္ကာခွေများနည်းတူ အမျိုးသမီး (သို့) မိန်းကလေးများနည်းပါးသည်။ အောင်လံမှပြောင်းရွှေ့လုပ်ကိုင်သူ ၇၃ ရာခိုင်နှုန်း မှာ ယောကျ်ားလေးများ (သို့) မိန်းကလေးများဖြစ်ပြီး မိန်းကလေးများ (သို့) အမျိုးသမီးဦးရေ (၄) ဦးသာရှိသည်။

ပုံ (၂၆) ကြံစိုက်ပျိုးသည့် အိမ်ထောင်စုများ အကြွေးတင်ရှိမှုအခြေအနေ၊ အောင်လံမြို့နယ်။

	ပျမ်းမျှ	အလယ်	အနည်းဆုံး	အများဆုံး
မြန်မာကျပ်ငွေ	ကျပ် ၄၃၇,၁၅၉	ကျပ် ၃၀၀,၀၀၀	ကျပ် ၄၀၀,၀၀၀	ကျပ် ၂,၀၀၀,၀၀၀
ကန်ဒေါ်လာ (၁ ဒေါ်လာ - ကျပ် ၁,၂၀၀)	$၃၆၄	$၂၅၀	$၃၃	$၁၆၆၆

စီးပွားရေးအခြေအနေ - အကြွေးနှင့် မြေပိုင်ဆိုင်မှု

အောင်လံရှိ ကြံစိုက်ပျိုးသည့် တောင်သူများနှင့် အလုပ်သမားများသည် အကြွေးများစွာတင်နေသည်။ အိမ်ထောင်စု ၈၂ ရာခိုင်နှုန်းက အကြွေးတင်နေသည်။ ပျမ်းမျှအကြွေးပမာဏသည် ကန်ဒေါ်လာ ၄၀၀ ရှိသည်။ အခြားဒေသများထက် အိမ်ထောင်စုအလိုက် အကြွေးစုစုပေါင်း ပမာဏ ခြုံငုံကြည့်လျှင် နည်းပါးသော်လည်း၊ အိမ်ထောင်စု အများစုသည် အကြွေးများစွာတင်နေသည်။ အိမ်ထောင်စု ၃၃ရာခိုင်နှုန်း သည် ကန်ဒေါ်လာ ၁၈၀ နှင့် ၂၅၀ ကြား အကြွေးတင်နေသည်။

အများစုသည် အကြွေးထပ်ယူပြီး အခြားအကြွေးများကိုပေးချေမှုသည် ၅၄ ရာခိုင်နှုန်း ရှိနေပြီး အကြွေးသံသရာ တစ်ခုကဲ့သို့ဖြစ်နေသည်။ ငါးလုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် စိုက်ပျိုးချိန် အစောပိုင်းတွင် ဘဏ်များနှင့် ပြင်ပငွေချေးသူများထံမှ အကြွေးရရှိနိုင်ကြသည်။ ထိုမှရရှိသည့် ငွေများဖြင့် လိုအပ်သည်များ ဝယ်ယူရသည်။ အခြို့အကြွေးများဆက်ရန် ကျန်နေခြင်း (သို့) များပြားလာသည်။

ပုံ (၂၇) ကြံစိုက်ပျိုးသည့် အိမ်ထောင်စုများ အကြွေးတင်ရသည့်အကြောင်းအရင်း။ အောင်လံမြို့နယ်

အိမ်ထောင်စုများ အကြွေးတင်ရသည့် အကြောင်းအရင်း	အိမ်ထောင်စုများအလိုက် ဖြစ်နိုင်ခြေများ%
အိမ်ဟယ် (သို့) ပြုပြင်ခြင်း	၁၈%
မိသားစုလုပ်ငန်းခဲ့ထွင်ရန် (သို့) ထိန်းသိမ်းရန်	၃၁%
လုပ်ငန်းအတွက်ပစ္စည်းများဟယ်ယူရန်	၂၆%
အခြားအကြွေးပေးချေရန်	၅၄%
အခြား– မင်္ဂလာဆောင်၊ ဈာပန၊ ကျန်းမာရေး	၁၁%

ပုံ (၂၈) ကြံစိုက်ပျိုးရန် မြေနေရာဌားရမ်းလုပ်ကိုင်ခြင်း။ အောင်လံမြို့နယ်

မြေပိုင်ဆိုင်မှုအခြေအနေ	အိမ်ထောင်စု %
ပိုင်	၄၄%
ဌားရမ်း	၂၆%
ပိုင်ဆိုင်မှုအတိအကျမရှိ "ကိုယ်တိုင်စိုက်ပျိုးသည့်နေရာ"	၃၀%

အောင်လံတွင် ကြံစိုက်ပျိုးမှုနှင့် ပတ်သက်ပြီး မကြာခဏ ပြဿနာများဖြစ်ပွားမှုများပြားသည်။ ဒေသခံ စိုက်ပျိုးသူများ၊ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းရာတွင် လုပ်ကိုင်ခွင့်ကို ပိုင်ဆိုင်မှုမရှိဘဲ လုပ်ကိုင်ခြင်း (သို့) လုပ်ပိုင်ခွင့်ရသူများသည် အခြားအစိုးရအဖွဲ့များ (သို့) လုပ်ငန်းအေဂျင်စီများ၏ ခွင့်ပြုချက် များဖြင့် လုပ်ကိုင်သည်ဟု သိရသည်။

ကြံစိုက်ပျိုးသည့်ရွာများရှိ ကလေးများ

ပုံ (၂၉) လေ့လာမှုပြုလုပ်သည့် ကြံစိုက်ပျိုးသည့်နေရာများရှိ ကလေးများ။ အောင်လံမြို့နယ်

အသက်	ကလေးအရေအတွက်
၇-၁၂ နှစ်	၆၉
၁၃-၁၅ နှစ်	၉၁
၁၆-၁၇ နှစ်	၆၃
စုစုပေါင်း	**၂၂၃**

အောင်လံရှိ ကလေးများ၏ အသက်အရွယ်သည် အခြားနေရာများထက် ပိုကြီးသည်။ မိန်းကလေးဦးရေ (၅၆ ရာခိုင်နှုန်း) သည် ယောကျ်ားလေးဦးရေ (၄၄ ရာခိုင်နှုန်း) ထက် ပိုများသည်။ ကလေးအရေအတွက် ၆၃ ရာခိုင်နှုန်းသည် ကြံစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ လုပ်ကိုင်နေသည်။ ၄င်းလုပ်ကိုင်နေသည့် ၅၄ ရာခိုင်နှုန်း သည် မိန်းကလေးများဖြစ်ပြီး၊ ၄၆ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်သည်။

ပုံ (၃၀) ကလေးများ ကြံစိုက်ပျိုးရေးလုပ်ငန်းများမှာ လုပ်ကိုင်ရသည့်အကြောင်းအရင်းများ။ အောင်လံမြို့နယ်

အကြောင်းပြချက်များ	လုပ်ကိုင်နေသည့် ကလေးအရေအတွက် %
မိဘများ (သို့) အုပ်ထိန်းသူများမှ တိုက်တွန်းခြင်း	၁၆%
မိသားစုအား ကူညီရန်	၈၇%
သန်မာခြင်း	၀%
ကျောင်းတွင် စာမလိုက်နိုင်ခြင်း	၂%
အလုပ်မည်ကဲ့သို့ လုပ်ကိုင်ရမည်အား လေ့လာရန်	၁%
ကျောင်းလခစားဖွေရန်	၀%
မောင်နှမများ ကျောင်းစရိတ်ရရန်	၂%
မိသားစု အကြွေးဆပ်ရန်	၄၃%
ကိုယ်တိုင် အဝတ်အထည်များနှင့် အစားအစာများ ဝယ်ယူရန်	၇%
အလုပ်လုပ်ရသည်ကိုကြိုက်သည်/ ကိုယ့်ခြေထောက်ပေါ်ရပ်တည်ဖို့	၁%
အခြားအကြောင်းပြချက်များ	၅%

သူတို့၏ မိသားစုအား အထွေထွေကူညီထောက်ပံ့ခြင်းအပြင် ကလေးများသည် လုပ်ကိုင်နေရခြင်းမှာ အိမ်ဖော်အကြွေးများ ဖြေရှင်းရန်ဖြစ်သည်ကို သိရှိနားလည်ထားသည်။ အောင်လံတွင်ကလေးများသည် ကိုယ်တိုင်/ မောင်နှမများ အတွက် ကျောင်းစရိတ်ရှာဖွေရန် မရှိ။ အမျိုးသားဆိုင်ရာဆွေးနွေးမှုတွင် ပညာသင်ကြားပေးသူများနှင့် စီမံအုပ်ချုပ်သူများသည် ကလေးများသည် ကျောင်းစရိတ်အတွက် ကိုယ်ပိုင်ဝင်ငွေရှာဖွေကာ လုပ်ကိုင်ရန် လိုသည်ဟု အစီရင်ခံတင်ပြထားသည်။ ယခုလေ့လာတွေ့ရှိချက်များသည် ၎င်းတင်ပြချက်နှင့် ကိုက်ညီမှု မရှိပေ။ ယခုလေ့လာတွေ့ရှိချက်တွင် အိမ်ထောင်စု အကြွေးမည်မမျှရှိခြင်းနှင့် ကလေးတစ်ဦးသည် မည်မျှထောက်ပံ့ပေးနိုင်သည်ကို မိသားစုဝင်များမှအပ မည်သည်မျှမသိရှိနိုင်ပေ။

ကျောင်းတက်ရောက်မှုအပေါ် အဟန့်အတားများ


အောင်လံရှိကျောင်းသားများသည်တစ်နေ့လျှင် ကျောင်းချိန် ၅ (သို့) ၆နာရီ တက်ရောက်ရသည်။ ကလေး ၂၆ ရာခိုင်နှုန်းသည် တစ်နေ့ပျမ်းမျှ ၆ နာရီ နီးပါးတက်ရောက်ရသည်။ ၎င်းသည် လေ့လာထားသည့် ကလေးများ၏ အသက်အရွယ်ကြီးမှုကြောင့်ဖြစ်နိုင်သည်။ ကျောင်းတက်သည့်မနက်ပိုင်းတွင် ကျောင်းတက်နေရသည့်အတွက် အခြားလုပ်ဆောင်မှုများတွင် ကန့်သတ်ချက်ရှိသွားသည်။ အောင်လံမှကျောင်းသားများသည် အတန်းပျက်ခဲ့သည်။ ကလေး ၄၄ ရာခိုင်နှုန်းသည် ကျောင်းမပျက်၊ ၅၆ ရာခိုင်နှုန်း သည် တစ်ခါတစ်ရံ ကျောင်းပျက်သည်။ ပြီးခဲ့သည့် ပညာသင်နှစ်တွင် ကလေးအများစုသည် တစ်ရက်နှင့် နှစ်ရက် အများဆုံး ကျောင်းပျက်သည်။ အများအားဖြင့် နေမကောင်းဖြစ်ခြင်းနှင့် ဒဏ်ရာရရှိပါက ကျောင်းပျက်သည့် အကြောင်း အရင်းများဖြစ်သည်။ ယခုရရှိထားသည့် အချက်အလက်များမှ ဒဏ်ရာရရှိခြင်းကြောင့် ကျောင်းပျက်ခြင်း သည် ကြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ခြင်းကြောင့် ဖြစ်၊မဖြစ် မသိရှိနိုင်ပေ။

ပုံ (၃၁) ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သည့် ကလေးများ ကျောင်းပျက်ရသည့် အဓိက အကြောင်းအရင်းများ။ အောင်လံမြို့နယ်

ကျောင်းပျက်ရသည့်အကြောင်းအရင်းများ	ကလေးအရေအတွက် %
အိမ်အလုပ်များ	၃%
အပြင်အလုပ် (သို့) မိသားစု အလုပ်လုပ်ခြင်း	၃%
နေမကောင်းဖြစ်/ကျန်းမာရေး/ထိခိုက်	၉၃%
မိသားစုအရေးပေါ်ကိစ္စ	၈%
အခြား	၄%
မသိ/ ဖြေဆိုရန် ငြင်းဆို	၂%

ယခုလေ့လာမှု ပြုလုပ်သည့်အချိန်တွင် ကျောင်းသား ၅၃ ရာခိုင်နှုန်း ကျောင်းတက်ရောက်ခဲ့သည်။ အောင်လံရှိ ကလေး ၄၇ ရာခိုင်နှုန်း သည် ကျောင်းထွက်စောသည်။ ပုံ(၃၀)တွင် ဖော်ပြထားသည့်အတိုင်း ကလေး ၈၀ ရာခိုင်နှုန်း ကျောင်းထွက်သည့်အချိန်သည် မူလတန်း (သို့) စတုတ္ထတန်းပြီးသည့် အချိန်တွင် ဖြစ်သည်။ ၎င်းသည် လုံးလုံးလျားလျားဖြစ်သောကြောင့် အံ့အားသင့်စရာမဟုတ်ပေ။ စတုတ္ထတန်းသည် မူလတန်းအပြီး အလယ်တန်းကျောင်းစတက်ရန် ပြောင်းရသည့်အချိန်ဖြစ်သည်။ ကလေးအရေအတွက် ရာခိုင်နှုန်းအနည်းငယ်သာ မူလတန်းပြီးမြောက်ပြီးနောက် အလယ်တန်းတက်ရောက်သူနည်းပါးသည်။ ကျောင်းသားများသည် ကျောင်းတက်ပြီးသည့်နောက် ကျူရှင်များကို အချိန်ပိုအဖြစ်တက်ရောက်ပြီးမှ အတန်းတင် စာမေးပွဲနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အောင်မြင်မည်ဟု ယူဆလက်ခံထားသည်။ အောင်လံတွင် ၄၈ ရာခိုင်နှုန်း ကျောင်းတက်ရောက်သည့် ကျောင်းသားများသည် ကျောင်းပြန်အချိန် "ကျူရှင်" တက်သည်။ ၎င်းသည် ကျောင်းစရိတ်ကို ကြီးမားစေသည်။ အောင်လံတွင် ကလေး ၆၃ ရာခိုင်နှုန်း သည် ကြံစိုက်ပျိုးရေးလုပ်ငန်းများ၌လုပ်ကိုင်သည်။ အဆိုပါကလေးများထဲမှ ၅၃ ရာခိုင်နှုန်း သည် ယခုစစ်တမ်း လေ့လာသည့်နှစ်တွင် ကျောင်းတက်ခဲ့သည်။ အလုပ်နှင့်ကျောင်းတက်ရောက်မှုတွင် ဆက်နွယ်နေမှုရှိသည့်တိုင် လုပ်ငန်းခွင်ဝင်ရ၍ အလယ်တန်းအဆင့်ပြီးမြောက်ရန်အခွင့်အလမ်း တစ်ယောက် တည်း ဆုံးဖြတ်ချက်မချနိုင်ပေ။

ပုံ (၃၂) ကြံစိုက်ပျိုးသည့်ဒေသတွင် ကျောင်းထွက်သည့်ကလေးများ၏ အတန်းပညာ။ အောင်လံမြို့နယ်




ပုံ (၃၃) လွန်ခဲ့သည့်နှစ်တွင် ကလေးများ ကျောင်းမတက်ရောက်သည့် အကြောင်းအရင်းများ။ အောင်လံမြို့နယ်

ကျောင်းထွက်ရသည့်အကြောင်းအရင်း	ကလေးအရေအတွက် %
မိဘများမှ တားမြစ်	၂၁%
စရိတ်မြင့်မားခြင်း	၅၅%
တက်ရောက်ရန် အလှမ်းဝေး	၆%
အိမ်အလုပ်များကြောင့်	၁၇%
စိတ်မဝင်စား (သို့) ပျင်းရိဖွယ်ကောင်း	၁၇%
ဉာဏ်ရည်မမှီဟု ယူဆ	၁၂%
ပြီးခဲ့သည့်အတန်းမဖြေဆိုခဲ့	၁%
ငွေရှာရန်အတွက်အလုပ်လုပ်ခြင်း (သို့) မိသားစုစီးပွားရေး	၃၇%
နေမကောင်းဖြစ်/ ကျန်းမာရေး	၂%
မိသားစုအရေးပေါ်ကိစ္စ	2%

ကျောင်းစရိတ်နှင့် ကျောင်းအကွာအဝေးသည် အဓိကကျောင်းထွက်ရသည့်ကိစ္စဟု နားလည်ထားသည့်တိုင် ၎င်းအကြောင်းပြချက်များကြောင့်လည်း ကလေးများ ကျောင်းထွက်ရသည်ကို ပုံ(၃၃)တွင် ဖော်ပြထားသည်။ ကလေးများသည် မိဘများ၏ ဖိအားများအပြင် အိမ်အလုပ်ဂန္ဓိပါခြင်းများစသည့် ခိုင်မာသည့် အကြောင်းပြချက်များကြောင့် ကျောင်းဆက်လက်မတက်ဖြစ်ခြင်းဟုယူဆနိုင်သည်။ ကျောင်းသား ၁၇ ရာခိုင်နှုန်းသည် ကျောင်းတက်ပျင်းရိငြီးငွေ့ဖွယ် (သို့) စိတ်မဝင်စားခြင်းကြောင့်အပြင် ကျောင်းတွင် သင်ယူရသည်များလည်း ကန့်သတ်ချက်ရှိပြီး လက်တွေ့ကျင့်သုံးနိုင်ရန်မရသည့် အတွက်ကြောင့် ဖြစ်နိုင်သည်။ မိသားစုလုပ်ငန်းများအတွက် လုပ်ကိုင်ရခြင်းသည် ကလေးများအဓိကပေးသည့် အကြောင်းပြချက်ဖြစ်သည်။ စိတ်မကောင်းစွာဖြင့် ကလေး ၁၂ ရာခိုင်နှုန်း သည် စာမလိုက်နိုင်သည့်အတွက် ကျောင်းထွက်ရခြင်းဟု ဖြေသည်။

ကြံစိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးမှု (သို့) လုပ်ဆောင်မှုများတွင် ကလေးများသည် အစောဆုံး အသက် ၁၀ နှစ်နှင့် အသက် ၁၂ နှစ် အရွယ်တွင် အမြင့်ဆုံး လုပ်ငန်းခွင်ဝင်ရောက်သည်။ အများအားဖြင့် အသက် ၁၀ (သို့) ၁၁ နှစ်အရွယ်တွင် ကလေးများသည် မူလတန်းမှ အလယ်တန်းကျောင်းများသို့ ပြောင်းတက်သည်။ ထိုသို့တက်ရောက်ရာတွင် ကျောင်းစရိတ်များပြားခြင်း၊ ဝေးလံနေခြင်း၊ သွားရောက်နေထိုင်သည့် စရိတ်တို့ကြောင့် ကျောင်းတက်ရသည့်စရိတ်ကို များပြားစေသည်။ ထို့အပြင် အချို့မိဘများနှင့် ကလေးများက အခြေခံပညာရေးသည် လုံလောက်ပြီဟု မြင်သည်။ ပုံ(၃၄) တွင် အတန်းပညာပြီးမြောက်မှု အသက်နှင့် အတန်းသည် ကျောင်းထွက်ကာ ကြံစိုက်ပျိုးရေးလုပ်ငန်းများသို့ ဝင်ရောက်သည့် ရာခိုင်နှုန်း နည်းတူဖြစ်သည်ကို တွေ့မြင်နိုင်မည်။ သို့သော် ကျောင်းသားများသည် ကျောင်းမထွက်ခင်နှင့် အခြားကျောင်းအပ်ပြီးနောက်တွင် စတင်လုပ်ကိုင်ကြသည်။ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ တက်ရောက်သည့်ကာလသည် ကလေးတစ်ယောက်၏

ပုံ (၃၄) ကြံစိုက်ပျိုးရေးလုပ်ငန်းသို့ ဝင်ရောက်သည့်အသက်အရွယ်။ အောင်လံမြို့နယ်




ကျောင်းဆက်လက် တက်ရောက်ဖြစ်၊ မဖြစ်အတွက် အရေးပါသည့်အချက်တစ်ခုသာ မဟုတ်ပေ။


ကြံစိုက်ပျိုးရေးလုပ်ငန်းခွင်များ တွင် ကလေးများလုပ်ဆောင်ရသည့် လုပ်ငန်းများ

ငါးလုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကြံစိုက်ပျိုးရေးတွင် ကလေးများလုပ်ဆောင်ရသည်မှာ နည်းပါးသည်။ ပုံ (၃၅)တွင် ပြီးခဲ့သည့်နှစ်က ကလေးများလုပ်ဆောင်ရသည်များကို တင်ပြထားပြီး အချို့ လူတစ်ဦး/ နှစ်ဦး လုပ်ဆောင်ရသည့် လုပ်ငန်းအချို့ကို ဇယားထဲမှ ဖယ်ချန်ထားသည်။ ကလေးအများစု သည် ကြံပင်များအား စိုက်ပျိုးခြင်းနှင့် ပြုစုပျိုးထောင်ပေးခြင်းလုပ်ကိုင်ရသည်။ ကြံပင် ရိတ်သိမ်းရန်အတွက် ခုတ်ယူရသည်။ ကလေးများသည် လူကြီးများနှင့်အတူ ကြံခုတ်ယူရန် ပြင်ဆင်မှုများ၊ ပြုစုပေးမှုများ လုပ်ကိုင်ရသည်။ မေးမြန်းရာတွင် ယခုအလုပ်များသည် အိမ်တွင်ရှိသောကလေးများမှာ တာဝန်အပြည့်ရှိပြီး အခြားကလေးများအား လုပ်အားခပေး၍ ငှားရမ်းရသည်လည်းရှိသည်။ ကလေးများသည် စားကျက်ရှိ တိရစ္ဆာန်များဖြစ်သည့် ကျွဲနှင့် နွားများကို ကြည့်ရှုရသည်။ အောင်လံရှိကလေးများသည် တစ်ခါတစ်ရံ တိရစ္ဆာန်များအား လယ်ကွင်းပြင်ထဲသို့ ခေါ်ဆောင်ကာ ညအိပ်စောင့်ပေးရသည်။ အပင်စိုက်ပျိုးပြီး သည့်နောက် ရေလောင်း၊ ဖြတ်ညှပ်၊ မြေဆီလွှာပြုပြင်ခြင်းနှင့် မြေသြဇာ၊ ပိုးသတ်ဆေးများပါ လုပ်ဆောင်ပေး ရသည်။ ထိုအလုပ်များကို ကလေးများမှ မကြာခဏ အလုပ်လုပ်ရသည်။ အောင်လံတွင် လယ်သမားများသည် ကြီးမားသော လယ်ယာမြေများတွင် ဟင်းသီးဟင်းရွက်များအပြင် စပါးများကိုလည်း စိုက်ပျိုးသည်။ အဆိုပါ အလုပ်များကို လူကြီးများမှ အဓိက လုပ်ဆောင်သည်။ ကြံများအား ဆက်လက်လုပ်ဆောင်ရန်အတွက် လူကြီးများမှ စက်ရုံများသို့ သယ်ယူပို့ဆောင်ပြီး လုပ်ငန်းရှင်များမှ ပိုက်ဆံပေးချေရန် စောင့်ရသည်။ ဒေသခံများပြောကြားချက်များအရ လယ်သမားများသည် စိုက်ပျိုးထား သည့် ကြံများကို စက်ရုံမှ စစ်ဆေးခြင်း၊ ရေတွက်ခြင်းတို့ကြောင့် အခကြေးငွေရရှိရန်အတွက် ရက်အနည်းငယ်စောင့်ရသည်။ ထိုအချိန်တွင် ကလေးများသည် ၎င်းတို့ကိုယ်တိုင် လယ်ကွင်းတွင် လုပ်ကိုင်ရသည့်အပြင်၊ စောင့်ဆိုင်းနေရသည့်အတွက် ကြံစိုက်ပျိုးသူ တောင်သူများအတွက် အပိုစရိတ်များ ထွက်စေသည်။


ပုံ (၃၅) ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ယခင်နှစ်က ကလေးများလုပ်ဆောင်ခဲ့သည့်များ။ အောင်လံမြို့နယ်



ပုံ (၃၆) ပြီးခဲ့သည့်နှစ်တွင် ကလေးများမှ ကျား/မ ကဏ္ဍအလိုက် လုပ်ဆောင်ရသည့် လုပ်ဆောင်မှုများ။ အောင်လံမြို့နယ်




ပုံ (၃၇) **ယခုလေ့လာမှုပြုလုပ်သည့်နှစ်တွင် ကြံစိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုအတွက် လုပ်ဆောင်ရသည့် အဓိကလုပ်ဆောင်မှု ရာခိုင်နှုန်းများ။ အောင်လံမြို့နယ်**



ကျား/မ ကဏ္ဍအလိုက် လုပ်ဆောင်ရသည့် အလုပ်များရှိသော်လည်း အားလုံး ထိုအတိုင်းလုပ်နေရသည် မဟုတ်ပါ။ ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုလုပ်ကိုင်ရသည့်အပြင် တိရစ္ဆာန်များအား စားကျက်လွတ်ရာတွင်လည်း လိုက်လံကြည့်ရှုရသည်။ မိန်းကလေးများသည် အပင်စိုက်ပျိုးခြင်းနှင့် ပြုစုခြင်းတို့ကို လုပ်ဆောင်သည်။ ခြံပြောမည်ဆိုလျှင် ယောကျ်ားလေးများက မိန်းကလေးများထက် အလုပ်များစွာ ပိုမိုလုပ်ကိုင်ရသည်ကို လေ့လာတွေ့ရှိချက်မှ သိရသည်။ သို့သော် အိမ်မှုကိစ္စများအတွက် မိန်းကလေးများသည်လည်း ယောကျ်ားလေးများနည်းတူ လုပ်ကိုင်နေရသည်။

စိုက်ပျိုးရေးလုပ်ကိုင်သည့် ကျေးလက်ဒေသရှိ အိမ်ထောင်စုများတွင် အိမ်မှုကိစ္စများနှင့် စီးပွားရေးကိစ္စများကို ခွဲခြားထားခြင်းမရှိပေ။ အောင်လံတွင် ကလေး ၁၇ ရာခိုင်နှုန်းသည် ပြီးခဲ့သည့်နှစ်က အိမ်မှုကိစ္စ အလုပ်များ ကြောင့် ကျောင်းတက်ရောက်ခဲ့ခြင်း မရှိကြောင်းဖြေသည်။ အိမ်တွင်လုပ်ရသည့် တာဝန်များသည် ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှုရှိသည်။ အောင်လံရှိ ကလေးအများစုသည် ရေသယ်ခြင်း၊ ထင်းစုဆောင်းခြင်း၊ တံမြက်စည်းလုပ်ခြင်း၊ ချက်ပြုတ်ခြင်း၊ ဈေးသွားခြင်း၊ အဝတ်လျှော်ခြင်းနှင့် မောင်နှမများကြည့်ရှု စောင့်ရှောက်ရခြင်းတို့ကို ပုံမှန်လုပ်ဆောင် ရသည်။ ရေသယ်ခြင်းသည် ကလေးတစ်ယောက်၏ အချိန်ကိုသွားရသည့် အကွာအဝေးအပြင်၊ သယ်ယူရသည့် ရေပမာဏကြောင့် ကလေးများအတွက် အန္တရာယ်ရှိနိုင်သည်။ လမ်းပေါ်တွင် မမျှော်လင့်ပဲ သူစိမ်းများနှင့် တွေ့နိုင်သည်၊ တစ်ခါတစ်ရံ မောင်သည့်အချိန်တွင် ရေခပ်ရသည်၊ မမြဲတမ်း လေးလံစွာ ရေသယ်ရသည့်အတွက် အန္တရာယ်ရှိနိုင်သည်။ အောင်လံတွင် အချို့ကလေးများသည် စက်ဘီးများဖြင့်

ပုံ (၃၈) ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများ အများဆုံးကြုံတွေ့ရသည့် အန္တရာယ်များနှင့် တုန့်ပြန်ခဲ့ရသည့် အကြိမ်အရေအတွက်။ အောင်လံမြို့နယ်



အပြန်အလှန် ရေသယ်ယူသည်ကို တွေ့ရသည်။ သို့သော သုတေသနပြုသူများက ကလေးငယ်များ လမ်းမများနှင့် လမ်းသွားလမ်းပေါ်တွင် ထန်းပိုးဖြင့် ရေသယ်ရသည်ကို လေ့လာတွေ့ရှိခဲ့သည်။ ကျောင်းပိတ်သည့် နေ့များတွင် ကလေးများသည် တစ်နာရီ မှ သုံးနာရီကြာ၊ တစ်ခါတစ်ရံ သုံး နာရီအထက် အိမ်အလုပ်များ (မောင်နှမ ကြည့်ရှုရခြင်း မပါ) လုပ်ရသည်။

ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ

ကလေး ၇၈ ရာခိုင်နှုန်း သည် ၄င်းတို့လုပ်နေသည့်အလုပ်များတွင် အန္တရာယ်ရှိသည်ကို သိသည်။ ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် အန္တရာယ်များသည် အသက်အရွယ်အလိုက် ပိုမိုများပြားလာကြသည်။ ၄င်းတို့ အဓိက ၉၁ ရာခိုင်နှုန်း ကြောက်ရွံ့သည်မှာ မြွေများ ၊ တိရစ္ဆာန်များနှင့် ပိုးမွှားများဖြစ်သည်။ ကြံစိုက်ပျိုးရေးလုပ်ငန်းများ တွင် ကလေးများသည် ၄င်းတို့၏ အလုပ်ရှင်များနှင့် ကြီးကြပ်သူများကို ပိုမိုကြောက်ရွံ့သည်မှာ ကလေးအများစုသည် မိဘများစုကိုယ်ပိုင် မဟုတ်သည့်အခြား မြေပိုင်များတွင် လုပ်ကိုင်ရသည့်အတွက် အိမ်ပိုင် ကြံခင်းများနှင့် အခြားသူပိုင် ကြံခင်းများတွင် လုပ်ကိုင်ရမှုသည် ကွာခြားသည်။ မိဘတစ်ဦးအတွက် အလုပ်မလုပ်သည့်တိုင် ကလေးများသည် အခြားတစ်ဦးတစ်ယောက် (သို့) မိသားစု အသိုင်းအဝိုင်းမှ မိသားစုဝင်အဖြစ် သတ်မှတ်ထားသူများအတွက် လုပ်ကိုင်ပေးရသည်။ ၄င်းတို့သည် ကြီးမားသည့်စိုက်ခင်း (သို့) လုပ်ငန်းကြီးများအတွက် လုပ်ကိုင်ခြင်းမရှိပါ။ ထိုကြောင့် ကလေးများသည် ၄င်းတို့ ၏ ကြီးကြပ်သူများနှင့် ချိတ်ဆက်လုပ်ဆောင်နေရဆဲဖြစ်သည်။

၄င်းကြောက်ရွံ့မှုသည်ပင် ကလေးတစ်ယောက်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှုတ်လက္ခဏာ သက်ရောက် စေနိုင်သည်။ ယခုလေ့လာမှုတွင် ၄င်းအလုပ်လုပ်ကိုင်ရသည့် စိတ်ပိုင်းဆိုင်ရာခံစားချက်အား တိုင်းထွာခြင်း မရှိပေ။ အလုပ်ပုံမှန်သွားရန် ကြောက်ရွံ့ခြင်း၊ လယ်ကွင်းသို့သွားရောက်ရန် ကြောက်ရွံ့ခြင်းနှင့် မိမိကိုယ် (သို့) အခြားသူအား ထိခိုက်ခြင်း (သို့) မြွေကိုက်ခံရမည်ကို စိုးရိမ်နေခြင်းသည် စိတ်ဖိစီးခြင်းနှင့် စိုးရိမ်သောကပင် ဖြစ်စေသည်။

ကလေးအများစုသည် အလုပ်ချိန်နှင့် သွားရောက်သည့်လမ်းတွင် မြွေအန္တရာယ် တွေ့ရမည်ကို ကြောက်သည်။ ရပ်ရွာအုပ်ချုပ်သူများအား တွေ့ဆုံမေးမြန်းရာတွင် ကလေးများကြောက်ရွံ့သည့် အရာများကို သိရှိကြောင်း အတည်ပြုသည်။ အဆိပ်ပြင်းသည့်မြွေများသည် ဒေသတွင် ကျက်စား နေထိုင်သည့် စိုက်ခင်းများ၊ ကြံ စိုက်ခင်းများတွင်ပါ တွေ့ရတတ်သည်။ မိန်းကလေးများသည် အလုပ် အသွားအပြန်လမ်းတွင် နောင့်ယှက်ခံရသည်။ ယခုလေ့လာမှုတွင် အိမ်နှင့် လုပ်ငန်းခွင်အား မည်ကဲ့သို့ သွားလာရသည်ကို မေးမြန်းထားခြင်းမရှိပေ။

အဆိုပါတွေ့ရှိချက်များသည် ကလေးများအား မေးမြန်းစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အချို့ကလေးများသည် ဝေးလံသည့် နေရာများအား လမ်းလျှောက်သွားခြင်း (သို့) စက်ဘီးများဖြင့် သွားရသည်။ အရွယ်ရောက်သည့်မိန်းကလေးများသည် လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပြုသူများ (လေချွန်ပြသူများ (သို့) ဖော်ချွတ်ပြသူများ၊ အမျိုးသား လိင်အင်္ဂါများဖြင့် တစ်ကိုယ်ရေ အာသာဖြေပြသူများ) အား အိမ်နှင့် အလုပ်သွားရာ လမ်းတွင် ကြုံတွေ့ရသည်ဟု တင်ပြသည်။

နံနက် အစောပိုင်းမှ စ၍ နေ၀င်ချိန်နောက်ပိုင်းအထိ လုပ်ကိုင်ရသည့်အတွက် လယ်ကွင်းများတွင် လူကြီးများမပါပဲ ညအိပ်ခြင်း မပြုလုပ်ပါ။ ပူပြင်းသည့် နွေရာသီအခြေအနေများနှင့် မိုးအရမ်းသည်းထန်သည့် အချိန်တွင် လုပ်ကိုင်ခြင်းမရှိပေ။ ၎င်းတို့သည် နေ့တစ်နေ့၏ အေးမြသည့်အချိန်များတွင် လုပ်ကိုင်သည်။ မြေဆီလွှာ ပြန်လည်ပြုပြင်သည့် အချိန်များတွင် မီးရှို့ပြီးလုပ်ကိုင်ရသည့်အတွက် ကြံခင်းများတွင် ဖုန်များ ထူထပ်နိုင်သည်။

ပုံ (၃၉) ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် အန္တရာယ်များနှင့် ကြုံတွေ့ရမှု၊ အောင်လံမြို့နယ်

အန္တရာယ်အမျိုးအစား	ကြုံစိုက်ပျိုးရေး
ပိုးမွှား	၆၆%
မြွေများ	၇၀%
အခြားတိရစ္ဆာန်များ	၁၈%
ရေဆိုးများ	၆၀%
အလွန်ပူပြင်းသည့် အပူချိန်	၉၂%
အလွန်အေးသည့် အပူချိန်	၈၀%
လေပြင်း (သို့) မိုးပြင်း	၆၆%
အချိန်ကြာမြင့်စွာ နေရောင်အောက်မှာ လုပ်ကိုင်ရခြင်း	၈၄%
မီးလောင်ခြင်း (လယ်ကွင်းမီးလောင်ခြင်း (သို့) အခြားကိစ္စရပ်များ ကြောင့် မီးလောင်ခြင်း...)	၄၂%
လေးလံသည့်အရာများ သယ်ယူရခြင်း	၄၃%
ချော်လဲခြင်း (သို့) ပြုတ်ကျခြင်း	၆၉%
ဖုန်ထူထပ်ခြင်း	၇၄%
ဓာတ်မြေဩဇာများ အသုံးပြုရခြင်း	၆၃%
ပိုးသတ်ဆေးများ အသုံးပြုရခြင်း	၂၂%

ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်သည့်ကလေးများ အန္တရာယ်များနှင့်တွေ့ကြုံနိုင်သည့် အလားအလာရှိသည်ဟု အစီရင်ခံထားသည်၊ ပုံ (၃၉)တွင် ဖော်ပြထားသည်။ ကြံစိုက်ပျိုးရေးတွင် အလုပ်လုပ်နေစဉ်အတွင်း ကလေးများသည် ပြင်းထန်သည့် နေဒဏ်၊ မိုးဒဏ်နှင့် လေဒဏ်များဖြင့် ကြုံတွေ့ရသည်။ ကလေးများသည်ရာသီဥတုမရွေး လုပ်ကိုင်ရသည်။ ထို့အပြင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးပြုခြင်းကလည်း အန္တရာယ်တစ်ခုပင်ဖြစ်သည်။ ကလေး ၂၂ ရာခိုင်နှုန်းသည် ထိုကဲ့သို့သော အရာများဖြင့် ထိတွေ့နေရသည်။ ကလေးများသည် တစ်ခါတစ်ရံ မီးလောင်ကျွမ်းနေသည့် စိုက်ခင်း (သို့) မီးရှို့ကာ စိုက်ခင်းများညီအောင် ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သည်။ ကလေးများကို မေးမြန်းခဲ့ရာတွင် ကလေးအများစုသည် စိုက်ပျိုးသည့်ကာလနှင့် ရိတ်သိမ်းသည့်ကာလတွင်

ပုံ (၄၀) ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင်ကလေးများအသုံးပြုသည့် ပစ္စည်းကိရိယာများ။

ပစ္စည်းကိရိယာအမည်	လုပ်ကိုင်သည့် ကလေးများ	ပြီးခဲ့သည့်နှစ် ကြံစိုက်ပျိုးစဉ် အသုံးပြုခဲ့သည့် ကလေးအရေအတွက် %
လေးလံသည့်တူမှ အခြားထုရိုက်သည့် ပစ္စည်း	၁	၁%
လယ်ထွန်စက် **	၁	၁%
တံစဉ်၊ ဓား (သို့) တောခုတ်ဓား **	၁၀၆	၇၅%
ဂေါ်ပြား	၅၆	၄၀%
ပေါက်တူး	၄၈	၃၄%
လှံ(ငါး (သို့) ဖားများ ဖမ်းရန်) **	၃	၂%
အခြား စက်များ(သို့) ပစ္စည်းကိရိယာများ	၇	၄%
မည်သည့်ပစ္စည်းမှ အသုံးပြုခြင်းမရှိ	၁၂	၉%

** - အန္တရာယ်ရှိနိုင်သည့်ပစ္စည်းတစ်မျိုးဟု သတ်မှတ်ထားသည်။

ကလေးအများစုသည် ပုံမှန်အားဖြင့် တံစဉ်၊ ဓား (သို့) တောခုတ်ဓားများဖြင့် ကြံစိုက်ခင်းများကို ရှင်းလင်းခြင်း၊ သစ်ရွက်များ ဖြတ်တောက်ခြင်းနှင့် ပေါင်းပင်များကိုပါရှင်းလင်းရသည်။ ကြံစိုက်ခင်းအလုပ်သမားများသည် တံစဉ်များကို အမြဲ ချွန်ထက်နေအောင်ထားရသည်။ ဂေါ်ပြားနှင့် ပေါက်တူးများသည် သာမန်သံထည်များဖြင့် ပြုလုပ်ထားကာ ၎င်းတို့ကို မြေကြီးထဲတွင် အပေါက်ဖြစ်အောင်တူးရန် (သို့) မြေမျက်နှာပြင်အား ဆွဲကာ မြောင်းဖော်ရန် အသုံးပြုသည်။ အဆိုပါပစ္စည်များကို မကြာခဏအသုံးပြုရခြင်းမှာ ကြံများသည် ထူသည့် အတွက် ချွန်ထက်ပြီး၊ အားအနည်းငယ်သုံး၍ လုပ်ဆောင်ရခြင်းကြောင့်ဖြစ်သည်။

ပုံ (၄၁) **အရှည် ၁၂-၁၄ လက်မရှိသည့် တံစဉ်များကို ကလေးအများစုသည် ကြံခင်းစိုက်ပျိုးရေးလုပ်ငန်း များတွင် အသုံးပြုကြသည်။**



အချို့ကလေးများသည် ကြံကြိတ်စက်ဖြင့် (သို့) လုပ်ကိုင်ခဲ့ဖူးကာ ဈေးဆဲတွင် ကြံရည်များကို အများသောက် သုံးနိုင်ရန် ရောင်းချသည်။ ၎င်းစက်သည် ခွန်အားသုံးကာ လုပ်ဆောင်ရခြင်းဖြစ်ပြီး ဘီးများနှင့် စက်သွားများ လည်နေသည့်အတွက် အန္တရာယ်ရှိသည်။

ပုံ (၄၂) **ကလေးများသည် သာမန်အားဖြင့် ဈေးများရှိ ကြံရည်ဆိုင်များတွင် ကြံကြိတ်ရောင်းချသည်။**



ကလေးများသည် ကြံစိုက်ပျိုးရေးနှင့်
ရိတ်သိမ်းမှုများလုပ်ဆောင်ရာတွင် အောက်ဖော်ပြပါ
အခြေအနေများ ဖြင့် ကြုံတွေ့ရကြောင်းသိရသည်။

ပုံ (၄၃) ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများ ကြုံတွေ့ခဲ့သည့် ထိခိုက်နာကျင်မှုများ။ အောင်လံမြို့နယ်

ရွယ်အိုင်အပိုင်း	ကလေးအရေအတွက်	ထိခိုက်မှုအမျိုးအစား
ခေါင်း/လည်ပင်း/ မျက်နှာ	၆	ခြစ်ရာများနှင့် အညိုအမဲဒဏ်ရာများ သည် အများဆုံးဖြစ်ပြီး၊ ပြုတ်ကျသည့် ကိစ္စရပ်တစ်ခုဖြစ်ပွားခဲ့ပြီး ပြင်းထန်သည့် ထိခိုက်မှုဖြစ်ပွားကာ လက်ရှိအချိန်ထိ ကုသမှုခံယူရသည့် ကိစ္စတစ်ခုရှိသည်။
လက်/ လက်ကောက်ဝတ်နှင့် လက်မောင်း	၆၃	ခြစ်ရာ၊ ရှခြင်း (သို့) ပေါက်ပြဲခြင်း ဒဏ်ရာများ၊ အနည်းဆုံး တစ်ယောက် သည် ပြီးခဲ့သည့်နှစ်က အရိုးတစ် ချောင်း ကျိုးခဲ့ဖူးကာ၊ ပြင်းထန်သည့် လောင်ကျွမ်းမှုဒဏ်ရာလည်း ရရှိခဲ့ သည်။
ခြေထောက်၊ ခြေဖဝါး (သို့) ခြေကျင်းဝတ်	၄၂	ခြစ်ရာများ ၊ ရှခြင်း (သို့) ပေါက်ပြဲခြင်း၊ ဆောင့်မိခြင်း၊ အရိုးတစ်ချောင်း ကျိုးခြင်း

ပုံ (၄၄) ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် ထိခိုက်မှုအများဆုံးဖြစ်ပွားသည့် လုပ်ဆောင်မှုများ။ အောင်လံမြို့နယ်

ကြံစိုက်ပျိုးရေးနဲ့ ပတ်သက်ခြင်း (သို့) လုပ်ဆောင်မှုများ	ဒဏ်ရာရရှိမှု %
မြေအားပြုပြင်ခြင်း - နွားမစင်များ ပတ်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ အမှိုက်များ ဖယ်ရှားခြင်း	၁၄%
အစေ့စိုက်ပျိုးခြင်း	၃%
ကောက်ပဲသီးနှံများထိန်းသိမ်းခြင်း - မြေဖို့ခြင်း၊ အပင် အကိုင်း တိုဖြတ်ခြင်း၊ ပေါင်းနှုတ်ခြင်း	၃%
ကြံရိတ်သိမ်းခြင်း	၄၂%
ကြံပင်ရှိ သစ်ရွက်များ ခုတ်ထစ်ရခြင်း	၂၅%
လေးလံသည့်အရာများ ထမ်းခြင်း၊ သယ်ယူရခြင်း	၁%
မီးရှို့ခြင်း (သို့) မီး ဆက်လက် လောင်ကျွမ်းအောင် ထိန်းခြင်း	၂%
အခြား	၁၅%

သိသာစွာပင် ကြံစိုက်ပျိုးချိန်နှင့် ကြံခုတ်ချိန်၊
သစ်ရွက်ခုတ်ချိန်တွင် ထိခိုက်မှုများစွာဖြစ်ပွားသည်။
ကလေးအများစုသည် ကြံခင်းအား တောခုတ်ခား
(သို့) သံတံစဉ်ဖြင့် ရှင်းလင်းစဉ် ထိခိုက်ရှနာခြင်းနှင့်
ခြစ်မိခြင်းတို့ကိုကြုံတွေ့ရသည်။ ကြံစိုက်ပျိုးရေးလုပ်
ငန်းများတွင် သံထည်ပစ္စည်းများနှင့် လုပ်ကိုင်ရသည့်
အလုပ်များဖြစ်သည့် မြေပြင်ဆင်ခြင်းတို့တွင်
မတော်တဆမှုများဖြစ်ပွားလေ့ရှိသည်။
အချို့ကလေးများသည် တောင်ယာ မီးရှို့ခြင်း (သို့)
အပ်ိုက်များရှင်းခြင်းတို့ကို တိုက်ရိုက်လုပ်ဆောင်ရသည်။
ထို့အပြင် အန္တရာယ်ရှိသည့် အင်္ဂေများရှသွင်းမိခြင်း၊
မီးမငြိမ်းရန် ထိန်းသိမ်းခြင်းကို လုပ်ဆောင်ရာလွဲချော်ပါက
ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရနိုင်သည်။
ကျန်းမာရေးဆေးပေးခန်းများလည်း ထိုကဲ့သို့သော
ကိစ္စရပ်များ ကုသရန် လုံလောက်သည့်ပစ္စည်းများ မရှိပေ။

အန္တရာယ် လျော့ပါးသက်သာစေခြင်း

ကလေးအများစုသည် ပုံမှန်အကာအကွယ်ပေးသည့်
အဝတ်အစားများနှင့် အခြားအရာများကို
စိုက်ခင်းတွင်လုပ်ဆောင်စဉ် ဝတ်ဆင်ထားသည်။
နေရောင်ဒဏ်မှ ကာကွယ်နိုင်ရန် ကလေးအများစု
(၉၇ ရာခိုင်နှုန်း) သည် လက်ရှည်အင်္ကျီများကို
လက်တိုများထက် ပိုမိုဝတ်ဆင်သည်။ ကလေးများသည်
ထဘီ (သို့) ပုဆိုးများနှင့် ခြေညှပ်ဖိနပ်များအား
ဝတ်ဆင်သည်။ ကလေးအရေအတွက် ၄ ရာခိုင်နှုန်းသည်
ရှူးဖိနပ်များဝတ်ဆင်ပြီး ၃၁ ရာခိုင်နှုန်းသည်
ဘွတ်ဖိနပ်များဝတ်ဆင်သည်။ ကလေး ၁၁ ရာခိုင်နှုန်းသည်
မျက်နှာစည်းများအသုံးပြုသည်။ ထိုသို့ပြုခြင်းသည်
ဖုန်များနှင့် ပိုးမွှားများမှ ကာကွယ်ရန်သာဖြစ်ပြီး
ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ
အသုံးပြုချိန်မဟုတ်ပေ။

သာမန် ဘွတ်ဖိနပ်များကို ဝတ်ဆင်သည့်ကလေးများသည်
ခြေထောက်များနှင့် ခြေကျင်းဝတ်များတွင် ခြစ်ရာ၊
ရှရာများနှင့် အညိုအမဲများဖြစ်ခြင်းကို နည်းပါးစေနိုင်သည်။
ထို့အပြင် ဘွတ်ဖိနပ်သည် ကြံခင်းထဲတွင်
မြွေအန္တရာယ်မှ ကာကွယ်ပေးသည်။ လက်အိတ်များ
ဝတ်ဆင်ထားခြင်းသည် သာမန် အပေါ်ယံဒဏ်ရာများ
နှင့် လက်နှင့် လက်ကောက်ဝတ်ရှရာများမှ
ကာကွယ်ပေးနိုင်သည်။

အလုပ်ချိန်များနှင့် အလုပ်အစီအစဉ်များ

အောင်လံတွင် ကလေးများသည် မိသားစုဝင်မဟုတ်သည့် ကြီးကြပ်သူများဖြင့် လုပ်ကိုင်ရသည်။ ဒီလိုမျိုးအခြေအနေတွင် ကလေးများ၏ သက်သောင့်သက်သာရှိမည့် အလုပ်ချိန်၊ အလုပ်အနေအထား၊ ကျောင်းတက်ချိန်များ (သို့) အခြား ပညာရေးအစီအစဉ်များကို ညှိနှိုင်းခွင့် ရရှိနိုင်မှု နည်းပါးနိုင်သည်။ ကလေးများသည် ၎င်းတို့အလုပ်ဆုံးရှုံးကာ မိသားစုအား ထိခိုက်မည်ကို ကြောက်ရွံ့သည်။

ပုံ(၄၅) ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများအား ကြီးကြပ်သူများ

ကြီးကြပ်သူ	ကလေးအရေအတွက် ရာခိုင်နှုန်း
အခြား ကလေး	၁%
မောင်နှမ	၁၃%
မိဘ	၃၃%
အခြားလူကြီး	၅၀%
မည်သူမျှမပါ	၄%
ဖြေဆိုခြင်းမရှိ	၀%

အောင်လံနှင့် နိုင်ငံတစ်ဝှမ်းရှိ ကြံစိုက်ပျိုးသည့်နေရာဒေသများတွင် ကလေးများသည် အိမ်၏ပြင်ပတွင် အခကြေးငွေရရှိရန် အလုပ်သမားများအဖြစ် အခြားကဏ္ဍခွဲများထက် ပိုမိုဝင်ရောက်လုပ်ကိုင်သည့် ဖြစ်နိုင်ချေရှိသည်ကို လေ့လာတွေ့ရှိသည်။ ကလေးအရေအတွက် ၈၉ ရာခိုင်နှုန်း သည် မိသားစု/အိမ် အပြင်တွင် ပိုက်ဆံရရှိရန် လုပ်ကိုင်သည်။ ကလေး ၉၅ ရာခိုင်နှုန်းသည် တစ်နေ့ ၃ နာရီအထက် အလုပ်ပိုမိုလုပ်ကိုင်သည်။ ငယ်ရွယ်သည့်ကလေးများပင် ကြံစိုက်ခင်းတွင် ရာသီအပြင့်ဆုံးချိန်နှင့် ကျောင်းပိတ်ရက်များတွင် တစ်နေ့ကို ၃ နာရီအထက် လုပ်ကိုင်သည်။

အခကြေးငွေအား နေ့တစ်ဝက်နှုန်းဖြင့်ပေးချေသည်။ မနက်အစောပိုင်းမှ နေ့ခင်း (သို့) နေ့ခင်းမှ ညနေ နေဝင်ချိန်အထိ (သို့) တစ်နေကုန် လုပ်ကိုင်ခြင်းဖြင့် ခွဲခြားပေးချေသည်။ ကလေး ၈၄ ရာခိုင်နှုန်းသည် ကျပ် ၁,၄၀၀ (ကန်ဒေါ်လာ ၁.၁၆) မှ ကျပ် ၂,၀၀၀ (ကန်ဒေါ်လာ ၁.၆၇) ကြား နေ့ဝက် လုပ်အားခအဖြစ် ရရှိသည်။ တစ်နေ့လုံးလုပ်ပါက ကလေးအနည်းစု ၈ ရာခိုင်နှုန်း သည် အများဆုံး ကျပ် ၃,၀၀၀ အထိ ရရှိသည်။ နေ့တစ်ဝက်လုပ်သည့် ကလေးများသည် တစ်နေ့လုံးလုပ်သည့်ကလေးများ၏ ထက်ဝက်ရရှိသည်။ နေ့တစ်ဝက်လုပ်ကိုင်ခြင်းသည် ၃နာရီမှ ၅ နာရီလုပ်ကိုင်ခြင်းဖြစ်ကာ လုပ်ငန်းခွင်အပြင် ထွက်သည့် အချိန်မပါပေ။ လူကြီးများသည်လည်း အလားတူအလုပ်ချိန်ဖြစ်သည်။

လုပ်အားခသည်လည်း အသက်အရွယ်အလိုက် တိုးပြီးရရှိသည်၊ အသက်ကြီးသည့် ကလေးများသည် တစ်နေ့လျှင် ကျပ် ၂,၀၀၀ မှ ၃,၀၀၀ ရရှိပြီး၊ ကလေးငယ်များသည် ကျပ် ၁,၅၀၀ သာရရှိသည်မှာ အံ့သြစရာမရှိပါ။ ကွာဟချက် အနည်းငယ်သာဖြစ်သည်။ အသက် ၁၄ နှင့် ၁၅ နှစ်အရွယ်၏ လစာသည် ယေဘုယျအားဖြင့် အသက် ၁၆ -၁၇ နှစ်အရွယ်များနှင့် အတူတူပင်ဖြစ်သည်။ ကျား/မအလိုက် ကွာဟချက်ရှိသည်။ မိန်းကလေးများသည် တစ်နေ့လျှင် ကျပ် ၂,၀၀၀ သာရရှိပြီး ယောကျ်ားလေးများသည် ကျပ် ၃,၀၀၀အထိ ရရှိသည်။ မိန်းကလေး ၈ ဦးသာ ကျပ် ၂,၀၀၀ အထက် ရရှိပြီး၊ ယောကျ်ားလေး ၂၀ ဦးသည် ကျပ် ၃,၀၀၀ အထက်ရရှိသည်။ လေ့လာမှုအရ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးများထက် ပိုမိုများပြားသည်ကိုတွေ့ရသည်။

မေးမြန်းရာတွင် ဒေသခံစိုက်ခင်းပိုင်ရှင်များနှင့် ခေါင်းဆောင်များက ယောကျ်ားလေးနှင့် မိန်းကလေးကြား ငွေပေးချေမှု မတူညီသည့်အကြောင်း ရှင်းပြခဲ့သည်။ အချို့ကလေးများသည် လုပ်အားမတူညီသည်ကို လက်ခံပြီး၊ အချို့အသက်ကြီးသည့် မိန်းကလေးများသည် ယောကျ်ားလေးများ လုပ်ဆောင်သည်များကို လုပ်ရန်ဆန္ဒရှိကြောင်းနှင့် လုပ်နိုင်ကြောင်းဖြင့် ကန့်ကွက်မှုများရှိသည်။ လုပ်ဆောင်ရသည့် အလုပ်များသည် တူညီသည့်တိုင် ကွာဟချက်များရှိသည်။ မိန်းကလေးများသည် ကြံများကို နေရာပြောင်းရွှေ့စိုက်ပျိုးမှုများ အတွက် ခုတ်ထစ်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းမှုများကို လုပ်ဆောင်ရသည်။ သကြားလုံးလုပ်ငန်းတွင် မိန်းကလေးများသည် သကြားများအား သကြားချပ်များဖြစ်အောင် ဖြတ်တောက်ကာ၊ ထုတ်ပိုးရသည်။ ယောကျ်ားလေးများသည် ရိတ်သိမ်းချိန် စိုက်ခင်းအား ကိုင်တွယ်ရခြင်း၊ သစ်ရွက်များဖယ်ရှားခြင်းနှင့် သယ်ယူမှုများလုပ်ကိုင်ရသည်။ သကြားလုံးထုတ်လုပ်ရေးတွင် ယောကျ်ားလေးများသည် ညဘက်အိပ်၍ မီးဖိုများအနီးတွင် လုပ်ကိုင်ရသည်။

မိသားစုအလုပ်များပြင်ပတွင် လုပ်ကိုင်သည့်
ကလေးများသည် လုပ်အားခရရှိကြောင်းပြောသည်။
အချို့သည် မကြာခဏ အစားအသောက်များကျွေးမွေးခြင်း
(သို့) စိုက်ခင်းမှ ကုန်ပစ္စည်းများရရှိသည်။
အခကြေးငွေရရှိရာတွင် ကလေး ၆၃%သည်
ကိုယ်တိုင်ရယူကာ၊ ၃၇% သည် ကလေးများ၏ မိဘ
(သို့) အုပ်ထိန်းသူအား အလုပ်ရှင်များမှ ပေးအပ်သည်။
ကလေးငယ်များသည် ငွေကိုတိုက်ရိုက်လက်ခံရခြင်း
နည်းပါးသည်။ အသက်အရွယ်အုပ်စုများအလိုက်
မိဘများသည် သားသမီးများ၏ လုပ်အားခများအား
လုပ်ငန်းရှင်များထံမှ လက်ခံရရှိကာ
ထိန်းချုပ်ထားသည်ကိုတွေ့ရသည်။ အောင်လံရှိကလေး ၉၈
ရာခိုင်နှုန်း သည် ၄င်းတို့ရရှိသည့်ငွေများအား မိဘများထံသို့
ပြန်လည်ပေးအပ်ပြီး ၄င်းတို့ကိုယ်တိုင်စုဆောင်းရန် (သို့)
အသုံးစရိတ်များအတွက် စုထားခြင်းမရှိပေ။



© ILO Photo / Ei Hay Mar



လေ့လာတွေ့ရှိချက်များ - ပဲအမျိုးမျိုးစိုက်ပျိုးမှုတွင် လေ့လာတွေ့ရှိချက်များ[51]

ပဲအမျိုးမျိုးစိုက်ပျိုးမှုလုပ်ငန်းများသည် ဒုတိယအများဆုံး ပို့ကုန်ဖြစ်ပြီး ပဲတီစိမ်းနှင့် မတ်ပဲများသည် မြန်မာနိုင်ငံ၏ ဒုတိယအများဆုံး ပြည်ပသို့ တင်ပို့ရောင်းချသည့် ပဲအမျိုးအစားများဖြစ်သည်။ မြန်မာနိုင်ငံ ပဲအမျိုးမျိုးနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိသည့်အချက်အလက်များအရ ၂၀၁၁/၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်း မြေနေရာ ၄.၅ သန်း ဟက်တာတွင် ပဲအမျိုးမျိုးစိုက်ပျိုးပြီး ထိုမှ ထုတ်ကုန်တန်ချိန် ၅.၄ သန်းရရှိပြီး၊ တန်ချိန် ၁.၅ သန်းအား ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။[52] ၄င်းတင်ပို့မှုအားလုံးထဲမှ ထက်ဝက်သည် အိန္ဒိယနိုင်ငံသို့ စားသုံးခြင်းအတွက် တင်ပို့ခြင်းဖြစ်သည်။ ၄င်းကုန်ပစ္စည်းများသည် ရန်ကုန်ရှိ၊ ဘုရင့်နောင်ဒိုင်များမှ ဈေးနှုန်းများသတ်မှတ်၍ ပြည်ပနိုင်ငံမှ ဝယ်သူများနှင့် သဘောတူညီချက်များရယူကာ အရောင်းအဝယ်ဖြစ်သည်။

ပဲတီစိမ်းကို အများအားဖြင့် မြန်မာပြည်၏ အောင်ပိုင်းဒေသများဖြစ်သည့် - ပဲခူးနှင့် ဧရာဝတီတိုင်းတွင် စိုက်ပျိုးသည်၊ သို့သော် ယခုအခါတွင် အထက်မြန်မာပြည်၌လည်း တွင်တွင်ကျယ်ကျယ် စိုက်ပျိုးမှုများရှိလာသည်။ ပဲစင်းငုံအား မြန်မာပြည်အထက်ပိုင်းတွင် အများဆုံး စိုက်ပျိုးသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ နိုင်ငံအနှံ့ ပဲအမျိုးအစား ၁၇ မျိုး အနည်းဆုံး စိုက်ပျိုးသည်။ မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသသည် မြန်မာနိုင်ငံ၏ ပဲအများဆုံးစိုက်ပျိုးရာ အဓိကအချက်အချာဖြစ်သည်။ လယ်သမားများသည် မိုးအကုန်တွင် ကျန်ရှိသည့် စိုစွတ်မှုများအမှီ (သို့) စပါးရိတ်သိမ်းပြီးနောက် စတင်စိုက်ပျိုးသည်။ ပဲအများစုကို အသေးစား လယ်ယာမြေပိုင်သူများမှ ၁ ဇက မှ ၂ ဇက ပေါ်တွင် စိုက်ပျိုး၊ ရိတ်သိမ်းပြီး ထုတ်လုပ်မှုများကို စက်ပစ္စည်းများ မသုံးပဲ လက်များ၊ နွားများဖြင့်သာ အဆင့်ဆင့်လုပ်ဆောင်သည်။[53]

---

51 အနက်ဖွင့်ဆိုချက် : ပဲအမျိုးမျိုး– ပဲအမျိုးမျိုးနှင့် ပတ်သက်ပြီး လက်ခံနိုင်သော သီးခြားဖော်ပြသည့် ဖွင့်ဆိုချက်မရှိပေ။ ထို့ကြောင့် ပထဝီမြေနေရာအလိုက်ပေါက်သည့် ပဲအမျိုးမျိုး၊ အစေ့ အဆံနှင့် အခွံမာသီးများအား ပဲအမျိုးမျိုးအဖြစ် သက်မှတ်သည်။ ၄င်းတို့အား မြန်မာဘာသာစကားဖြင့် "ပဲအမျိုးမျိုး" ဟု ညွှန်းဆိုသည်။ ဒါသည် "ပဲအမျိုးအစားအားလုံး" ဟု ဖွင့်ဆိုခြင်းဖြစ်ပြီး၊ မြေပဲ၊ ပဲစိမ်းငုံ၊ ပဲကြီး၊ စားတော်ပဲ၊ ကုလားပဲ၊နှမ်းနှင့် အခြားတို့ပါရှိသည်။

52 အစီရင်ခံစာအား ရေးသားပြုစုသူသည် မြန်မာနိုင်ငံပဲအမျိုးမျိုးနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခဲ့သည်။

53 ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် Simon Roughneen မှ ဧရာဝတီသတင်းဌာနအတွက် ရေးသားဖော်ပြခံရသည့် Pulse of Burma's

လယ်သမားများသည် အစေ့ချခြင်း၊
ယေဘုယျအားဖြင့် ပေါင်းနှုတ်ခြင်း (သို့)
ဓာတ်မြေဩဇာအသုံး မပြုခြင်း၊ ထို့နောက်
ပြန်လည် ရိတ်သိမ်းခြင်းစသည့် လုပ်ဆောင်မှုသည်
အာရုံစိုက် လုပ်ဆောင်ခြင်းများမဟုတ်ကြောင်း
ကျွမ်းကျင်သူတစ်ဦးမှ ဖော်ပြပြောကြားခဲ့သည်။[54]
ပဲများကို အခြောက်လှန်းခြင်းနှင့်
အရည်အသွေးခွဲခြင်းအား မိသားစုဝင်များမှာ
လုပ်ငန်းခွင်အတွင်း လုပ်ကိုင်သည်။

ပဲအခြောက်လှန်းခြင်းနှင့် ခွဲခြင်းမှအပ
အခြားထွေထွေထူးထူး လုပ်ဆောင်ရသည်များ
နည်းပါးသည်။ ထုတ်လုပ်မှုကဏ္ဍတွင်လည်း အစိုးရမှ
စိုက်ပျိုးလုပ်ဆောင်ခြင်း (သို့) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများဖြင့်
လုပ်ဆောင်ခြင်း နည်းပါးသည်။ ရိတ်သိမ်းပြီးပါက
ရွာတွင် ပဲများကို အရည်အသွေးခွဲခြားသည်။ ဒေသခံ
ကုန်သည်များသည် ပဲများအား ဝယ်ယူခြင်း (သို့)
လယ်သမားများကိုယ်တိုင် နီးစပ်ရာ မြို့များတွင်
ပွဲစားများသို့ သွင်းသည်။ နောက်ဆုံးတွင်
ထုတ်ကုန်များအား ပုဂ္ဂလိကကုမ္ပဏီများမှ ဝယ်ယူတင်ပို့
ရောင်းချသည်။[55] စိတ်ဝင်စားစရာ အချက်မှာ
စျေးကွက်ကျယ်ပြန့်သော်လည်း အစိုးရအနေဖြင့် ပဲမျိုးစုံနှင့်
ဆိုင်သော စိုက်ပျိုးစီးပွားကိစ္စရပ်များ မြှင့်တင်ရန်အတွက်
လက်တလောတွင် ဦးတည် လုပ်ဆောင်နေခြင်းမရှိပါ။

ပဲအမျိုးမျိုးမှ ရရှိမည့်အမြတ်များသည် စိုက်ပျိုးသည့်
နေရာများမှ သယ်ယူပို့ဆောင်ရေးကွန်ယက် အားနည်းခြင်း၊
ချိတ်ဆက်ဆက်သွယ်နိုင်မှု ကန့်သတ်ထားခြင်းကြောင့်
အမြတ်နည်းနေရခြင်းဖြစ်သည်။ ထုတ်လုပ်သူများနှင့်
စီးပွားရေးအကျိုးဆောင်များကြားတွင် ရောင်းချမှုနှင့်
စျေးနှုန်းအား ညှိနှိုင်းနိုင်သည်။ တစ်ခါတစ်ရံတွင်
ပွဲစားအများစုရှိသည့်အတွက် စိုက်ပျိုးသူများ၏ ဝင်ငွေသည်
နည်းပါးသွားသည်။ သယ်ယူပို့ဆောင်မှုစနစ်သည်
အားနည်းနေသည့်အတွက် အနည်းငယ်စိုက်ပျိုး
ထုတ်လုပ်သူများသည် ကောင်းမွန်စွာ ပွဲစားများနှင့်
ချိတ်ဆက်နိုင်ရန်အတွက် သယ်ယူသည့် ကုန်ကျစရိတ်သည်
ငှင်းတို့စိုက်ပျိုးထား သည့်ပမာဏထက်များနေပြီး
အကျိုးအမြတ်နည်းနေသည်။ လယ်သမားများသည်
အကြွေးသံသရာလည် နေသည်။ ပဲစိုက်ပျိုးသည့်
တောင်သူအများစုသည် စပါးစိုက်ပျိုးသည်။ အစိုးရမှ
စပါးစိုက်ပျိုးမှုအတွက် ငွေကြေးပံ့ပိုးဆောင်မှုများသည်
ပဲစိုက်ပျိုးမှုထက် ပိုမိုရရှိသည့်အတွက် တောင်သူများသည်
ချေးငွေများ ရရှိကာ စျေးကောင်းသည့်နှစ်များတွင်
ပဲရောင်းချခြင်းမှ အကျိုးအမြတ်ရရှိပြီး အိမ်ထောင်စုအား
အကြွေးမှ လွတ်မြောက်ရန် လုပ်ဆောင်ပေးနိုင်မည်ဟု
သိရသည်။

အချက်အလက်များကောက်ယူခြင်း - အိမ်ထောင်စုနှင့် ကလေးများ လေ့လာမှုစစ်တမ်း

လေ့လာမှုပြုလုပ်သည့် နေရာဒေသ - ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
လူဦးရေ - ၂၈၉,၆၅၀၊ အမျိုးသား - ၁၃၀,၇၆၇ နှင့် အမျိုးသမီး - ၁၅၈,၈၈၃

မကွေးတိုင်းဒေသရှိ မြို့နယ်များတွင် အဓိကအားဖြင့်
မြေယာပိုင်ဆိုင်မှုအနည်းငယ်သာရှိသော တောင်သူ
များသာစိုက်ပျိုးကြသည်။ စိုက်ပျိုးမှုတွင် စက်ပစ္စည်းများ
အသုံးမပြုသည့်အတွက် ထုတ်လုပ်မှုတွင်
ကန့်သတ်ချက်များရှိနေသည်။ ပခုက္ကူဒေသသည်
အခြားနေရာ ဒေသများထက် ဆင်းရဲပြီး၊
အိတ်ချ်အိုင်ဗီကူးစက်မှု အများဆုံးနေရာဖြစ်သည်။
ပခုက္ကူမြို့တွင် ဘုန်ကြီးများစွာ နေထိုင်သည့်အတွက်
သပိတ်မှောက်ခြင်းများ လည်းရှိသည်ဟု
လူသိများသည်။[56] ငှင်းဒေသအနီးရှိ ရွာများသည်
လေ့လာမှုပြုလုပ်သည့်ရွာထက် ပိုမိုကြီးမားသည်။
ကျေးရွာများတွင် အများဆုံး အိမ်ထောင်စု အရေအတွက်
၅၀၀ ရှိပြီး၊ လူဦးရေများပြား ထူထပ်သည်။ အိမ်များကို
ဂါးနှင့် သစ်သားဖြင့် ဆောက်လုပ်ပြီး အချို့ရွာသားများသည်
အိမ်ခိုင်ခံမှုရှိစေရန် ကွန်ကရစ်ထည့်သည်၊
အိမ်ပတ်ဝန်းကျင်လည်း ကျယ်ဝန်းပြီး နွားများ၊
ဂက်များ၊ ဆိတ်များနှင့် အခြားအိမ်မွေးတိရစ္ဆာန်များကို
အိမ်ခြံအတွင်း မွေးမြူပြီး၊ ခြံစည်းရိုးများကို ဂါးများဖြင့်
ကာရံထားသည်။ ထို့အပြင် ငှင်းနေရာတွင် ပဲများကို
အခြောက်လှန်းသည်။ အိမ်ထောင်စုအလိုက် ရေနှင့်
ရေမြောင်းစနစ်သည် ငှင်းနေရာဒေသအတွက်
အကြီးမားဆုံး စိုးရိမ်ပူပန်စရာဖြစ်သည်။ ပူပြင်းသည့်
လများတွင် အများဆုံး ရေရှားပါးမှုကြုံတွေ့ရကာ
အိမ်ထောင်စုဝင်များသည် ရေရှာဖွေရန် လုပ်ဆောင်ရသည်။

Bean Business အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင်
အောက်ဖော်ပြပါလင့်ခ် http://www.irrawaddy.org/trade/taking-the-pulse-of-burmas-bean-business.html မှ ကိုးကားသည်။

54 အစီရင်ခံစာအား ရေးသားပြုစုသူသည် ရန်ကုန်ရှိ ကုန်စာနှင့်လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ စိုက်ပျိုးရေး ကျွမ်းကျင် ပညာရှင်အား ၂၀၁၅ ခုနှစ်၊ မတ်လတွင် တွေ့ဆုံ မေးမြန်းခဲ့သည်။

55 အစီရင်ခံစာအား ရေးသားပြုစုသူသည် မြန်မာနိုင်ငံပဲအမျိုးမျိုးနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခဲ့သည်။

56 ၂၀၀၇ နှစ်တွင် သံဃာတော်များမှ ဦးဆောင်သည့် "Saffron Revolution" ဟု လူသိများသည့် ဆန္ဒပြမှုသည့် ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် လူအင်အားအများစုံးပြသခဲ့သည့် ဆန္ဒပြမှုဖြစ်သည်။ ငှင်းဆန္ဒပြမှုသည် ပခုက္ကူမြို့ရှိ သံဃာများမှ စစ်တပ်မှ လျှုဒါန်းသည့် ဆွမ်းများအား လက်ခံရန် ငြင်းပယ်ခဲ့ခြင်းမှ စတင်ခဲ့သည်။ ငှင်းဖြစ်ရပ်အား ဂျာနယ်များစွာတွင် မှတ်တမ်းတင်ထားရှိနိုင်ခဲ့သည်။

ပဲသည် အဓိက တင်ပို့သည့် ကောက်ပဲသီးနှံဖြစ်သော်လည်း ပဲစိုက်သူများအတွက် အာမခံချက်မရှိပေ။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် စိစစ်လေ့လာမှုတွင် ပခုက္ကူသည် ပဲအဓိက စိုက်ပျိုးသည့် နေရာတစ်ခုဖြစ်ပြီး ၄င်းတွေ့ရှိချက်တွင် လူဦးရေ ၄၀ ရာခိုင်နှုန်းနီးပါး စားနပ်ရိက္ခာဖူလုံမှုမရှိဟု သတ်မှတ်ထားခြင်းခံရသည့်အပြင် အခြား ၂၄ ရာခိုင်နှုန်းသည် အသင့်အတင့် စားနပ်ရိက္ခာဖူလုံမှုမရှိဟု ဖော်ပြထားသည်။[57]

စိုက်ပျိုးသည့် ရာသီချိန်သည် တိုတောင်းပြီး ၃လမှ ၄လ သာရှိသည်။ မိုးကုန်သွားပြီးနောက် (သို့) စပါရိတ်သိမ်းချိန်ပြီးပါက လယ်သမားများသည် နွားများ (သို့) ကျွဲများဖြင့် လယ်ယာမြေအား ထွန်ယက်သည်။ ၄င်းတို့သည် ပျိုးကျဲစိုက်ပျိုးနည်းအား အသုံးပြုသည်။ ၄င်းနည်းသည် အခြားတိုက်ရိုက်စိုက်ပျိုးမှုနည်းလမ်းများထက် ပိုမိုအထွက်နည်းသည်။ သို့သော် အခြားလူအရင်းအမြစ်အတွက် ကုန်ကျသည့်စရိတ် သက်သာစေသည်။ လယ်သမားများသည် အစိုးရ၏ စပါးစိုက်ပျိုးရန် ကြားဝင်ဆောင်ရွက်ခြင်းနှင့် အခမဲ့တိုက်တွန်းမှုများကြောင့် ၄င်းတို့နေရာဒေသများအား ရာသီဥတုအခြေအနေလိုက် တိုးချဲ့စိုက်ပျိုးရန် ရွေးချယ်နိုင်မှုက အခွင့်အရေးနည်းပါးသည်။

ပဲအမျိုးမျိုး တန်ဖိုးကွင်းဆက်သည် တိုတောင်းပြီး၊ အစီအစဉ်တကျဖြစ်နေသည်။ ရိုးရှင်းသည့် အခြောက်ခံထားသည့် ပဲများနှင့် အစေ့များအား အရည်အသွေးခွဲခြင်းနှင့် သန့်စင်ခြင်းမှအပ အခြားတန်ဖိုးမြှင့် လုပ်ဆောင်မှုများအား လုပ်ဆောင်နိုင်ခြင်းမရှိချေ။ အခြောက်ခံထားသည့်ပဲများအား တိုင်းဒေသကြီး စီးပွားရေးအကျိုးဆောင်မှ နိုင်ငံတော်အဆင့် စီးပွားရေးအကျိုးဆောင်များသို့ ကလေးများ၏လုပ်အားကို အသုံးပြု၍ ပို့ဆောင်ခြင်း၊ ကလေးများအနေဖြင့် ပဲဒိုင်များ၏အလုပ်သမားများအဖြစ်လုပ်ကိုင်ကြပြီး ၄င်းကဲ့သို့ ကလေးများ၏လုပ်ဆောင်မှုများသည် သီးသန့်ဈေးကွက်အနေအဖြစ်ရှိနေကာ၊ အဆိုပါနေရာတွင် ရောင်းချသည့် အခြားကုန်ပစ္စည်းများလည်း အလားတူဖြစ်နိုင်သည်။ ပခုက္ကူမြို့ရှိ ဈေးတွင် ပဲအိတ်များအား တိုင်းဒေသကြီး စီးပွားရေးအကျိုးဆောင် များမှတဆင့် နိုင်ငံအဆင့်စီးပွားရေးအကျိုးဆောင်များသို့ ပို့ဆောင်ပြီး ကလေးများ ဤအလုပ် လုပ်နေရှိသည်ကိုမတွေ့ရပေ။ ကလေးများသည် ဆိုင်များတွင် ဒေသခံများ စားသောက်ရန် ရောင်းချခြင်းနှင့် ဈေးဆိုင်ရှင်တစ်ယောက် နေ့စဉ် လုပ်ဆောင်ရသည့် အခြေခံလုပ်ဆောင်မှုများကို လုပ်ဆောင်ရသည်။

57 ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program) ၏ "Food Security Assessment in the Dry Zone Myanmar" အား ကိုးကားသည်။

ပဲအမျိုးမျိုးစိုက်ပျိုးသည့်ကျေးရွာများရှိ အိမ်ထောင်စုများ

ပုံ (၄၆) **လေ့လာမှုပြုလုပ်ထားသည့် ပဲအမျိုးမျိုးစိုက်ပျိုးသည့် အိမ်ထောင်စုများ။ ပခုက္ကူမြို့နယ်**

အိမ်ထောင်စုများ	ပဲအမျိုးမျိုး
ဦးတည်ပစ်မှတ်ထားသော	၁၁၀
နှိုင်းယှဉ်	၃၀
စုစုပေါင်း	**၁၄၀**

အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် အဖွဲ့ဝင် ၅.၆၃ ဦး ပါရှိပြီးအခြားစိုက်ပျိုးရေးကဏ္ဍခွဲများတွင် အိမ်ထောင်စုဝင်အများဆုံး ပိုင်ဆိုင်သည်။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ တူညီသည်။ အိမ်ထောင်စုအများစုတွင် မိသားစုဝင် ၄-၅ဦးရှိပြီး၊ စစ်တမ်း ၄ ပုံ၊ ၁ပုံတွင် မိသားစုဝင် ၈ ဦးနှင့် အထက်ရှိသည်။ အောင်လံနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မကွေးတိုင်းဒေသကြီးတွင်လည်း ကြဲစိုက်ပျိုးသည့်အပြင် မိသားစုဝင်များသည်လည်း ပိုမိုများပြားသည်။ မိသားစုဝင်ထက်ဝက်နီးပါးသည် လူကြီးများဖြစ်ပြီး လုပ်ကိုင်နိုင်သည့်အရွယ် (အသက် ၁၈-၅၅ နှစ်အထိ) ရှိပြီဖြစ်သည်။ မိသားစုဝင် ၇.၇ ရာခိုင်နှုန်း သည် အသက် ၅၅ နှစ်နှင့် အထက်ဖြစ်သည်။ ၎င်းသည် အခြားစိုက်ပျိုးရေးကဏ္ဍခွဲများထက် ၅၅ ရာခိုင်နှုန်း မြင့်မားသည်။ မှီခိုအရေအတွက်ဦးရေသည် လေ့လာမှုစစ်တမ်းတွင်ပါရှိသည့် အိမ်ထောင်စုများရှိ မိသားစုဝင်များ၏ ထက်ဝက်နည်းပါးရှိကို ဆိုလိုသည်။ ပေးထားသော စစ်တမ်းသည် ကဏ္ဍခွဲများ/ဒေသများ (မြို့နယ်အပါအဝင်) ဖြစ်နိုင်သော ကိုယ်စားပြုပုံစံတစ်ခုအဖြစ် အသုံးပြုထားခြင်းမရှိခဲ့ပါ။ စစ်တမ်းပြုလုပ်ခဲ့ သည့် မြို့နယ်၏ဒေသများကိုသာ ရည်ညွှန်းသော ပခုက္ကူမြို့နယ် အကြောင်းရေးထား သည်ကို မှတ်သားရန် အရေးကြီးပါသည်။

ရွှေ့ပြောင်းလုပ်ကိုင်ခြင်း

အိမ်ထောင်စု ၁၁ရာခိုင်နှုန်း တွင် မိသားစုဝင်တစ်ဦးသည် နေအိမ်မှ စွန့်ခွာပြီး အခြားနေရာဒေသ (သို့) ပြည်ပတွင်သွားရောက် လုပ်ကိုင်ပြီးဝင်ငွေရှာကြသည်။ ၄င်းတို့ထဲတွင် အသက် ၁၈ နှစ်အောက် တစ်ဦးပါရှိပြီး အများစု (၈၃.၃ ရာခိုင်နှုန်း) သည် အသက် ၁၈ - ၃၀ နှစ်ကြားတွင်ရှိသည်။ ရွှေ့ပြောင်းသွားသူ ထက်ဝက်သည် အမျိုးသားများဖြစ်သည်။ အချက်အလက်များစုဆောင်းသည့်

ကာလတွင် ကျေးရွာများ၌ လူဦးအရေ အနေအထားပြောင်းလဲလာကြောင်း အမျိုးသမီးများမှပြောသည်။ ငယ်ရွယ်သည့် အမျိုးသားများသည် မြို့ကြီးများနှင့် မြို့များရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် နေကြပြီး၊ အမျိုးသမီးအများစုသည် ထန်းပင်ပေါ် တက်ရောက်ပြီး ဘက်စုံအသုံးဝင်သည့် ၄င်းအသီးများကို အိမ်မွေးတိရစ္ဆာန်များအား ကျွေးမွေးရန် ရယူရသည်။ ယခုဒေသရှိနေထိုင်သူအများစုသည် ဒီအလုပ်သည် အန္တရာယ်များပြားပြီး လူငယ်အမျိုးသားများ ပြောင်းရွှေ့နေသည့်အတွက် မည်ကဲ့သို့ ဆက်လက်ကိုင်တွယ် သွားရမည်မှာ မသေချာဖြစ်နေသည်။ ပခုက္ကူမှရရှိထားသည့် အချက်အလက်များသည် စစ်တမ်းများ ကောက်ယူစဉ်အတွင်းသာဖြစ်ပြီး ပြောင်းလဲမှုအလားအလာ မရှိသော်လည်း ဒေသခံများ အဖွဲ့များ၏ လေ့လာချက် သဘောတူညီမှု/ မတူညီမှုများအပေါ် လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ရွှေ့ပြောင်းလုပ်ကိုင်သူများ အခြားတစ်ဝက်မှာအမျိုးသမီး များဖြစ်သည်။

စီးပွားရေးအခြေအနေ - အကြွေးနှင့် မြေပိုင်ဆိုင်မှု

စစ်တမ်းကောက်ယူထားသည့် အိမ်ထောင်စု ၈၆ရာခိုင်နှုန်းသည် အကြွေးတင်နေသည်။ ပခုက္ကူရှိ လယ်သမားများသည် အခြားကဏ္ဍခွဲများတွင် အမြင့်ဆုံးအကြွေးတင်နေသည်။ မိသားစုများစွာသည် အမေရိကန်ဒေါ်လာ ၄၀၀ နှင့် ၅၀၀ ကြား အကြွေးရှိနေသည်မှာ ရာသီအလိုက် စိုက်ပျိုးလည်ပတ်မှုများ ကြောင့်ဖြစ်နိုင်သည်။

ပုံ (၄၇) ပဲအမျိုးမျိုးစိုက်ပျိုးလုပ်ကိုင်သည့် အိမ်ထောင်စုများအကြွေးတင်သည့်ပမာဏ၊ ပခုက္ကူမြို့နယ်

	ပျမ်းမျှ	အလယ်	အနည်းဆုံး	အများ
မြန်မာကျပ်ငွေ	ကျပ် ၅၇၆,၄၄၆	ကျပ် ၅၀၀,၀၀၀	ကျပ် ၂၀,၀၀၀	ကျပ် ၂,၀၀၀,၀၀၀
အမေရိကန်ဒေါ်လာ (၁ ဒေါ်လာ - ကျပ် ၁,၀၀၀)	$၄၈၀	$၄၁၆	$၁၇	$၁၆၆၆

ပုံ (၄၈) ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်းများတွင် အိမ်ထောင်စုများ အကြွေးတင်သည့်အကြောင်းအရင်းများ၊ ပခုက္ကူမြို့နယ်

အိမ်ထောင်စုအကြွေးတင်ရသည့်အကြောင်းအရင်း	အိမ်ထောင်စု %
မိသားစုလုပ်ငန်းချဲ့ထွင်ရန် (သို့) ထိန်းသိမ်းရန်	၃%
လုပ်ငန်းသုံးပစ္စည်း ဝယ်ယူရန်	၅၇%
အခြားအကြွေးပေးချေရန်	၃၀%
ရှင်းလင်းသည့်အကြောင်းပြချက်မရှိ	၆၄%
အခြား - မင်္ဂလာဆောင်၊ ဈာပန၊ ကျန်းမာရေး	၈%

ပဲစိုက်ပျိုးသည့်ဒေသရှိလယ်သမား များသည် အကြွေးချေးယူမှုကြောင့် အကြွေးများစွာတင်နေခြင်းဖြစ်သည်။ ပခုက္ကူအပါအဝင် မြန်မာနိုင်ငံရှိ အခြားစိုက်ပျိုးရေးနေရာဒေသများ တွင် အစိုးရဘဏ်များနှင့် ဝန်ကြီးဌာနများမှ လယ်သမားများကို ရာသီအစောပိုင်းတွင် လိုအပ်သည်များ ဝယ်ယူနိုင်ရန် ပုံမှန်ငွေချေးပေးသည်။ ဈေးကွက် မတည်မငြိမ်ဖြစ်မှုတို့ကြောင့် ပြန်ဆပ်ရသည့်ငွေပမာဏအပေါ် သက်ရောက်မှုရှိစေသည်။ အခြားနည်းလမ်း များဖြင့် ငွေချေးယူမှုများသည် ပြန်လည်ပေးချေရသည့်ပမာဏများပြားပြီး၊ မလိုလားအပ်သော စည်းကမ်းချက်များ ဖြစ်နိုင်သည်။

ပုံ (၄၉) မြေပိုင်ဆိုင်မှု အခြေအနေ၊ ပခုက္ကူမြို့နယ်

မြေပိုင်ဆိုင်မှု	အိမ်ထောင်စု %
ပိုင်	၅၁%
ငှား	၃၇%
	၁၂%

ပခုက္ကူရှိ လယ်သမားများသည် လယ်ယာမြေကိစ္စရပ်များသည် မကွေးတိုင်းဒေသကြီးရှိ အောင်လံ ထက်ပိုမိုတည်ငြိမ်မှုရှိသည်။ ဒါသည် ၄င်းတို့၏ အကြွေးပမာဏကို မြင့်မားစေနိုင်ပြီး ၊ တန်ဖိုးမြင့်မားမှုကိုပါ ပိုဖြစ်စေသည်။ စစ်တမ်းပြုလုပ်ခဲ့မှုအရ ထက်ဝက်နီးပါးသည် ကိုယ်ပိုင်လယ်ယာမြေများတွင် လုပ်ကိုင်နေသည်။ ၁၂ ရာခိုင်နှုန်းသာ ရှင်းလင်းမှုမရှိသည့် မြေ (သို့) လုပ်ကိုင်ခွင့်ရှိသည့် မြေများတွင် လုပ်ကိုင်နေသည်။

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများမှာ လုပ်ကိုင်နေသည့်ကလေးများ

ပုံ (၅၀) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများပါဝင်မှု။ ပခုက္ကူမြို့နယ်

အသက်	# of children in sample
၇-၁၂ years	၅၉
၁၃-၁၅ years	၉၉
၁၆-၁၇ years	၆၀
စုစုပေါင်း	**၂၁၈**

ယခုလေ့လာမှုတွင် ယောကျ်ားလေး ၅၆ ရာခိုင်နှုန်း (၁၂၂ ဦး) နှင့် မိန်းကလေး ၄၄ ရာခိုင်နှုန်း (မိန်းကလေး ၉၆ ယောက်) ပါရှိသည်။ ကလေးအများစုသည် အသက် ၁၃ နှစ်နှင့် အထက်ဖြစ်သည်။

ကလေးအရေအတွက် ၆၁ ရာခိုင်နှုန်း (၁၃၇ ဦး) သည် အိမ်ထောင်စု၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် ပဲအမျိုးမျိုးစိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်ကိုင်နေသည်။ အခြားကဏ္ဍများနည်းတူ ကလေး ၃၀ ဦး လျှင် ၁၉ ဦးသည် ဦးတည်ပစ်မှတ်ထားသည့် အဖွဲ့အစောက်တွင် ပုံမှန်လုပ်ဆောင်မှုများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အတွက် ၎င်းတို့နှင့် ပတ်သက်သည့်အချက်အလက်များကိုပါ ထည့်သွင်းထားသည်။

ပုံ (၅၁) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများမှာ လုပ်ကိုင်သည့်အကြောင်းအရင်းများ။ ပခုက္ကူမြို့နယ်

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများမှာ လုပ်ကိုင်ရသည့်အကြောင်းအရင်းများ	ဖြစ်နိုင်သည့် အလားလာရှိသည့် ကလေး %
မိဘများ (သို့) အုပ်ထိန်းသူများမှ လုပ်သင့်သည်ဟု ပြောကြားခြင်း	၄%
မိသားစုအား ထောက်ပံ့ရန်	၉၆%
သန်မာသည့်အတွက်	၁%
ကျောင်းတွင် စာမလိုက်နိုင်၍	၂%
ဒီအလုပ်ကို ဘယ်လိုလုပ်ကိုင်ရမလဲ သင်ယူရန်	၂%
ကျောင်းစရိတ်ရရန်	၁%
မွေးချင်းများအတွက် ကျောင်းစရိတ်ရရန်	၂%
မိသားစုအကြွေးများဆပ်ရန်	၃၁%
ကိုယ်ပိုင်အဝတ်အထည်နှင့် အစားအသောက်များ ဝယ်ရန်	၄%
အလုပ်လုပ်ရသည်ကိုနှစ်သက်သည်/ ကိုယ့်ခြေထောက်ပေါ် ရပ်တည်ချင်သည်။	၁%
အခြားအကြောင်းပြချက်များ	၉%

ကလေးများ ကျောင်းတက်ရောက်ရန် အဟန့်အတားများ

ပခုက္ကူရှိကလေးများသည် တစ်နေ့လျှင် ကျောင်းကို ၅နာရီမှ ၆ နာရီတက်ရသည်။ အချို့နေရာများတွင် တစ်နေ့လျှင် ၆ နာရီထက်ပိုသည်။ ကလေးအရေအတွက် ၆၈ရာခိုင်နှုန်း သည် ကျောင်းချိန်ပြင်ပ ကျူရှင်ကို ပုံမှန်ကျောင်းသင်ခန်းစာများအပြင် သင်ယူသည်။ ဒါသည် အခြားကဏ္ဍခွဲလေ့လာတွေ့ရှိမှုထက် ပြင်ပ သင်ခန်းစာများသင်ယူမှုသည် အများဆုံးဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်စု ကုန်ကျစရိတ်များအတွက် များပြားစေနိုင်ပြီး မိသားစုအတွက် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ပိုမိုဝင်ငွေတိုးပွားနိုင်သည်။

ယခုလေ့လာမှုကာလအတွင်း ကလေးအများစုသည် စစ်တမ်းကောက်ယူသည့်အချိန်တွင် ကျောင်းတက်နေသည်။ ကလေးအရေအတွက် ၁၄ ရာခိုင်နှုန်း သည် ကျောင်းထွက်စောသည်။ ကျောင်းသားအများစုသည် ကျောင်းပျက်ကွက်သည့်နေ့များ (သို့) အမြဲပျက်ကွက် (သို့) တစ်ခါတစ်ရံပျက်ကွက်သည်။ ပညာသင်နှစ်၏ တစ်လလျှင် ကျောင်း ၁ရက်မှ ၂ ရက် (ပျမ်းမျှ ၁.၂၆ ရက်) ပျက်ကွက်သည့် ကလေးများရှိကြောင်း မေးမြန်းသည့်အခါ တိကျစွာသိရသည်။ အခြားလေ့လာခဲ့သည့်ဒေသများနည်းတူ ကလေးများသည် ကျန်းမာရေး (သို့) နာမကျန်းဖြစ်ခြင်းကြောင့် ကျောင်းပျက်သည့်တိုင် စိုက်ပျိုးမှုလုပ်ငန်းများနှင့် ပတ်သက်နိုင်သည်။ သို့သော် ယခုချိတ်ဆက်မှုအား လေ့လားထားခြင်းမရှိပေ။


ပုံ (၅၂) ပဲအမျိုးမျိုးစိုက်ပျိုးသည့်ဒေသတွင် ကျောင်းတက်ရန်ပျက်ကွက်ရသည့်အကြောင်းအရင်းများ။ ပခုက္ကူမြို့နယ်

ကျောင်းပျက်ကွက်ရသည့်အကြောင်းအရင်းများ	ကလေးအရေအတွက် %
အိမ်အလုပ်များ	၁%
အပြင်အလုပ် (သို့) မိသားစု အလုပ်လုပ်ခြင်း	၃%
နေမကောင်းဖြစ်/ကျန်းမာရေး/ထိခိုက်	၉၄%
မိသားစုအရေးပေါ်ကိစ္စ	၀%
အခြား	၁%
မသိ	၁%

ကလေး ၁၄ ရာခိုင်နှုန်း သည် ကျောင်းမှ အရွယ်မရောက်ခင် ထွက်ခဲ့သည်။ မေးမြန်းခဲ့သည့် ကလေး ၁၄ ရာခိုင်နှုန်း သည် ပြီးခဲ့သည့်နှစ်က ကျောင်းတက်ရောက်ခြင်းမရှိ (သို့) ကျောင်းထွက်ခဲ့သူများဖြစ်သည်။ အခြားကဏ္ဍများတွင် လေ့လာတွေ့ရှိသည့်နည်းတူ ကလေးများသည် စတုတ္ထတန်းပြီး၊ မူလတန်းမှ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့သည့်အချိန်တွင် အထွက်များသည်။ ယခုကဲ့သို့ ကျောင်းထွက်မှုများ ရှိသည့်အပြင် နှစ်စဉ် အတန်းများအလိုက်လည်း တည်ငြိမ်သည့် ကျောင်းထွက်မှုနှုန်းကိုလည်း တွေ့ရသည်။ ယခုအခြေအနေတွင် စတုတ္ထတန်းပြီးမြောက်အောင် (ကျောင်းထွက်မှုအများဆုံးအချိန်) သင်ယူပြီးနောက်တွင် ကျောင်းများသည် မိမိရွာများမှ အိမ်များနှင့်နီးသည့်ကျောင်းများ (သို့) ဝေးလံသည့်အရပ်တွင် ကလေးများအား ကျောင်းထားသည့်အတွက် အပိုကုန်ကျစရိတ်များပြားသည်ကို အခြားနေရာဒေသများထက် ပုံမှန်ထက်ပိုများသည်ကိုတွေ့ရသည်။ ကျောင်းနှင့်နီးသည့် နေရာဒေသများရှိ ကလေးများသည် တစ်နှစ်ပြီး တစ်နှစ် ကျောင်းထွက်နှုန်းသည် ဝေးလံသည့် အလယ်တန်းကျောင်းများထက် နည်းပါးသည်။

ပဲတောင့်ရှည်မျိုး စိုက်ပျိုးထုတ်လုပ်သည့် မိသားစုလုပ်ငန်းများတွင် လုပ်ကိုင်သည့် ကလေးများသည် ၎င်းလုပ်ငန်းကြောင့် အလယ်တန်းပြီးမြောက်သည်အထိ တက်ရောက်ခဲ့ခြင်းမရှိသည်ကို နားလည်သည်။ ကျောင်းထွက်နှုန်းသည် ပခုက္ကူမှာနည်းပါးသည့်တိုင် မိသားစုပိုင် ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက်သည် အဓိကအကြောင်းအရင်းဖြစ်သည်။ ပုံ (၅၄) တွင် ဖော်ပြထားသည့်အတိုင်း အကွာအဝေးနှင့် ကုန်ကျစရိတ်မြင့်မားမှုက ကျောင်းထွက်သည့် အဓိကအကြောင်းအရင်း မဟုတ်သည်ကို သေချာစေသည်။ ကလေးများသည်လည်း ကျောင်းတက်ရန် မိသားစု ကုန်ကျစရိတ်မပေးနိုင်သည်ထက် စိတ်မဝင်စားသည်က ပိုများသည်။ မြန်မာနိုင်ငံတွင် ကျောင်းတက်ရောက်ရန် ကုန်ကျသည့်စရိတ်သည် ယခုလေ့လာတွေ့ရှိချက်များအရ စဉ်းစားရန်လိုအပ်သည့် အရေးကြီးကိစ္စတစ်ခုဖြစ်နေသည်။ သို့သော် လုပ်သားအရေအတွက်နှင့် အန္တရာယ်များ

ပုံ (၅၃) ပဲအမျိုးမျိုးစိုက်ပျိုးသည့်လုပ်ငန်းများလုပ်ကိုင်သည့်နေရာဒေသတွင် အမြင့်ဆုံး အတန်းပညာပြီးဆုံးမှု အခြေအနေ။ ပခုက္ကူမြို့နယ်



လျော့ချနိုင်ရန်အပြင် ကလေးများသည် ပညာသင်ယူနိုင်မည့် အခွင့်အရေးများရှိဖို့လိုနေသလို၊ မိဘများအနေဖြင့် ၎င်းတို့ ကလေးများအား အန္တရာယ်ရှိသည့်အလုပ်များ မလုပ်ကိုင်စေရန် တိုက်တွန်းမှုလည်းလိုအပ်သည်။


ပုံ (၅၄) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျောင်းထွက်ရသည့်အကြောင်းအရင်းများ။ ပခုက္ကူမြို့နယ်

ကျောင်းထွက်ရသည့်အကြောင်းအရင်း	ဖြစ်နိုင်သည့် ကလေး အရေအတွက် %
ကျောင်းထွက်ရသည့်အကြောင်းအရင်း	၁၀%
မိဘများမှ တားမြစ်	၂၉%
စရိတ်မြင့်မားခြင်း	၆%
ကျောက်တက်ရောက်ရန် အလှမ်းဝေး	၆%
အိမ်အလုပ်များကြောင့်	၃၂%
စိတ်မဝင်စား (သို့) ပျင်းဖို့ကောင်း	၁၀%
လိုက်မမှီဟု ယူဆ	၀%
ပြီးခဲ့သည့်အတန်းမဖြေဆိုခဲ့	၇၄%
အပြင်အလုပ် (သို့) မိသားစုအလုပ်	၀%
နေမကောင်းဖြစ်/ ကျန်းမာရေး	၆%


ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများရှိ ကလေးအလုပ်သမားများသည် အသက် ၁၀ နှစ်မှ စတင်၍ ၎င်တွေ့ရှာဖွေမှုများ တဖြည်းဖြည်းတိုးပွားလာသည်။ အသက် ၁၀နှစ် မှ ၁၃ နှစ်ကြားတွင် ကလေး အလုပ်သမားများသည် လုပ်ငန်းခွင်သို့ စတင်၎င်ရောက်ကြသည်။ ၎င်းကာလသည် နောင်အတွက် ကြားကာလတစ်ခုဖြစ်သည်။ ကျောင်းတက်ရောက်မှုနှုန်းသည် အခြားကဏ္ဍခွဲများထက် တည်ငြိမ်စွာ နည်းပါးလာသည်ကို တွေ့ရသော်လည်း စိုက်ပျိုးရေးအတွက် အသက် ၁၀ နှစ်အရွယ်မှစတင်ပြီး အလုပ်စတင်လုပ်ကိုင်သူ များပြားလာသည်။ ကလေးများသည် အလုပ်စတင်လုပ်ကိုင်သော်လည်း ကျောင်းတက်ရောက်မှုကို ရပ်ဆိုင်းသွားခြင်းမရှိသည်ကိုလည်း တွေ့ရသည်။

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများသည် စိုက်ပျိုးသည့် ကာလပတ်လုံး သာမန်အားဖြင့် အထွေထွေအလုပ်များကို လုပ်ကိုင်သည်။ ပုံ (၅၆) တွင် ပါရှိသည့် တိုက်ရိုက် စီးပွားရေးလုပ်ဆောင်မှုများသည် ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ စစ်တမ်းပြုလုပ်ရာတွင် ဖော်ပြထားခြင်းဖြစ်သည်။ ဥပမာ - ရိုရှင်းသည့် မြေပြင်ဆင်ခြင်းနှင့် ရိုးရှင်းသည့် ရိတ်သိမ်းခြင်း။ စိုက်ပျိုးမှုကာလပတ်လုံးတွင် ပုံမှန်ထိန်းသိမ်း လုပ်ဆောင်ရမှုသည် ကန့်သတ်ချက်ရှိသည်။ အချို့ကလေးများသည် ပဲခွဲခြင်း၊ အခွံခွာခြင်း (သို့) ကြိတ်ခြင်း တို့ကို လုပ်ဆောင်သည်။ ရိတ်သိမ်းပြီးသည့်နောက်တွင် အခြောက်ခံခြင်းနှင့် ဆန်အိတ်များ (သို့) ခြင်းများဖြင့် ထုတ်ပိုးကာ ဈေးများသို့ပို့ဆောင်ခြင်းကိုသာ အနည်းငယ်လုပ်ကိုင်ရသည်။ အခြားစိုက်ပျိုးရေးထုတ်ကုန်


ပုံ (၅၅) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းခွင်သို့ ၎င်ရောက်သည့် အသက်အရွယ်။ ပခုက္ကူမြို့နယ်




ပုံ (၅၆) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများလုပ်ဆောင်ရသည်များ။ ပခုက္ကူမြို့နယ်



ပုံ (၅၇) လွန်ခဲ့သောနှစ် ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများလုပ်ကိုင်ခဲ့ရသည့် လုပ်ငန်း များအား ကျား/မ အလိုက် ပြသထားခြင်း။ ပခုက္ကူမြို့နယ်



ပုံ (၅၈) **ယခုလေ့လာသည့်နှစ် ပဲအမျိုးမျိုးထုတ်လုပ်ရေးတွင် လုပ်ဆောင်ရသည့် အဓိကလုပ်ငန်းများအား ကျား/မ ရာခိုင်နှုန်းအလိုက်ပြသထားခြင်း။ ပခုက္ကူမြို့နယ်**



ပစ္စည်းများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် လုပ်ကိုင်မှုသည် ကန့်သတ်ချက်ရှိပြီး၊ စိုက်ပျိုးမှုကာလသည်လည်း တိုတောင်းသည်။

ပဲစိုက်ပျိုးခြင်းနှင့် လုပ်ငန်းများအားလုံးနီးပါးကို ယောကျ်ားလေးနှင့် မိန်းကလေးများမှ အများဆုံး တိုက်ရိုက်လုပ်ဆောင်သည်။ ပုံ (၅၈) တွင် ဖော်ပြထားသည့်အတိုင်း မိန်းကလေးများက ရိတ်သိမ်းခြင်းနှင့် အခြောက်ခံခြင်းကို ပိုမိုလုပ်ကိုင် ပြီး၊ ယောကျ်ားလေးများက စိုက်ပျိုးရန်ပြင်ဆင်မှုများကို လုပ်ကိုင်သည်။ ပဲခွဲခြင်းနှင့် အခွံလှန်းခြင်းကို အိမ်ခြံဝင်းထဲတွင် လုပ်ဆောင်သည်။ မိန်းကလေးများသည် အပြင်သွားလာရမှုကို ကန့်သတ်ထားသည့် အတွက် ရွာအပြင်ရှိ လယ်ကွင်းသို့သွားရောက်ခြင်းမရှိပဲ အိမ်မှာသာလုပ်ဆောင်ရသည်။

ပုံ (၅၉) **မြို့ဈေးရှိဒေသထွက် ပဲအမျိုးမျိုး**



ပုံ (၆၀) **ကလေးများသည် ထန်းပင်မှရလာသည့် အသီးများကို နွားများကျွေးရန် ခုတ်ထစ်နေသည် ကိုတွေ့ရစဉ်။ ပခုက္ကူမြို့နယ်**



ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများရှိ ကလေးအများစုသည် အိမ်အလုပ်များကို အနည်းဆုံး တစ်နေ့လျှင် ၂ နာရီ နီးပါးလုပ်ရသည်။ ကလေးများသည် အိမ်သုံးရေသယ်ခြင်း၊ ဟင်းချက်ခြင်း၊ မောင်နှမများအား ကြည့်ရှုခြင်း၊ အဝတ်လျှော်ခြင်းနှင့် ပန်းကန်ဆေးကြောခြင်းအပြင် စျေးဝယ်ထွက်ရသည်။ စစ်တမ်း ကောက်ယူသည့်အချိန်တွင် လေ့လာဦးဆောင်သူများမှ ကလေးများလုပ်ကိုင်နေသည့် အချို့အလုပ်များ သည် ပဲစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်ခြင်းမရှိသည်ကိုလည်း အခုကဏ္ဍခွဲတွင်တွေ့ရသည်။ လေ့လာတွေ့ရှိချက်တစ်ခုတွင် မိန်းကလေး ၂ ဦးသည် မျိုးစေ့စိုက်ပျိုးပြီးနောက်၊ ထန်းပင်မှရလာသည့် အသီးများအား ခုတ်ထစ်ကာ အိမ်ရှိ နွားများအား အစာကျွေးရသည်။ မိသားစုအများစုတွင် အဓိက ဝင်ငွေသည် ပဲအမျိုးမျိုးမှ ရရှိသည်။ ထို့အပြင် ၎င်းနှင့်ဆက်စပ်နေသည့် အိမ်မှုကိစ္စများနှင့် အပြင်အလုပ် ကိစ္စလုပ်ငန်းများ ပတ်သက်နေသည်။

ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ

ကလေးအရေအတွက် ၈၁ ရာခိုင်နှုန်း လုပ်ကိုင်နေသည့် ပဲတောင့်ရှည်မျိုးကဲ့သို့သော ပဲ လုပ်ငန်းများသည် အန္တရာယ်ရှိကြောင်း မြင်သည်။ ဒါသည် အခြားလေ့လာခဲ့သည့်ကဏ္ဍခွဲများနှင့် နှိုင်းယှဉ်လျှင် နည်းပါးသည်။ ကလေးများသည် ပဲအမျိုးမျိုးအပြင် အခြားပဲမစိုက်ပျိုးသည့် ရာသီအချိန်များတွင်လည်း အခြား လုပ်ငန်းများထံမှ ဝင်ငွေရရှိရန်လုပ်ကိုင်ရသည်။ မိန်းကလေးအများစုသည် စက်ချုပ်သမများအဖြစ် လုပ်ကိုင်သည့်အပြင် အထည်ရက်ခြင်းနှင့် သနပ်ခါးရောင်းချခြင်းတို့ကိုပါ လုပ်ဆောင်သည်။[58]

58 သနပ်ခါးအား မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး စန္ဒကူးနှံသာပင်နှင့် ဆက်နွယ်သည်။ မြန်မာနိုင်ငံတွင် အသုံးပြုများသည့် ဆေးဖက်ဝင် အလှအပ ပစ္စည်းတစ်မျိုးဖြစ်ပြီး ဈေးများတွင် တွေ့ရှိနိုင်သည်။ ၎င်းအား ပူပြင်းသည့် အလယ်ပိုင်းဒေသတွင် များစွာ စိုက်ပျိုးသည်။


ယောက်ျား လေးများနှင့် မိန်းကလေးများသည် စပါးစိုက်သည့်ဒေသများတွင် စပါးစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများ ကိုလည်း လုပ်ဆောင်သည်။ အချို့ကလေးများ ပညာရေးမှ လုပ်ငန်းခွင်သို့ ဝင်ရောက်ရသည့်အကြောင်းမှာ မိသားစုအား ပဲစိုက်ပျိုးသည့်ရာသီတွင် ဝင်ရောက်ကူညီရန်ဖြစ်နိုင်သည်။ အလုပ်အများစုသည် နွေရာသီ ကျောင်းပိတ်ရက်များတွင် ရှိသည်။ နေ့စဉ်လုပ်ဆောင်နေရသည့် အလုပ်များမှာ တိရစ္ဆာန်များအား ဂရုစိုက်ခြင်း၊ ပဲများအား ပြန်ထုတ်ပိုးခြင်း၊ အစေ့များအား သယ်ယူခြင်းနှင့် မြေယာစီမံခန့်ခွဲခြင်းတို့ဖြစ်သည်။

အခြားနေရာဒေသများတွင် ကလေးများသည် အဓိကအားဖြင့် မြွေများ၊ တိရစ္ဆာန်များနှင့် ပိုးမွှားများအတွက် သောကများရသည်။ ကလေးအရေအတွက် ၉၃ ရာခိုင်နှုန်းသည် ၎င်းအကောင်များထဲမှ တစ်မျိုးကို အကြောက်ဆုံးဖြစ်သည်။ ကလေးများသည် ဖုန်ထူထပ်သည့် ခြောက်သွေ့သည့် လယ်ကွင်းပြင်များတွင် လုပ်ကိုင်ပါက အသားအရေယားယံခြင်းဖြစ်မည်ကို ကြောက်သည်။ ယေဘုယျအားဖြင့် ကလေးများသည် လုပ်ငန်းခွင်ရှိ ကြီးကြပ်သူများနှင့် အခြား လူကြီးများအား ကြောက်ရွံ့ခြင်းမရှိပေ။

ပုံ (၆၂) ယခင်နှစ် ပဲအမျိုးမျိုးစိုက်ပျိုးသည့်လုပ်ငန်းများ တွင် ကလေးများ ကြုံတွေ့ခဲ့ရသည့် အန္တရာယ်များ။ ပခုက္ကူမြို့နယ်

ကြုံတွေ့ရသည့်အန္တရာယ်များ	ကြုံတွေ့သည့်ကလေးအရေအတွက် %
ပိုးမွှားအကောင်များ	၆၅%
မြွေ	၇၄%
အခြားတိရစ္ဆာန်များ	၃၆%
ညစ်ညမ်းသည့်ရေ	၃၈%
အလွန်ပူပြင်းသည့်ရာသီဥတု	၈၅%
အလွန်အေးသည့်ရာသီဥတု	၈၃%
ပြင်းထန်သည့်လေ (သို့) မိုးရွာသွန်းမှု	၁၅%
လှိုင်းနှင့် ရေစီး သန်ခြင်း	၆၁%
နေရောင်အောက်မှာ ကြာမြင့်စွာလုပ်ဆောင်ရခြင်း	၁၇%
မီးလောင်ခြင်း - လယ်ကွင်းမီး (သို့) အခြားသူအတွက် မီးမွှေးပေးခြင်း	၂၇%
လေးလံသည့်အရာများသယ်ယူရခြင်း	၃၉%
ချော်လဲ (သို့) ပြုတ်ကျခြင်း	၄၄%
ဖုန်ထူခြင်း	၂၀%
ဓာတ်မြေဩဇာများ ပတ်ဖြန်းခြင်း	၁၁%

ပုံ (၆၁) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများ အဓိကကြောက်သည့်အရာများ။ပခုက္ကူမြို့နယ်



ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများအားလုံးသည် အန္တရာယ်များဖြင့် ကြုံတွေ့ရသည်။ ၎င်းတို့ကြုံတွေ့ရသည်များသည် စိုးရိမ်ရသည့် အန္တရာယ်များနှင့် ကွာခြားသည်။ ကလေးများသည် ပုံမှန်အားဖြင့် ပူပြင်းသည့် ရာသီဥတု၊ ဖုန်ထူထပ်ခြင်းနှင့် စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် တောင်ယာခုတ်မီးရှို့တို့ကို လုပ်ကိုင်ရသည်။ ကလေးအရေအတွက် အနည်းဆုံး ၁၁ရာခိုင်နှုန်းသည် ပိုးသတ်ဆေးများနှင့် ထိတွေ့လုပ်ကိုင်ဖူးသည်။ စိုက်ပျိုးရိတ်သိမ်းချိန်များတွင် အပူချိန် ၄၀ စင်တီဂရိတ် အထက် ရောက်သည့်အချိန်ဖြစ်သည်။ ကလေးများသည် ပုံမှန်အားဖြင့် နေ့စဉ် အနည်းဆုံး ၃ နာရီ လုပ်ကိုင်ရသည်။ နှစ်တစ်နှစ်၏ အလွန်ပူပြင်းသည့်နေ့များတွင် စုစုပေါင်းအလုပ်ချိန် နည်းပါးသည်။ အချို့ ပူပြင်းခြောက်သွေ့မှုလက္ခဏာများကို ဂရုမပြုမိသည့်ကလေးများအတွက် အလွန်အန္တရာယ်ရှိနိုင်သည်။ ကလေးများသည် ရေရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှုအပြင် အပူလှိုင်းကြောင့်လည်း အန္တရာယ်ရှိနိုင်သည်။ လူကြီးတစ်ဦးပင်လျင် နီးစပ်ရာ ဆေးပေးခန်းသို့သွားရောက်ရန်အတွက် အထူးသဖြင့် လယ်ကွင်းထဲတွင် နွားလှည်းဖြင့် သွားမည်ဆိုပါက နေးနိုင်သည်။ ယခုလေ့လာမှုပြုလုပ်သည့် ကာလတွင် ရွာအများစုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး ရေပုပ်များဖြစ်ကာ ခြင်များပေါက်ဖွားနေသည်။

ပုံ (၆၃) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် ကလေးများအသုံးပြုသည့် ပစ္စည်းများ။ ပခုက္ကူမြို့နယ်

ပစ္စည်းအမျိုးအစား	လုပ်ကိုင်သည့် ကလေးအရေအတွက်	ပြီးခဲ့သည့်ပဲအမျိုးမျိုးစိုက်ပျိုးရာတွင် အသုံးပြုခဲ့သည့် %
ပုဆိန် **	၁	၁%
လယ်ထွန်စက် **	၁	၁%
တံစဉ်၊ ဓား (သို့) တောခုတ်ဓား **	၆၅	၄၇%
ဂေါ်ပြား	၇၉	၅၈%
ပေါက်တူး	၂၆	၁၉%
အခြားစက်ပစ္စည်းနှင့် ကိရိယာများ	၃၇	၂၇%
အသုံးပြုခြင်းမရှိ	၅	၄%

** -အန္တရာယ်ရှိသည်ဟု ပြသထားခြင်းဖြစ်သည်။

ပုံ (၆၃)ပါဂင်သည့်ပစ္စည်းများအပြင် ကလေးများသည် ကတ်ကြေး၊ ကြိုး၊ ပုံး၊ လေးခွ၊ အလေးချိန်စက်များနှင့် အလေးတုံးများကို အသုံးပြုရသည်။ ကလေးများအသုံးပြုသည့်ဓားသည် လေးလံကာ အတော်အတန် ချွန်ထက်သည်။ ၎င်းအား အပင်ရိုးတံ၊ ပေါင်းပင်များခုတ်ထွင်ခြင်း၊ ကြီးထွားသန်မာနေသည့်ပေါင်းပင်များကို ခုတ်ထွင်ပြီးနွားအစာကြွေးခြင်းနှင့် မြေကြီးအပေါက်များတူးရန်(သို့) စားခွက်များပြုလုပ်သည်။ ကလေးများ အထူးသဖြင့် ငယ်ရွယ်သည့်ကလေးများသည် ဓားကိုင်တွယ်ရာတွင် ထိခိုက်မိသည်။ ခါးကြားထဲ အမြဲသွားလေရာယူဆောင်သွားသည့်အတွက် မတော်တဆမှု အသေးစားများဖြစ်သည့်တိုင် ကြီးမားသည့် ထိခိုက်မှုရရှိနိုင်သည်။

ပုံ (၆၄) ကလေးများသည် ပဲအမျိုးမျိုးစိုက်ပျိုးရန်နှင့် ရိတ်သိမ်းရာတွင် သာမန်အားဖြင့် အသုံးပြုသည့် ဓားသည် ချွန်ထက်ပြီး အရှည် ၈ လက်မ မှ ၁၀ လက်မ ရှိသည်။ ပခုက္ကူမြို့နယ်



ပဲအမျိုးမျိုးစိုက်ပျိုး ထုတ်လုပ်မှုလုပ်ကိုင်ရာတွင် ကလေးများသည် အောက်ဖော်ပြပါ ထိခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ပုံ (၆၅) ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ကလေးများ ထိခိုက်မှု အစီရင်ခံတင်ပြခြင်း။ ပခုက္ကူမြို့နယ်

ရွှေ့နာကိုယ်အစိတ်အပိုင်း	ကလေး အရေအတွက်	ထိခိုက်မှုအမျိုးအစားများ
ခေါင်း/လည်ပင်း/ မျက်နှာ ထိခိုက်ခြင်း	၁	ပခုက္ကူရှိကလေးတစ်ယောက်သည် ခေါင်းပေါ်တွင် ကြိုးများသည့် ထိခိုက်မှုဖြစ်ပွားခဲ့သည်။ ၎င်းဖြစ်ရပ်မှာ အခြားကလေးမှ နောက်ကလေးတစ်ဦးအား စိုက်ပျိုးမှုပြုလုပ်နေစဉ် အထက်ဖော်ပြပါဓားဖြင့် မတော်တဆ ထိခိုက်ခဲ့သည်။
လက်/ လက်ကောက်ဝတ်/ လက်မောင်း	၃၆	ခြစ်ရာ/ ရှရာ (သို့) အညိုအမည်းများဖြစ်ပေါ်ခြင်း။ ကလေးတစ်ဦးသည် လက်ကောက်ဝတ်အဆစ်များလည်ထွက်ကာ နောက်တစ်ဦးသည် မီးလောင် ဒဏ်ဖြစ်ဖူးသည်။
ခြေထောက်/ခြေဖဝါး/ ခြေဆစ်	၂၅	ခြေဖဝါးနှင့် ခြေဆစ်များတွင် အနာများ (သို့) အညိုအမည်းများ ဖြစ်ပေါ်ခြင်း။

ပုံ(၆၆) **ပဲအမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ကလေးများ ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည့် လုပ်ဆောင်မှုများ။ ပခုက္ကူမြို့နယ်**

ပဲအမျိုးမျိုးစိုက်ပျိုးမှုနှံ့ပတ်သက်သည့်လုပ်ဆောင်မှု (သို့) ထုတ်လုပ်ဆောင်ရွက်မှုများ	ထိခိုက်မှု %
စိုက်ပျိုးမည့်မြေအား ပြင်ဆင်ခြင်း - နွားချေးများ ဖြန့်ခြင်း၊ အမှိုက်များဖယ်ရှားခြင်း	၂၆%
အစေ့ပျိုးခြင်းနှင့် အပင်များစိုက်ခြင်း	၆%
အပင်များထိန်းသိမ်းခြင်း - အပင်အကိုင်းဖြတ်ခြင်း၊ ပေါင်းပင်နှုတ်ခြင်း၊ မြေဖို့ခြင်း	၃%
ပဲအမျိုးမျိုးအား ရိတ်သိမ်းခြင်း	၂၃%
ပဲအခွံခွာခြင်း (သို့) ကြိတ်ခြင်း	၂၅%
မီးရှို့ခြင်း (သို့) မီးဖောင့်ကြည့်ခြင်း	၂%
အခြား	၇%

ပစ္စည်းအသုံးပြုသည့်နေရာတွင် ကန့်သတ်ချက်နှင့် ရာသီအလိုက် သဘာဝပတ်ဝန်းကျင် အနေအထား တို့ကြောင့် အထက်ဖော်ပြပါပစ္စည်းများ အသုံးပြုရာတွင် ထိခိုက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်တူးအသုံးပြုခြင်း (သို့) အခြားပစ္စည်းဖြင့် မြေကြီးတူးဖော်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ရာ၌ ထိခိုက်မှုစာရင်းတွင် မပါဝင်သည့်လုပ်ငန်းများဖြစ်ကြောင်း ကလေးများ ထုတ်ဖော်ပြောကြားခဲ့သည်။

အန္တရာယ်လျော့ချနိုင်မှု

ကလေးအနည်းစုသာ အလုပ်လုပ်နေစဉ်တွင် အကာအကွယ်ဝတ်စုံနှင့် အခြားအကာအကွယ်ပစ္စည်းများကို အသုံးပြုသည်။ ကလေးအရေအတွက် ၈၄ ရာခိုင်နှုန်းသည် အလုပ်လုပ်နေစဉ် လက်ရှည်အင်္ကျီများကို လက်တိုအင်္ကျီများထက် ပိုမိုဝတ်ဆင်သည်။ ကလေးအရေအတွက် ၆၇ ရာခိုင်နှုန်းသည် ထဘီ/ပုဆိုးများ ဝတ်ဆင်ပြီး အချို့ကလေးများသည် ဘောင်းဘီ အတို/အရှည် ဝတ်ဆင်သည်။ ကလေးအများစု (၇၀ ရာခိုင်နှုန်း) သည် ခြေညှပ်ဖိနပ်များဝတ်ဆင်သည်။ ဒါသည် မြန်မာနိုင်ငံအနှံ့အပြားတွင် အားလုံးနည်းတူ ဝတ်ဆင်ခြင်းဖြစ်သည်။ အလွန်နည်းပါးသည့်ကလေးများ (၃ရာခိုင်နှုန်း)သာ လက်အိတ်များဝတ်ကြသည်။ ကလေး (၇၆ရာခိုင်နှုန်း) သည် အများအားဖြင့် နေရောင်ခြည်ကာကွယ်ရန် ဦးထုပ်များဆောင်းပြီး၊ ကလေး ၇ ရာခိုင်နှုန်း သည် နေရောင်ခြည်နှင့် ဖုန်များ ကာကွယ်နိုင်ရန် အချိန်တိုင်း မျက်နှာအကာများ ဝတ်ဆင်သည်။ ရိုးရှင်းသည့်အကာအကွယ် ပစ္စည်းများဖြစ်သည့် ဖုန်ကာမျက်နှာဖုံးများနှင့် လက်အိတ်များကြောင့် အင်္ဂေများ ရှူသွင်းမိခြင်းနှင့် သာမန် လက်မတော်တဆ ထိခိုက်မှုများကို နည်းပါးစေနိုင်သည်။ ပခုက္ကူ၏ ပူပြင်းသည့်ဒေသကြောင့် ကလေးများသည် အပူဒဏ်နှင့် နေရောင်ခြည်ကြောင့်ဖြစ်ပေါ်သည့် မတော်တဆမှု များအပြင် မိုးရာသီတွင် ရေကြီးမှုများကိုပါ ခံစားနေရသည်မှာ သေချာသည်။ မိုးကြိုးပစ်သည့် အန္တရာယ်နှင့်လည်း ကြုံတွေ့ရနိုင်သည်။

အလုပ်ချိန်များနှင့် အလုပ်အစီအစဉ်များ

ကြိုးကြပ်သူ	ရာခိုင်နှုန်း %
အခြားကလေး	၁၀%
မောင်နှမ	၃%
မိဘ	၅၇%
အခြားလူကြီး	၃၀%
မည်သူမျှမရှိ	၁%

မိသားစုလုပ်ငန်းများတွင် အဓိကအလုပ်များအပြင် ကလေး ၄၆ ရာခိုင်နှုန်း သည် ပြင်ပအလုပ်များ လုပ်ကိုင်ပြီး အပို၀င်ငွေ ရှာဖွေသည်။ ကလေးအရေအတွက် ၉၃ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ၃ နာရီအထက် မကြာခဏ (သို့) အမြဲတမ်း လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည်ကိုတွေ့ရသည်။ ယခုအခြေအနေတွင် သာမန်အားဖြင့် ကျောင်းပိတ်ရက်များတွင်ဖြစ်သည်။ အောင်လံတွင် ကြုံတွေ့ခဲ့ရသည့်နည်းတူ ကလေးများသည် တနေကုန် (သို့) နေ့တစ်ဝက် လုပ်အားခရသည်။ ကလေးတစ်ဦး၏ ပြောကြားချက်အရ တစ်နေ့တည်း ကျပ် ၄,၀၀၀ ရဖူးသည်ဟုပြောသည်။ သို့သော် အများစုသည် တစ်နေ့လုပ်အားခအဖြစ် ကျပ် ၂,၀၀၀၊ တစ်ခါတစ်ရံတွင် အနည်းဆုံး ကျပ် ၁,၀၀၀ သာရသည်။ နေ့တစ်ဝက်လုပ်သူများ၏ ဝင်ငွေရရှိမှုသည် တူညီခြင်းမရှိသည်ကို လေ့လာတွေ့ရှိသည်။ အချို့နေ့ဝက်လုပ်အားခအဖြစ် အနိမ့်ဆုံး ကျပ် ၅၀၀၊ အများဆုံး ကျပ် ၁,၅၀၀ရရှိသည်။ ယေဘုယျအားဖြင့် ကလေးများသည် နေ့ဝက်လုပ်ကိုင်ခြင်းသည် နံနက်မိုးလင်းချိန်မှ နေပူပြင်းသည့်အချိန် (သို့) မွန်းတည့်ချိန်နောက်ပိုင်းမှ ညအချိန်အထိဖြစ်သည်။ နေ့ဝက်အလုပ်ချိန်သည် ၅ နာရီကြာမြင့်သည်။



© ILO Photo / Jodelen Mitra




အဓိကလေ့လာတွေ့ရှိချက်များ - ကဏ္ဍခွဲ ၃ ခု နှင့်နှိုင်းယှဉ်ချက်များ

ကဏ္ဍခွဲ ၃ ခုအား လေ့လာခြင်းဖြင့် တူညီသည့်အရာများ၊ ကွဲပြားသည့်အရာများအပြင် ကျေးလက်ဒေသတွင် အလုပ် လုပ်ကိုင်နေသည့်ကလေးများနှင့် ပတ်သက်ပြီး ပိုမိုသိရှိလာနိုင်ခဲ့သည်။ ကဏ္ဍခွဲ ၃ ခုတွင် ဖြေကြားခဲ့သည့် ကလေးအရေအတွက် တူညီသည်။ ကြိုတင်စီစဉ်ထားခြင်း မဟုတ်ပါ။ သို့သော် ဖြေကြားခဲ့သည့် ကလေးအရေအတွက်သည် ကဏ္ဍတစ်ခုချင်းစီတွင် တူညီနေသည့်အတွက် အချို့နှိုင်းယှဉ်မှု များသည် အခြားကဏ္ဍများကိုလည်း သိမြင်နိုင်သည်။ မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများသည် မည်သည့်အန္တရာယ်များနှင့် ကြုံတွေ့နေရပါသနည်း။ ကလေးတစ်ယောက်သည် လုပ်ငန်းခွင်သို့ရောက်ရသည်မှာ မည်သည့်ကိစ္စကြောင့်ဖြစ်ရသနည်း။ ထို့အပြင် ထိခိုက်မှုပြင်းထန်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု၊ ပညာရေးသင်ယူခွင့်ဆုံးရှုံးမှုများသည် စိုက်ပျိုးရေးကဏ္ဍ လုပ်ငန်းခွင်များတွင် မည်မျှရှိနေသနည်း။

ပုံ (၆၇) လေ့လာခဲ့သည့်ကဏ္ဍခွဲ ၃ ခုလုံးရှိကလေးများ၏ အသက်အား ဇယားဖြင့် ခွဲခြားထားခြင်း။

ဖြေဆိုခဲ့သည့်ကလေးများ၏ အသက်	စုစုပေါင်း	နှစ်အလိုက်ဖြေကြားသည့်ကလေးဦးရေ %
၇-၉ နှစ်	၁၀၈	၁၆%
၁၀-၁၂ နှစ်	၁၉၂	၂၉%
၁၃-၁၅ နှစ်	၂၃၁	၃၅%
၁၆-၁၇ နှစ်	၁၃၆	၂၀%
စုစုပေါင်း	**၆၆၇**	**၁၀၀%**

ပုံ (၆၈) လေ့လာခဲ့သည့်ကဏ္ဍခွဲ ၃ ခုရှိ ကလေးများ၏ အသက်အား ဇယားဖြင့် ဖော်ပြထားခြင်း။




ကဏ္ဍခွဲ ၃ ခုရှိ တစ်ခုစီတွင် ကလေးအရေအတွက် ၆၃ ရာခိုင်နှုန်းသည် ရွာရှိ သက်ဆိုင်ရာ ကဏ္ဍခွဲနှင့် ဆက်စပ်နေသည့် အလုပ်များလုပ်ကိုင်သည်။ အံ့အားသင့်စွာဖြင့် အခြားအုပ်စုများတွင်လည်း ထိုကဲ့သို့ ကြုံတွေ့နေရသည်။ ယခုရွေးချယ်ခဲ့သည့်ကဏ္ဍခွဲများအား ၎င်းကဏ္ဍခွဲများတွင် မည်သည့်အတိုင်းအတာ ဖြင့်လုပ်ကိုင်နေသနည်းကို သိရှိနားလည်းထားခြင်းမရှိခြင်း (သို့) လေ့လာထားခြင်းမရှိခဲ့ပေ။ အဆိုပါ ၆၃ ရာခိုင်နှုန်း၏ ဖြစ်ပေါ်မှုများသည် အခြားစိုက်ပျိုးရေးကဏ္ဍခွဲများတွင်လည်း အလားတူကြီးမားသည့် အခြေအနေမျိုးရှိနေနိုင်သည်။ ရှင်းလင်းစွာဖော်ပြရမည်ဆိုလျှင် ယခုတွေ့ရှိချက်များသည် ကျေးလက် ဒေသတွင် နေထိုင်သည့်ကလေးများသာဖြစ်ပြီး၊ အခြားနေရာဒေသရှိ စိုက်ပျိုးရေးကဏ္ဍခွဲများတွင် ၎င်ရောက်လုပ်ကိုင်နေသည့် ကလေးများ၊ အခြားသူ အိမ်တွင် လုပ်ကိုင်နေထိုင်ရသည့် ကလေးများသည်လည်း ငါးလုပ်ငန်းများတွင် လေ့လာတွေ့ရှိခဲ့သည့် အတိုင်းဖြစ်နေနိုင်သည်။

ထို့အပြင် မှီခိုနေထိုင်သူအချို့အစားသည် ကဏ္ဍခွဲ ၃ခုစလုံးတွင် အကြမ်းအားဖြင့် ၅၀ ရာခိုင်နှုန်း ရှိနေသည်။ အဆိုပါရာခိုင်နှုန်းသည် ကလေးများအား လုပ်ငန်းခွင်ထဲသို့ ၎င်ရောက်စေသည့်အရာဟု မဆိုနိုင်ပေ။ ယခုလေ့လာမှုသည် မိသားစုဖွဲ့စည်းပုံအား လေ့လာခြင်းမရှိပေ။ အဓိကသည် ကျား၊ အသက်အရွယ်မရွေး ကလေးလုပ်သားများ မည်သည့်အတိုင်းအတာထိ လုပ်ကိုင်နေရပြီး မည်သည့်အန္တရာယ်မျိုးနှင့် ကြုံတွေ့နေရသနည်း အစရှိသည်ကို လေ့လာရန်ဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ ကလေးတစ်ယောက် သည် လုပ်ငန်းခွင်သို့၎င်ရောက်ရခြင်းမှာ မောင်နှမများ၏ အသက်အရွယ်ကြောင့် မဖြစ်နိုင်ကြောင်း၊ အစရှိသည်ကို အလုပ်လုပ်ကိုင်နေသည့် ကလေးအရေအတွက် ၆၃ ရာခိုင်နှုန်း ထံမှ လေ့လာတွေ့ ရှိချက်များက ဖော်ပြနေသည်။

ပုံ (၆၉) ကဏ္ဍခွဲအလိုက် အလုပ်လုပ်ကိုင်နေသည့် ကလေးအချို့အစားများ။


	ကဏ္ဍခွဲတွင် လုပ်ကိုင်နေသည့်အခြေအနေ			
	အမျိုးသား	အမျိုးသမီး	စုစုပေါင်း	မေးမြန်းခဲ့သည့်ကလေးအရေအတွက် %
ပဲအမျိုးမျိုးစိုက်ပျိုးရေး - လုပ်ကိုင်	၇၈	၅၉	၁၃၇	၂၁%
ကြံစိုက်ပျိုးရေး - လုပ်ကိုင်	၆၅	၇၆	၁၄၁	၂၁%
ငါးလုပ်ငန်းများ - လုပ်ကိုင်	၈၁	၆၂	၁၄၃	၂၁%
ကဏ္ဍခွဲများမှာ မလုပ်ကိုင်	၁၀၅	၁၄၁	၂၄၆	၃၇%
စုစုပေါင်း	**၃၂၉**	**၃၃၈**	**၆၆၇**	**၁၀၀%**

ပုံ (၇၀) လေ့လာခဲ့သည့် ကဏ္ဍခွဲ ၃ ခုမှာ လုပ်ကိုင်နေသည့် ကျေးလက်ဒေသရှိ ကလေးအရေအတွက် ရာခိုင်နှုန်း။



ပုံ (၇၁)တွင် ပြသထားသည့်အတိုင်း ကလေးအရေအတွက် ထက်၎က်နီးပါး ပုံမှန်လုပ်ကိုင်နေသူများသည် မိန်းကလေးများဖြစ်ပြီး၊ ယောကျ်ားလေးများသည် တစ်၎က်နီးပါးရှိသည်။ လုပ်ငန်းများအရ ကျား/မ

ပုံ (၇၁) ကဏ္ဍခွဲ ၃ ခုတွင် လိင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသည့် ကလေးအရေအတွက် %



အလိုက်လုပ်ဆောင်ရသည့် အလုပ်များကို လေ့လာတွေ့ရှိခဲ့ရပြီး တကယ်တမ်းတွင် စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသည့် ၎င်ငွေရအလုပ်အကိုင်များသည် ကလေးတစ်ယောက်၏ ကျား/မ ဖြစ်မှုပေါ် တွင် မမူတည်ပေ။ အောင်လံရှိ ကြံစိုက်ပျိုးရေးလုပ်ငန်း များတွင် တိုက်ရိုက်လုပ်ကိုင်နေသည့် မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် များပြားပြီး၊ မေးမြန်းခဲ့သည့်အချိန်တွင် မိန်းကလေးများသည် မိခင်များသာဖြစ်ပြီး၊ အိမ်ထောင်အား ဦးစီးနေရသူဖြစ်သည်ဟု သိရသည်။ ထို့အပြင် အသက်အရွယ်ကြီးသည့် မိန်းကလေးများသည် ပိုမိုကြီးမားသည့် တာ၀န်များရယူပြီး ၎င်ငွေပိုမိုရရှိအောင် လုပ်ဆောင်ကာ မိခင်များနှင့် ငယ်ရွယ်သည့် မောင်နှမများအတွက် လုပ်ကိုင်နေရသည်။ ၎င်းအခြေအနေ ဖြစ်ပေါ် ရသည့် အနေအထားများသည် ခိုင်လုံမှုမရှိပေ။ ပခုက္ကူရှိ ပဲအမျိုးမျိုးစိုက်ပျိုးရေးလု ပ်ငန်းတွင်မူ အထက်ပါဖော်ပြထားသည့်အတိုင်း ယောကျ်ားလေးအရေအတွက်သည် များပြားသော်လည်း လေ့လာသူများက နွားစာများကျွေးမွေးရန် အသီးများနှင့် ချိုပင်များ ခုတ်ထစ်နေသည့် မိန်းကလေးများအား စစ်တမ်းလေ့လာမှုပြုလုပ်ရာတွင် ဖြေကြားခဲ့ခြင်းမရှိပါ။ ၎င်းသည် မည်သည့်အလုပ်ကို မိန်းကလေး၊ ယောကျ်ားလေးကသာ လုပ်ကိုင်ရမည်ဆိုသည့် ပြတ်သားချက် (သို့) ထင်ထင်ရှားရှားမရှိကြောင်း စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေရသည့် အလုပ်များက ဖော်ပြနေသည်။

ပျံ့နှံ့မှု

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှ အချက်အလက်များသည် ကဏ္ဍခွဲတစ်ခုတွင် လုပ်ကိုင်နေသည့် ကလေးအလုပ် သမား၏ပျံ့နှံ့မှုတစ်ခုအား တွက်ချက်ခန့်မှန်းခြင်း (သို့) အတိအကျဖြန့်ဝေရန်အတွက် လုံလောက်မှုမရှိပါ။ ပေးထားသော ကဏ္ဍခွဲတစ်ခုလုံး၏ စုစုပေါင်း လုပ်သားအင်အားစုအား ခန့်မှန်းထားသည့် စိုက်ပျိုးရေး စစ်တမ်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စုများသည် မတူညီသည့် မြို့နယ် ၃ ခုမှဖြစ်ပြီး ကဏ္ဍခွဲတစ်ခုစီတွင် အဓိကထုတ်ကုန်တစ်မျိုးသာရှိသည်။ မြို့နယ်တစ်ခုသည် ကဏ္ဍခွဲတစ်ခုအား ကိုယ်စားပြုသည်ဆိုပါက ကလေးအလုပ်သမားနှင့် လူကြီးအလုပ်သမားဦးရေ အချိုးအစားအား လေ့လာကြည့်နိုင်သည်။ ဆိုလိုသည်မှာ လူကြီးတစ်ဦး အလုပ်လုပ်ကိုင်နေပါက ၄င်းမြို့နယ် (သို့) ကဏ္ဍခွဲတွင် ကလေးအရေအတွက်မည်မျှ လုပ်ကိုင်နေပါသနည်း။ တနည်းဖြင့် အလုပ်သမားအချိုးအဆအား ပြောရမည်ဆိုလျှင် ဥပမာအားဖြင့် ပဲအမျိုးမျိုးစိုက်ပျိုးသည့် ကျေးရွာအဆင့်တွင် ကလေးအလုပ်သမား မည်မျှလုပ်ကိုင်နေသနည်း။ ခန့်မှန်းခြေ ကလေးအလုပ်သမားများနှင့် လူကြီးအလုပ်သမားဦးရေ အချိုးအဆသည် ၀.၆၃ နီးပါးဖြစ်နိုင်သည်။ လေ့လာခဲ့သည့် ဒေသများတွင် မှီခိုနေသူသည် ထက်၀က်နီးပါးရှိပြီး အများစုသည် အိမ်ထောင်စု၀င် သက်ကြီးရွယ်အို များဖြစ်သည့်အတွက် မမှီခိုသည့်လူကြီးများ၊ အိမ်ထောင်စု ထက်၀က်နီးပါးသည်

စိုက်ပျိုးရေး ကဏ္ဍခွဲတွင် အလုပ်လုပ်ကိုင်နိုင်သည့် အနေအထားတွင် ရှိသည်ကိုတွေ့ရသည်။ ခန့်မှန်းခြေအရ အိမ်ထောင်စုရှိ လူဦးရေထက်ငါးပါးသည် အလုပ်လုပ်ကိုင်နိုင် သည့်လူကြီးအရွယ်ဖြစ်ပြီး ကျန်သည့်တစ်ဂက်သည် ကလေးများဖြစ်သည်။ ကဏ္ဍခွဲအားလုံးတွင် လုပ်ကိုင်နေသည့် ကလေး စုစုပေါင်း ၆၃ ရာခိုင်နှုန်း ရှိသည်။ စိုက်ပျိုးရေးနှင့် ကျေးရွာအဆင့် ထုတ်လုပ်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် လူကြီးလုပ်သားတစ်ဦးနှင့် ကလေးအလုပ်သမားဦးရေအချိုး ၁.၆၃ ဖြစ်သည်။ လမ်းညွှန်မှုပေးသည့် အချက်အလက်သာဖြစ်သည်။ ၄င်းအချက်အလက် လေ့လာထားသည့် ဒေသပြင်ပတွင်မှ ပြောင်းလဲနိုင်သည်။ သို့သော် ပြီးပြည့်စုံသော စိုက်ပျိုးရေးစစ်တမ်းများ ဆောင်ရွက်ပြီးသည့် တိုင်အောင် ဤလေ့လာမှုအား ကိုးကားရည်ညွှန်းချက်အနေဖြင့် အသုံးပြုနိုင်ပါသည်။


ကျောင်းတက်ခြင်းနှင့် စီးပွားရေးအလုပ်အကိုင်ကြား ဆက်နွယ်မှု

ကဏ္ဍခွဲ ၃ ခု ရှိ အတန်းပညာပြီးမြောက်အောင်မြင်မှု

လေ့လာမှုပြုလုပ်သည့်နေရာတွင် ကလေး (၈) ဦးသည် ကျောင်းတက်ရောက်ဖူးခြင်း မရှိပါ။ ကလေး ၄၈၅ ဦး (သို့) ၇၃.၆၅ရာခိုင်နှုန်းသည် ယခုနှစ်လေ့လာမှုပြုလုပ်သည့်အချိန်တွင် ကျောင်းတက်ရောက်ခဲ့သည်။ ၄င်းတို့ထဲမှ မိန်းကလေး ၇၂.၄ ရာခိုင်နှုန်း နှင့် ယောကျ်ားလေး ၇၄.၈ ရာခိုင်နှုန်း ကျောင်းတက်ခဲ့ပြီး - ကွာဟချက်မှာ ၂ ရာခိုင်နှုန်းသာရှိသည်။ ပြီးခဲ့သည့်နှစ်အတွင်း ကျောင်းပြောင်းချိန်တွင် ကျောင်းမတက်ခဲ့သူ အများဆုံးရှိသည်။ ထပ်မံ၍ ကလေးများ၏ အနာဂတ်အား ခန့်မှန်းနိုင်မည်မဟုတ်သည့်အတွက် ယခုလေ့လာတွေ့ရှိမှုသည် ကျောင်းထွက်နှုန်းဟု မဆိုနိုင်ပေ။ အတန်းပညာ ၁၀ တန်းရှိ ကျောင်းထွက်သူအချို့၏ အချက်အလက်အား ရယူနိုင်သည့်တိုင် ၄င်းလေ့လာတွေ့ရှိချက်များသည့် ပြီးပြည့်စုံပြီး လုံလောက်ခြင်းမရှိပေ။

ကြံခင်းစိုက်ပျိုးသည့် နေရာဒေသများတွင် နေထိုင်သည့်ကလေးများသည် အခြားလေ့လာမှုပြုလုပ်ထားသည့်နေရာများထက် ပုံမှန်ကျောင်းဆက်လက် တက်ရောက်ခြင်းမရှိသည့် အပြင်၊ ကျောင်းပိတ်ချိန် တွင် အများဆုံး ကျောင်းထွက်ဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။ ယခုလေ့လာတွေ့ရှိချက်တွင် အောင်လံရှိ ကျေးရွာများသည် အခြားနယ်မြေများ၌ လေ့လာခဲ့သည့် ကျောင်းများထက် အနိမ့်ဆုံး အလယ်တန်းကျောင်း များသို့ မည်မျှကွာဝေးစွာသွားရသည်ကို အပြန်အလှန်မေးမြန်းဖြေကြားမှု ပြုလုပ်ခဲ့ရာတွင် ခိုင်လုံသည့် သက်သေပြသနိုင်ခြင်း မရှိသည့်အတွက် အကွာအဝေးကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပေ။

ပုံ(၇၂) **ကဏ္ဍခွဲ ၃ ခုရှိ ကလေးများ အမြင့်ဆုံးအတန်း တက်ရောက်ခဲ့သည့် အခြေပြုဇယား။**



ပုံ (၇၃) **ကဏ္ဍခွဲ ၃ ခုရှိ ကလေးများ ကျောင်းတက်ရောက်မှုအခြေအနေ။**

ကျောင်းစောစောထွက်ခွဲခြင်း	ယခင်နှစ်ကျောင်းတက်ခွဲခြင်း
၂၆%	၇၄%

ရှင်းလင်းစွာသိရှိခဲ့သည်မှာ ၄င်းလေ့လာခဲ့သည့် နေရာဒေသများရှိ ကလေးများသည် ပညာသင်ယူရင်း အလုပ်လုပ်ကိုင်နေပြီး၊ အရွယ်ရောက်ချိန်တွင် ကျောင်းဆက်တက်ရန်ထက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အလုပ်များကို ပိုမိုလုပ်ကိုင်လာသည်ကို တွေ့ရသည်။ အလုပ်လုပ်သည့် ကျောင်းသားများသည် ပုံမှန်အတန်းတက်ရောက်ခြင်းနှင့် ပတ်သက်ပြီး သိသာစွာ ဆိုးကျိုးသက်ရောက်မှု မတွေ့ရပါ။ ကျောင်းသား အများစု (၉၀ရာခိုင်နှုန်း) သည် တစ်လလျှင် ကျောင်း ၁ရက်-၂ရက် စသည်ဖြင့်ပျက်ကွက်ရသည့် အကြောင်းပြချက်များရှိသည်။ အများစုသည် နာမကျန်းဖြစ်နေခြင်း/ ကျန်းမာရေး/ ထိခိုက်ခြင်းတို့ဖြစ်ပြီး ၄င်းတို့သည် လုပ်ကိုင်နေရင်း ဖြစ်ပေါ်လာနိုင်သည့်တိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု ကြောင့်ဟု တိုက်ရိုက်မပြောနိုင်ပေ။ ယောကျ်ားလေးများနှင့် နှိုင်းယှဉ်ကြည့်လျှင် မိန်းကလေးများသည် အိမ်အလုပ်များ လုပ်ကိုင်နေရသည့်အတွက်၊ ယောကျ်ားလေးများထက် အလုပ် ၂ ဆ ပိုလုပ်နေရသည့် အခြေအနေဖြစ်ပြီး ကျောင်းပျက်သည့် အဓိက အကြောင်းပြချက်ဖြစ်သည်။


ကျောင်းပျက်ကွက်သည်ထက် ပိုမိုသိသာသည်မှာ ကျောင်းထွက်ခြင်းဖြစ်သည်။ ဖြေဆိုသူကလေးဦးရေ ၂၆ ရာခိုင်နှုန်း ကျောင်းအထွက်စောသည်။[59] ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ကလေးများ (၄၇ ရာခိုင်နှုန်း)သည် ပြီးခဲ့သည့်နှစ်တွင် ကျောင်းတက်ရောက်ခြင်း မရှိခဲ့ကြောင်းသိရသည်။ ၄င်းသည် စိုးရိမ်စရာဖြစ်သည်။ ကဏ္ဍခွဲများအားလုံးတွင် လေ့လာမှုပြုလုပ်ရာတွင် တူညီမှုများရှိနေပြီး မြို့နယ် ၃ ခုကို လေ့လာမှုပြုလုပ်သည့်အခါတွင် ဦးတည်ပစ်မှတ်ထားသူများနှင့် နှိုင်းယှဉ်ထားသူများအကြားတွင် ကျောင်းထွက်မှုနှုန်း ပတ်သက်၍ စာရင်းအရအနည်းငယ် ကွာဟချက်ရှိသည်။ ဦးတည်ပစ်မှတ်ထားသူ များတွင် ကလေး ၂၉ ရာခိုင်နှုန်း သည် ကျောင်းထွက်စောခဲ့ပြီး၊ နှိုင်းယှဉ်ခံရသူများသည် ၁၁ရာခိုင်နှုန်း သာရှိသည်။ ၄င်းသည် အိမ်ထောင်စု၏ စီးပွားရေး အခြေအနေကွာဟမှု (သို့) ပညာရေးအဆင့်အတန်း ကွာဟချက်အပြင် ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်ရသောကြောင့် ၄င်းတို့ကြားတွင် ဆက်နွယ်မှုရှိနိုင်သည်။ အဆိုပါကျောင်းစောထွက်သည့် အချိုးအစားအား ကြည့်မည်ဆိုလျှင် ဦးတည်ပစ်မှတ်ထားသူနှင့် နှိုင်းယှဉ်ခံရ သည့်အုပ်စု၏ လေ့လာတွေ့ရှိချက်များသည် ၄င်းတို့ အုပ်စု (၂)ခုကြားတွင် ကြီးမားသည့်ကွာဟချက်နှင့် စိုက်ပျိုးမှုအခြေအနေ အလားအလာများကြောင့် ကျောင်းထွက်စောသည်ကို ပြသနေသည်။

ကလေးအရေအတွက် (၅၅ ရာခိုင်နှုန်း) သည် ကျောင်းစရိတ်မြင့်မားမှုကြောင့်နှင့် မိသားစုလုပ်ငန်းအတွက် (သို့) ၀င်ငွေရှာရန် (၃၇ ရာခိုင်နှုန်း) ကြောင့် ကျောင်းမှထွက်ရသည်ဟု သိရသည်။ လတ်တလော အဓိက အကြောင်းပြချက် ၂ ခုမှာ "၀င်ငွေရှာဖွေရန်/ မိသားစုအလုပ်လုပ်ကိုင်ရန်" "ထွက်ငွေ/ ကျောင်းစရိတ်" တို့ဖြစ်သည်။ ၄င်းတို့သည် အပြန်အလှန်ဆက်နွယ်နေသည်။ တည်ရှိသည့်နေရာဒေသ အနေအထားအရ မျှော်လင့်မထားသည့် အကြောင်းပြချက်များဖြစ်သည်။ ဦးတည်ပစ်မှတ်ထားသောအုပ်စုရှိ ကလေးအရေ အတွက် ၄၁ ရာခိုင်နှုန်းသည် "၀င်ငွေရှာဖွေရန်/ မိသားစုစီးပွားရေး" အတွက် ကျောင်းထွက်ရခြင်းကို အဓိက အကြောင်းပြချက်ပေးသည်။ နှိုင်းယှဉ်ခံရသောအုပ်စုရှိ ကလေး ၃၀ ရာခိုင်နှုန်းသည်လည်း ၄င်းအကြောင်း ပြချက်များပေးသည်။ သို့သော် ကလေး ၁၄ ရာခိုင်နှုန်းမှာ ကျောင်းတက်ရသည်ကို စိတ်မ၀င်စားခြင်း/ ပျင်းသည်ဟု အကြောင်းပြချက်ပေးသည့်အတွက် ပိုမိုထိရောက်မှုရှိသည့် လေ့လာသင်ယူမှုနည်းလမ်းများ စဉ်းစားရန်လိုသည်။ ကလေးအများစုသည် ၄င်းတို့ကိုယ်တိုင်ဆုံးဖြတ်သူများ ဖြစ်နေသည့်အတွက် ပိုမိုကောင်းမွန်သောရွေးချယ်မှု များ လုပ်ဆောင်နိုင်လျှင် ၄င်းတို့ဘ၀လမ်းကြောင်းအား စီမံခန့်ခွဲနိုင်မည် ဖြစ်သည်။ ကလေးများသည် ရွေးချယ်ခွင့်နည်းပါးသည့်အပြင် အခြားလုပ်ဆောင်နိုင်သည့် အလားအလာ များနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ရရှိခြင်းမရှိပေ။


ကလေးတစ်ယောက်၏ အကြောင်းအရာတစ်ခုပေါ် တွင် တွေးခေါ်မှုသည်လည်း ကန့်သတ်ချက်ရှိသည်။ ကလေးတစ်ယောက်အား သူ/ သူမက စီးပွားရေးမပြေလည်မှုကြောင့် ကျောင်းဆက်တက်ရန်မလိုကြောင်း ပြောကြားခံရမည်ဆိုလျှင် ၄င်း၏ စိတ်ပိုင်းဆိုင်ရာအား မှေးမှိန်စေသလို၊ အိမ်အတွက် တစ်ဖက်တစ်လမ်း ကနေ ငွေရေးကြေးရေးအရ ထောက်ပံ့နိုင်ပါက မိမိသ ည်မိသားစုအားပြန်လည်အလုပ်အကျွေးပြုနိုင်သည်ဟု သော ဂုဏ်ယူမှုမျိုးများလည်း ရှိနေသည်။ ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ ၃ ခုမှ ၂ ခုတွင် ပါ၀င်ဆွေးနွေးသူများက ယခုလေ့လာတွေ့ရှိချက်အပေါ် လက်ခံရန် ခက်ခဲနေသည်။ အဆိုပါ ဆွေးနွေးပွဲ လာရောက်သူများက ကလေးတစ်ယောက်၏ အတွေးအမြင်အယူအဆသည် အကြောင်းအရာတစ်ခုကြောင့် ဖြစ်သည်ဟု

59 မြန်မာနိုင်ငံ၏ ကျောင်းထွက်နှုန်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် စာရင်းထက် နည်းပါးသည်။ ၄င်းသည် နှိုင်းယှဉ်ခြင်းမဟုတ်ပဲ ကိုးကားရန်သာဖြစ်သည်။

ပုံ (၇၄) ကဏ္ဍခွဲများရှိကလေးများ ကျောင်းမတက်ဖြစ်သည့် အဓိက အကြောင်းပြချက်များ။



ပုံ (၇၅) ကဏ္ဍခွဲများအားလုံးရှိ အကြွေးတင်နေသည့် အိမ်ထောင်စုအရေအတွက်နှင့် အလုပ်လုပ်နေသည့် ကလေးများ ပတ်သက်မှုအရေအတွက်။[60]



60 ဇယားတွင် မြန်မာကျပ်ငွေဖြင့် အကြွေးတင်ရှိသည့်အရေအတွက်အား ဖော်ပြထားသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံသားများသည် ငွေနှံ့ပတ်သက်သည့် မေးခွန်းဖြေဆိုသည့်အခါတွင် ကျပ် ၁၀,၀၀၀ (သို့) ၁၀၀,၀၀၀ ဖြင့် ပုံမှန်ဖြေကြားသည်။ "Lakh" ဆိုသည်မှာ မြန်မာငွေကျပ် ၁၀၀,၀၀၀ အား ဓေါ်ဆိုခြင်းဖြစ်သည်။ အမေရိကန် ၁ ဒေါ်လာသည် မြန်မာငွေကျပ် ၁,၂၀၀ ဝန်းကျင်ခန့်ရှိသည်။ ထို့ကြောင့် ကဏ္ဍခွဲများအား "အမေရိကန်ဒေါ်လာ ၁၆၆ အထိ"၊ "အမေရိကန်ဒေါ်လာ ၁၆၇ မှ ၃၃၃ အထိ"၊ "အမေရိကန်ဒေါ်လာ ၃၃၃ မှ ၄၉၉" နှင့် "အမေရိကန်ဒေါ်လာ ၄၉၉ အထက်" ဟု ဖော်ပြခြင်းဖြစ်သည်။

တရားဝင်မယူဆသင့်ကြောင်း ယုံကြည်သည်။ ကလေးတစ်ယောက်၏ နားလည်ထားမှုသည် သူ/သူမ၏ ကျောင်းတက်ရမည့် အလားအလာတစ်ခုအတွက် ရည်မှန်းချက်တက်ရောက်ရခြင်းဖြစ်ပြီး ထိုတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုများကြောင့် ကျောင်းထွက်ရနိုင်သည်။ ပညာရေးဆိုင်ရာအခြေခံအဆောက် အအုံကန့်သတ်ချက်များရှိနေခြင်းသည်လည်း လူမှုရေးစိတ်ပညာရပ်ဆိုင်ရာ ပြောင်းလဲမှုများအား မရှင်းမလင်းဖြစ်စေသောအရာများလည်း ရှိနိုင်သည်။ ကလေးများသည် ရုပ်ပိုင်းဆိုင်ရာအရ ကျောင်းတက်ရောက်နိုင်ရန် အခွင့်အရေးရှိသည်။ သို့သော် ကိုယ်ပိုင်အယူအဆပေါ်တွင် ကန့်သတ်ချက်များရှိနေသည့်အတွက် ကျောင်းအခြေပြုပညာရေးစနစ်၏တန်ဖိုး (သို့) ကျောင်းတတ်ရန်အတွက် ခရီးစရိတ် ငွေသုံးစွဲမှုအခြေအနေများ ယခုလေ့လာမှုတွင် အတိအကျမေးမြန်းထားခြင်းမရှိပါ။

ကဏ္ဍခွဲ ၃ ခုရှိ ကလေး (၂၅ ရာခိုင်နှုန်း) သည် လုပ်ငန်းခွင်သို့ဝင်ရောက်ရခြင်းမှာ အကြွေးကြောင့်ဖြစ်သည်ဟု သိရသည်။ ၎င်းသည် ကလေးတစ်ယောက် ကျောင်းမတက်ရသည့် အကြောင်းအရင်းနှင့် ပတ်သက်ပြီး ဖြစ်နိုင်သည့် တုန့်ပြန်မှုမဟုတ်နိုင်ပါ။ ပုံ (၇၄) တွင် အိမ်ထောင်စုလိုက်အကြွေး အခြေအနေများကို ကလေးများ ကျောင်းတက်ရောက်မှု အခြေအနေနှင့် နှိုင်းယှဉ်ပြသထားသည်။ အကြွေးတင်နေသည့် အိမ်ထောင်စုများရှိ ကလေးအရေအတွက် ၂၅ ရာခိုင်နှုန်းသည် ယခုလေ့လာမှုပြုလုပ်သည့် အချိန်တွင် အားလုံးနီးပါး ကျောင်းတက်ရောက်မှုမရှိပဲ လက်ရှိရာခိုင်နှုန်းတူညီနေသည်။ လေ့လာမှုပြုလုပ်ခဲ့သည့် အိမ်ထောင်စု ၆၆၇ ခုတွင် အချို့အကြွေးတင်နေသည့် အိမ်ထောင်စုအရေအတွက် ၅၀၂ ခုရှိသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ယခုအခြေအနေတွင် အိမ်ထောင်စုတစ်စု၏ အကြွေးမြင့်တက်လာသည့်အချိန်တွင် ကလေးများကျောင်းထွက်သည့် အရေအတွက်သည် တိုးတက်လာခြင်းမရှိပါ။ အဆိုပါ အခြေအနေကို ကြည့်ခြင်းအားဖြင့် အကြွေးသည် ကလေးများအား လုပ်ငန်းခွင်သို့ တွန်းပို့သည့်အရာ ဖြစ်သည်ဟု မဆိုနိုင်သည့်အပြင် ကလေးတစ်ယောက် ကျောင်းတက်ရောက်နိုင်မှု မရှိခြင်းနှင့်လည်း တိုက်ရိုက်ဆက်နွယ်မှုမရှိပါ။ အကယ်၍ ဆင်းရဲမှုအဖြစ် အကြွေးကို သတ်မှတ်မည်ဆိုလျှင် ထိုဒေသတွင် ဆင်းရဲခြင်းသည် ကလေးများအား ကျောင်းမှ ထွက်စေသည့်အကြောင်းအရာ မဟုတ်ကြောင်း ဆိုနိုင်သည်။ ယခုလေ့လာမှုစစ်တမ်းကောက်ယူချိန်တွင် အကြွေးတင်နေသည့် အိမ်ထောင်စုများရှိ အလုပ်လုပ်ကိုင်နေ သည့် ကလေးအရေအတွက် ၇၅ ရာခိုင်နှုန်း သည် ကျောင်းတက်နေသည်။

ကဏ္ဍခွဲ ၃ ခု၏ တစ်ခုချင်းစီအလိုက် အန္တရာယ်များ - စိုးရိမ်မှုနှင့် ပြင်းထန်သော ရာသီဥတုဒဏ်ခံရခြင်း

ပုံ (၇၆) ကဏ္ဍခွဲများရှိ ကလေးများအား လုပ်ငန်းခွင်အန္တရာယ်နဲ့ ပတ်သက်ပြီး ၎င်းတို့မြင်သည့် အယူအဆအား အသက်အရွယ်လိုက် ဖော်ပြခြင်း။

သင့်အလုပ်သည် အန္တရာယ်ရှိပါသလား။				
အသက်အရွယ် (နှစ်)	၇ မှ ၁၀	၁၁ မှ ၁၄	၁၅ မှ ၁၇	အသက်အရွယ်အားလုံး
အတည်ပြုသူအရေအတွက်	၄၈%	၅၉%	၇၅%	၆၄%

မေးမြန်းခဲ့သည့် ကလေးအရေအတွက် အားလုံး၏ ၆၃ရာခိုင်နှုန်း သည် ၎င်းတို့လုပ်ကိုင်သည့်အလုပ်အား အန္တရာယ်ရှိသည်ဟု မြင်သည်။ အန္တရာယ်ရှိသည်ဟု ယူဆချက်သည်လည်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ မြင့်လာသည်။ ၎င်းသည် ကလေးများ ရင့်ကျက်လာသည်နှင့် အမျှ လုပ်ရသောအလုပ်များ ပိုမိုလုပ်ကိုင်လာရကာ အလုပ်များသည် မည်မျှအန္တရာယ်ရှိသည်ဆိုသည်အား စဉ်းစားတွေးခေါ် လာတတ်မှု ဖြစ်နိုင်သည့်အပြင် အတွေ့အကြုံများ (သို့) ထိခိုက်မှုများအား မြင်တွေ့ဖူးပြီး ဖြစ်နိုင်သည်။ ငယ်ရွယ်သည့် ကလေးများအတွက် အန္တရာယ်များအား လက်ခံလုပ်ဆောင်နေရမည်ဆိုလျှင် ၎င်းတို့အပေါ်တွင် အဆိုးဘက်သို့ဦးတည်သော စိတ်ပိုင်းဆိုင်ရာအခြေအနေများနှင့် စိတ်ခံစားမှုများဖြစ်စေနိုင်သည်။

အန္တရာယ်များအား ကြောက်ရွံ့မှုများသည်လည်းရှိနေသည်။ လေ့လာမှုပြုလုပ်ထားသည့် ကလေးတစ်ဦးစီသည် ပြီးခဲ့သည့်နှစ်တွင် စိုက်ပျိုးရေးကဏ္ဍခွဲနှင့် ပတ်သက်သည့်အလုပ်များ လုပ်ဆောင်နေစဉ် အန္တရာယ်ရှိသည့် အနေအထားတစ်ခုထက် ပိုမိုကြုံတွေ့ခဲ့ရသည်။ ကလေးများသည် ပြင်းထန်သည့် ရာသီဥတုအခြေအနေများ၊ မြွေများနှင့် ပိုးမွှားများ ကြုံတွေ့ခဲ့သည်။ လေးလံသည့်အရာများ သယ်ယူရသည်။ အချို့သည် ဓာတ်မြေဩဇာ (သို့) ပိုးသတ်ဆေးများ ဖြန်းခဲ့သည်။ ကဏ္ဍခွဲ ၃ ခု၌ ကလေးများ လုပ်ဆောင်နေစဉ် ဖော်ပြထားသည့် သာမန်အန္တရာယ်များအား ကလေးထက်ဝက်ခန့် ကြုံတွေ့ခဲ့ရသည်။ ငယ်ရွယ်သည့်ကလေးများသည် ငါးလုပ်ငန်းများတွင် အန္တရာယ်ရှိသည့် ရေစီးများနှင့်ကြုံတွေ့ရသည်၊ လှေများအား နေရာရွှေ့ခြင်း၊ တစ်ခါတစ်ရံ ညနက်ဘက် ဒီရေတက်ချိန်တွင် လှေများကို ရွှေ့ရခြင်းအပြင်၊ သစ်သားလှေများပေါ်တွင် ငါးများတံများဖြင့် ငါးဖမ်းခြင်းနှင့် မြွေများကို ပုံမှန်ကြုံတွေ့ရသည်။

ယေဘုယျအားဖြင့် ကလေးများသည် အခြေခံပစ္စည်းကိရိယာများဖြင့် လုပ်ကိုင်ရသည်။ ငါးဖမ်းသည့် ကလေးအများစုသည် ငါးဖမ်းထောင်ချောက်များနှင့် ချိတ်များအသုံးပြုကြသည်။ ကဏ္ဍခွဲ ၃ ခုလုံးတွင် လုပ်ကိုင်နေသည့် ကလေးများသည် ဓားများ၊ တံစဉ်များ (သို့) တောခုတ်ဓားများကို အသုံးပြုသည်။

